
www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဂမ္ဘီရဆန်းကြယ် စာရေးဆရာ **တိက္ကမ** ၏ ကလောင်ခွဲ

# ကိတ္တိမ

# ကံကြမ္မာနတ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၁၁၁၀၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၁၃၇၇၁၁၁ |
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဖေဖော်ဝါရီလ၊ ၂၀၁၂ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | ရှုနော် |
| အဖုံးဖလင် | – | KABAOO |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် မျက်နှာဖုံးပုံနှိပ် | – | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) ဝင်းတိုးအောင်ပုံနှိပ်တိုက် အမှတ် ၁၈၁၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဒေါ်ခင်မာချို ပန်းဝေဝေစာပေ (မြဲ-၀၃၇၃၈) အမှတ် ၃၆၀ ၊ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ကိတ္တိမ

ကံကြမ္မာနတ်ဆိုး / ကိတ္တိမ – ရန်ကုန်။

ပန်းဝေဝေစာပေ၊ ၂၀၁၂။

၂၃၀ – စာ။ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ


ငွေပလားကြီးနှင့် ပြင်ဆင်ထားသော အလှပန်းများ အပေါ် ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော၊ လိပ်ပြာပြုပြုလေးတစ်ကောင် ဝင်လာနားလိုက်သဖြင့် တွယ်တာ စိတ်အနှောက်အယှက်ဖြစ်သွားပြီး ထိုလိပ်ပြာကို ခြောက်လှန့်မောင်းထုတ်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

♫ အခါတော်ပေးတာက . . . နတ်ရေးငယ် ရွှေစာ . . . သာသနာရောင်လင်း၊ ကောင်းခြင်း . . . တည့် ခုသည်ချိန် . . . ခါ . . . ♫

မင်္ဂလာအချိန်ကျပြီဖြစ်၍ အခါတော်ပေးသည့် တေးသံသာက ဆွတ်ပျံ့ကြည်နူးဖွယ်ရာ ထွက်ပေါ်လာ၏။ ဟိုတယ်မင်္ဂလာခန်းမအတွင်းရှိ လူများထဲမှ သူနှင့်သီဟနိုင်တို့ နှစ်ယောက်တည်းနှင့်သာ သက်ဆိုင်သည့် ဒီသီချင်းသံကို အခုလို နားဆင်နိုင်ဖို့ စောင့်မျှော်ခဲ့ရသော ရက်လနှစ်ပေါင်းကလည်း အသင်္ချေ၊ အသင်္ချေမက ကြာညောင်းခဲ့သည် မဟုတ်လား။ အခုတော့ မျှော်လင့်တောင့်တထားခဲ့သမျှ အားလုံးအဆင်ပြေပြီးမြောက်ခဲ့ရပြီ။





တွယ်တာက သီဟနိုင်၏ ဘယ်လက်မောင်းကိုတွဲချိတ်၍၊ ရင်ဖိုလှိုက်မောကြည်နူးခြင်းများနှင့် ဖြည်းဖြည်းညင်သာ လျှောက်လှမ်းလာခဲ့၏။ သူ အဟိုဖော်ဝင်စ,ဟာလကပင် တိတ်တခိုး စွဲလမ်းခဲ့ရသော သီဟနိုင်၏အချစ်များကို သိမ်းပိုက်ပြီး ယခုလို မင်္ဂလာဆောင်ခွင့်ရသည့်အတွက် ပြောမပြတတ်လောက်အောင်ပင် ဝမ်းသာရွှင်ပျနေမိသည်။ သီဟနိုင်ကကော . . .။ သူ့မျက်နှာသည်လည်း ပီတိနှင့် ရွှန်းအိကာ ကျေနပ်မှုတို့နှင့် အပြုံးပန်းဝေလျက်ရှိသည်။ သီဟနိုင်ပြုံးပျော်နေတာတွေ့တော့ တွယ်တာပို၍ လန်းဆန်းသွားရသည်။

ရှေ့ဆုံးမှ ဆယ်နှစ်သမီးလေးနှစ်ယောက် ကြဲသွားသည့် ပန်းခင်းလမ်းပေါ်၊ သီဟနိုင်နှင့်အတူ တွဲလျှောက်လာရသည့် အရသာကို တွယ်တာ နှစ်ထောင်းအားရခံစားနေမိ၏။ ကင်မရာဆရာနှင့် ဗီဒီယိုဆရာတို့ကလည်း ရှေ့မှကြိုတင်စောင့်ဆိုင်းကာ တဖြုတ်ဖြုတ်နှင့် ထောင့်စိအောင် ရိုက်ကူးနေကြသည်။

စင်မြင့်ထက်မှ ကတ္တီပါသားနီညိုရောင် ကန့်လန့်ကာကြီးတွင် ချိတ်ဆွဲထားသည့် မောင်သီဟနိုင်နှင့် မတွယ်တာတိုးတို့၏ မင်္ဂလာဧည့်ခံပွဲဟူသော စာလုံးများကလည်း ကျက်သရေရှိစွာ လှပနေလေ၏။ တွယ်တာနှင့် သီဟနိုင်တို့ မင်္ဂလာစင်မြင့်ထက်မှ ဆက်တီများတွင် နေရာယူလိုက်ကြသည်။

ဘိသိက်ဆရာက သူ့တာဝန်အတိုင်း ရှေ့ဖတ်ကာ ချီး



www.burmeseclassic.com

www.burmeseclassic.com



မြှောက်နေ၏။ တွယ်တာက ထိုဘိသိက်သွန်းမှုကို စိတ်မဝင်စား အား . . .။ သူတို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြသော ဧည့်ပရိသတ်များကို အပေါ်စီးမှ ပြန်ကြည့်ရင်း အတိုင်းမသိ ပီတိဖြစ်နေ၏။ ထိုသို့ကြည့်နေရင်းမှ မေမေ့ကို သတိရပြီး တွယ်တာမျက်စိကစားကာ လိုက်ရှာမိသည်။

ရှေ့ဆုံးတန်း အစွန်စားပွဲတွင် တစ်ယောက်ထဲထိုင်ကာ သူမကိုလှမ်းငေးနေသည့် မေမေဒေါ်သီတာတိုးကို တွေ့ရ၏။ အဖော်မဲ့နေသော မေမေ့ကိုကြည့်ကာ သူမ,သနားသွားသည်။ သို့သော် ဘာမှမတတ်နိုင်တော့ . . .။ တွယ်တာတို့က နယ်မြို့မှဖြစ်ပြီး မင်္ဂလာဧည့်ခံပွဲက ရန်ကုန်မှာ ကျင်းပသည်မို့ သတို့သမီးဘက်မှ ဧည့်သည်မိတ်သင်္ဂဟက သူငယ်ချင်းအပေါင်းအသင်းဆယ်ယောက်လောက်သာ ရှိနေသည်။ ထိုသူငယ်ချင်းများနှင့်လည်း မရင်းနှီးသဖြင့် မေမေအဖော်မဲ့နေခြင်း ဖြစ်သည်။

စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ခြင်းမင်္ဂလာ အထမြောက်သွားသောအခါ ဧည့်ပရိသတ်ကို နှုတ်ဆက်ရန် မင်္ဂလာမောင်နှံစင်မြင့်ထက်မှ ပြန်ဆင်းခဲ့ကြသည်။ စားပွဲဝိုင်းများ တစ်ဝိုင်းပြီးတစ်ဝိုင်းကူးကာ သိသူကော၊ မသိသူများကိုပါ နှုတ်ဆက်စကား၊ ကျေးဇူးစကား ပြောကြရသည်။

သီဟနိုင်က အောင်မြင်သော ပန်းချီဆရာတစ်ယောက်ဖြစ်၍ အနုပညာနှင့် စာပေအသိုင်းအဝိုင်းမှ ပရိသတ်အတော်များ





သည်။ တွယ်တာ့မှာတော့ ကျောင်းနေဖက် သူငယ်ချင်းနှင့် အလှပြင်ဆိုင် အသိုင်းအဝိုင်းမှ မိတ်ဆွေအနည်းစုသာ လာရောက်ချီးမြှင့်ကြ၏။

နှစ်ဖက်အသိုင်းအဝိုင်း အခြေအနေက ချမ်းသာကြွယ်ဝကြသော်လည်း သူ့ဘက်မှ ဧည့်ပရိသတ်နှင့် ဆွေမျိုးမိတ်သင်္ဂဟနည်းသည့်အတွက် တွယ်တာမျက်နှာငယ်သလို ဖြစ်ရသည်။ သို့သော် သီဟနိုင်ကို ပိုင်ဆိုင်ခွင့်ရသည့် အချက်တစ်ခုတည်းနှင့် အရာရာကို သူမေ့ပစ်လိုက်နိုင်သည်။ ပါးတွေ ညောင်းလာသည်အထိ ပြုံးပြနှုတ်ဆက်အပြီးမှာ မိသားစုဓါတ်ပုံရိုက်ရအောင်ဟု ဓါတ်ပုံနှင့် ဗီဒီယိုသမားများက တိုက်တွန်းကြသည်။

သီဟနိုင်က သူ့မိဘနှစ်ပါးကို သွားခေါ်စဉ် တွယ်တာမေမေ့စားပွဲဆီသို့ လျှောက်လာခဲ့၏။ မေမေက ခပ်ယဲ့ယဲ့ နွမ်းဖတ်ဖတ် အပြုံးနှင့် ကြိုသည်။ တွယ်တာက အနီးအနားကို အကဲခတ်လိုက်ပြီး တီးတိုးလေသံနှင့် . . .

"သမီးရဲ့မင်္ဂလာပွဲမှာ ရွှင်ရွှင်လန်းလန်းနဲ့ အသက်ပါပါပြုံးပြီး နေပေးပါလား မေမေရယ်"

"ဟင် . . . ဩော် . . . အင်း . . . အင်း . . . မေမေလည်း ပျော်နေတာပါပဲ သမီးရယ်"

"မဟုတ်ပါဘူး၊ မေမေ တကယ်မပြုံးဘူး၊ ဘာကိုစိုးရိမ်နေတာလဲ မေမေ၊ အခမ်းအနားပဲ အောင်အောင်မြင်မြင်နဲ့ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မယ့်ဟာကို . . .”

“အေးပါ သမီးရယ်၊ မေမေ ကြိုးစားပါ့မယ်”

“ဒါဆို ထ၊ နှစ်ဖက်မိဘ အစုံအညီနဲ့ ဓါတ်ပုံရိုက်ရအောင်”

တွယ်တာက မေမေ့ကို ဆွဲခေါ်လာခဲ့၏။ သီဟနိုင်နှင့် သူ့မိဘများလည်း စင်မြင့်ထက်ဆက်တီများတွင် နေရာယူနေကြပြီ။ တွယ်တာနှင့် မေမေ့ကို သီဟနိုင်က ကြိုဆိုနေရာပေး၏။

“လာ . . . အမေ၊ တွယ်တာ့ဘေးမှာ ကပ်ထိုင်နော်”

အားလုံးအဆင်သင့်ဖြစ်ကြသောအခါ ကင်မရာဆရာတို့ ပြင်ဆင်ကြသည်။ ဓါတ်ပုံအမျိုးမျိုး ရိုက်ကြ၏။ ထိုအခိုက် ငွေဖလားကြီးနှင့် ပြင်ဆင်ထားသော စားပွဲတင်အလှပန်းများပေါ် ဘယ်က ဘယ်လိုရောက်လာမှန်းမသိသော လိပ်ပြာဖြူဖြူလေးတစ်ကောင် ဝင်လာနားလိုက်သဖြင့် တွယ်တာ စိတ်အနှောက်အယှက်ဖြစ်သွားပြီး ထိုလိပ်ပြာကို ခြောက်လှန့်မောင်းထုတ်သည်။ သို့သော် လိပ်ပြာက ပျံမသွား။

“ထားလိုက်ပါ တွယ်တာရယ်၊ ပန်းနဲ့လိပ်ပြာတွဲနေတာ သဘာဝမဟုတ်လား၊ မင်္ဂလာပွဲမှာ ပိုပြီးမင်္ဂလာရှိတာပေါ့”

သီဟနိုင်က ပြုံးပြုံးရွှင်ရွှင်နှင့်ပြောကာ တားနေသဖြင့် တွယ်တာ ဆက်ပြီး မောင်းထုတ်ခွင့်မရတော့။ စိတ်ထဲမှာတော့ ထိုလိပ်ပြာနှင့်ပတ်သက်၍ စိတ်စနောင့်စနင်း ဖြစ်သွားခဲ့သည်။ ဓါတ်ပုံဆရာများကလည်း အတောမသတ်နိုင်အောင် ရိုက်နေကြ





ဆဲ။

ကင်မရာဖလက်(ရှ်)ဂန်းမှ မီးရောင်တဖြတ်ဖြတ်လက်နေတာကြောင့်လားတော့ မသိ။ ပန်းပေါ် နားနေသော လိပ်ပြာလေး ထပျံသွား၏။ တွယ်တာလည်း ကျေနပ်သွားသည်။ မိသားစုပုံများ ရိုက်ပြီးသွားသောအခါ ထုံးတမ်းစဉ်လာအတိုင်း သတို့သား၊ သတို့သမီး အပြန်အလှန် ရေခဲမုန့်ခွံ့ကျွေးကြပုံကို ရိုက်ဖို့ပြင်ဆင်ကြသည်။

ဦးစွာ သီဟနိုင်က တွယ်တာ့ကို ခွံ့ကျွေး၏။ မီးများ တဖြတ်ဖြတ် လင်းလက်သွားသည်။ ပြီးတော့ တွယ်တာ့အလှည့်။ တွယ်တာ ရေခဲမုန့်ခပ်ယူ၍ သီဟနိုင်ကို ခွံ့ဖို့ လက်လှမ်းစဉ်မှာပင် ထိုရေခဲမုန့်ဇွန်းပေါ်သို့ စောစောက လိပ်ပြာဖြူဖြူလေး လာနားပြန်သည်။ တွယ်တာ အံ့ဩနေခိုက် သီဟနိုင်က . . .

“တွယ်တာ . . . မလှုပ်နဲ့နော် . . မလှုပ်နဲ့၊ ဓါတ်ပုံဆရာ . . . အဲဒီပုံရအောင်ရိုက်၊ လိပ်ပြာလေး ပါပစေနော်”

မီးများ တဖြတ်ဖြတ် လင်းလက်သွားပြန်၏။ လိပ်ပြာလေး ထပျံကာ သီဟနိုင်ပခုံးတွင် နားနေပြန်သည်။ တွယ်တာ ကျွဲမြီးတို သွားရပြီ။

“အဲဒီလိပ်ပြာက အမပဲ ဖြစ်ရမယ် ကိုကို”

“ဟား . . . ဟား . . . ဟား . . . တွယ်တာကလည်း ပေါက်ပေါက်ရှာရှာကွာ”



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်လေ၊ သူများ မင်္ဂလာဆောင်လာပြီး သူက ဦးဦးဖျားဖျား သတို့သားပေါ် လာနားရတယ်လို့”

“တွယ်တာ အရင်မနားရလို့ လိပ်ပြာလေးကို မနာလိုဖြစ်နေပြီပေါ့ . . . ဟုတ်လား”

“ဟုတ်တယ် . . . ဟုတ်တယ်၊ တွယ်တာက ကိုကိုနဲ့ပတ်သက်လာရင် လူမပြောနဲ့ လိပ်ပြာကိုတောင် သဝန်တိုတယ် . . . သိလား”

တွယ်တာ၏ကလေးဆန်ဆန် သဝန်တိုမှုကို သီဟနိုင်က ကျေနပ်စွာ ခံယူရင်း . . .

“ကဲပါ . . . နောက်မှ သဝန်တို၊ ခု ရေခဲမုန့်ခွဲ ဦး၊ ဓါတ်ပုံ မရိုက်ရသေးဘူး”

သီဟနိုင်အား ရေခဲမုန့်ခွဲ ကျွေးသည့်ပုံကိုလည်း ဓါတ်ပုံဆရာက အမိအရ ရိုက်ယူ၏။ လိပ်ပြာလေးက ကိုကို့ပခုံးပေါ်မှာ . . . ။ ဧည့်သည်များလည်း တဖွဲဖွဲပြန်ကုန်ကြသဖြင့် နှစ်ဖက်ဆွေမျိုးနှင့် အရင်းဆုံးသူငယ်ချင်းများသာ ကျန်ခဲ့တော့သည်။

သူငယ်ချင်းများနှင့် အမှတ်တရ ဓါတ်ပုံရိုက်ပြီးသောအခါ ဟိုတယ်ဝန်ထမ်းတစ်ယောက် ရောက်လာကာ၊ မင်္ဂလာမောင်နှံ တစ်ညတာ တည်းခိုဖို့ လက်ဖွဲ့သဘောမျိုးနှင့် အခန်းသော့ လာပေး၏။ ဒါကို လက်မြန်သော သီဟနိုင်၏သူငယ်ချင်းတစ်ယောက်က ဖြတ်ခနဲ လုယူသွားသည်။





“ဟဲ . . . ဟဲ . . . မင်္ဂလာအခန်းဝင်ဖို့ ကြိုးတားရမယ် လာကြဟေ့”

ထိုသူငယ်ချင်းက လော်ဆော်လိုက်သဖြင့် စိတ်တူကိုယ်တူ သူငယ်ချင်းများ ပြေးထွက်သွားကြ၏။ သီဟနိုင်နှင့် တွယ်တာတို့ ဘာမှမတတ်နိုင်ဘဲ ပြုံးဖြဖြနှင့်သာ ကျန်ရစ်ခဲ့ကြသည်။

မိဘဆွေမျိုးများနှင့်အတူ ဟိုတယ်တတိယထပ်၊ အခန်းနံပါတ် ၃၀၁ ဆီသို့ တွယ်တာတို့ တက်လာကြ၏။ တွယ်တာတို့ အခန်းတံခါးက ပွင့်လျက်သား။ ဆွဲကြိုးကိုယ်စီနှင့် ကြိုးတားဖို့ ဟန်ပြင်နေကြသော သူငယ်ချင်းများက အခန်းအပြင်တံခါးဝမှ ပိတ်စောင့်နေသည်။ သီဟနှင့်တွယ်တာ အဆင်သင့်လုပ်ထားခဲ့သော ငွေသုံးသောင်းစီပါသည့် စာအိတ်တစ်အိတ်စီ ကမ်းပေးမှ ရွှေဆွဲကြိုးတံခါးများ တစ်ဆင့်ပြီးတစ်ဆင့် ပွင့်သွား၏။

သီဟနှင့် တွယ်တာ ထိုအခါမှ အခန်းထဲ ဝင်ခွင့်ရသည်။ အရင်ဆုံးမိဘများကို မောင်နှံစုံကန်တော့ကြ၏။ ထို့နောက်မှာတော့ သူငယ်ချင်းများ၏ နောက်ပြောင်စကားများကို အလူးအလဲ ခံစားရတော့သည်။ မိဘများပင် နှုတ်ဆက်ပြီး ရှောင်ထွက်သွားကြ၏။

“သူငယ်ချင်း သီဟ၊ ဒီမှာ မင်းတို့နှစ်ယောက်ထဲနေလို့ ဖြစ်ပါ့မလား၊ ငါတို့စောင့်အိပ်ပေးမယ်လေ၊ ဒီမှာ သရဲတွေဘာတွေ ရှိချင်ရှိမှာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . ရတယ် အောင်နိုင်မော်၊ ဘာမှ မပူနဲ့၊ ငါတို့ မကြောက်တတ်ဘူး၊ သရဲမကလို့ တစ္ဆေတွေ သဘက်တွေ သွေးစုတ်ဖုတ်ကောင်တွေ ရှိရင်တောင် မကြောက်ဘူး၊ မင်းတို့သာ မြန်မြန်ပြန် . . ."

"ဟား . . . ဟား . . . ဟား . . . ဟား"

အောင်နိုင်မော်ပြီးတော့ ကိုကျော်က တစ်ခန်းလုံးကို ဝေ့ကြည့်ရင်း . . .

"အင်း . . . တီဗီကော စလောင်းချယ်နယ်တွေကောဆိုတော့ ညဘက် ဟိုဟာတွေဘာတွေ ဖမ်းကြည့်လို့ရတာပေါ့"

"ကိုကျော် . . . ဖေါင်းဘောတွေ စွတ်ကန်မနေနဲ့နော်၊ နှစ်ဝါတစ်နီဖြစ်ပြီး ထွက်သွားရမယ်"

"ဟ . . . ဘာလဲ၊ ငါက ရိုးရိုးသားသားနဲ့ ဘောပွဲကြည့်လို့ရတယ် ပြောတာ၊ ဘောပွဲဆိုမှတော့ အဝါတွေ အနီတွေ ပါမှာပဲပေါ့ဟ၊ ဘာလဲကွာ . . . သူ့ဟာသူ အိုးမလုံ စလောင်းပွင့်နေပြီးတော့ . . ."

"ဟား . . . ဟား . . . ဟား . . . ဟား"

ဒါနှင့်လည်း မပြီးသေး။ ထွန်းဝေက ဖေါက်လာပြန်သည်။

"သီဟ . . . လျက်ဆားလေးဘာလေး မပါဘူးလား"

ဘာကို ဘယ်လိုတိုက်စစ်ဆင်လာမှန်း မသိသေးသဖြင့် သီဟက အူကြောင်ကြောင် ပြန်မေးမိသည်။





"ဘာလျက်ဆားလဲကွ"

"ဟိုလေ . . . မြဟသ်ာဆိုလား၊ ဆာဒူးကြီးဆိုလား"

ဒီတော့မှ သဘောပေါက်ပြီး အားလုံးဝိုင်းဟားကြ၏။

"ဟား . . . ဟား . . . ဟား . . . ဟား"

"ကဲပါကွာ . . . တွယ်တာ ရှက်နေပြီ၊ မင်းတို့ စွတ်ပြောမနေကြနဲ့၊ ပြောမှသိပြီး နှင်မှပြန်တာ လူကြီးလူကောင်း မဟုတ်ဘူးနော်"

ထိုစကားကတော့ သာသာနှင့်နာနာနှက်သလို ဖြစ်သွားသလား ဒါမှမဟုတ် မင်္ဂလာစုံတွဲအပေါ် ကိုယ်ချင်းစာစိတ်နှင့် အားတုံ့အားနာ ဖြစ်သွားကြသလား မသိ။ အောင်နိုင်မော်က စကားကောင်းဆိုသည်။

"အင်း . . . ကလေကချေတော့ အဖြစ်မခံနိုင်ဘူး၊ လူကြီးလူကောင်းအဖြစ်နဲ့ပဲ မနှင်ခင် ပြန်ကြရအောင်ဟေ့"

အောင်နိုင်မော့်စကားကို အားလုံးက လက်ခံသဘောတူစွာဖြင့် နှုတ်ဆက်ပြီး ထပြန်သွားကြ၏။ ထိုအခါမှ သီဟနိုင် စိတ်ပေါ့ပါးသွားဟန်ဖြင့် တံခါးကို လော့(ခ်)ချလိုက်တော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"မောသွားပြီလား တွယ်တာ"

"မမောပါဘူး ကိုကို၊ လမ်းလျှောက်ရလွန်းလို့ ခြေထောက်တွေ ညောင်းနေသလို ပြုံးပြရလွန်းလို့လည်း ပါးတွေညောင်းနေရုံပါ"

"တွယ်တာ့ပါးကို ကိုယ့်နှုတ်ခမ်းနဲ့ နှိပ်ပေးမယ်လေ"

ထိုသို့ သိင်္ဂါရရသကို စားသုံးရန် အစပျိုးနေခိုက်၊ လူခေါ်ဘဲ(လ်)မြည်လာသဖြင့် အရှိန်တန့်သွား၏။ စိတ်ပျက်လက်ပျက်နှင့် တံခါးဖွင့်ပေးလိုက်သောအခါ ကျက်သရေတုံးသည့် အောင်နိုင်မော်၏ မျက်နှာကြီးကို မြင်လိုက်ရသဖြင့် သီဟမျက်နှာရှုံ့မဲ့သွားပြီး . . .

"ဟာ . . . ဘာလဲကွာ၊ မင်းတို့ တော်တော်ရှုပ်တဲ့ကောင်





တွေပဲ"

"အဟဲ . . . ဆောရီး၊ ဟိုနားက ဆက်တီပေါ်မှာ ဖုန်းမေ့ကျန်ခဲ့လို့"

အောင်နိုင်မော့်လုပ်ပေါက်က စိတ်ဆိုးရအခက်၊ ဒေါသထွက်ရအခက် ဖြစ်နေ၏။ တံခါးကို စေ့ထားပြီး အောင်နိုင်မော့်ဖုန်းကို ယူပေးလိုက်ပြီး ရှုတည်တည်အကြည့်နှင့် . . .

"နောက်ထပ်မေ့ကျန်တာ ဘာရှိသေးလဲ၊ သေချာပြောနော်"

"ဟဲ . . . ဟဲ . . . မင်းကလည်းကွာ၊ မရှိတော့ပါဘူးကွ၊ အဲဟင်း . . . ကြိုးစားနော်၊ ကောင်းသောည ဖြစ်ပါစေကွာ"

သီဟနိုင်က တံခါးကို ဆောင့်ပိတ်လိုက်ပြီး အခန်းထဲပြန်လှည့်လာတော့ တွယ်တာက မချိုမချဉ်မျက်နှာပေးဖြင့် . . .

"အဝတ်အစားတွေလဲပြီး ရေချိုးချင်သေးတယ်၊ ငြီးစီစီကြီးနဲ့ ကိုကိုရာ . . . နော်"

"အင်း . . . ကောင်းသားပဲ၊ အတူတူ ရေချိုးကြမယ်လေ"

"အမယ် . . . ဒါက ဘာစကားလဲ၊ ရပါဘူးနော်၊ တွယ်တာတစ်ယောက်တည်း ချိုးမှာ"

တွယ်တာက ပြောပြောဆိုဆို မင်္ဂလာအဝတ်အစားနှင့် ရေချိုးခန်းထဲ ပြေးဝင်သွားပြီး တံခါးပိတ်ထားလိုက်လေသည်။ သီဟနိုင် သက်ပြင်းချရင်း တိုက်ပုံနှင့် ကော်လံကတုံးလက်ရှည်ကို



www.burmeseclassic.com

www.burmeseclassic.com



ချွတ်ပြီး ကုတင်ပေါ်ပစ်လှဲအိပ်လိုက်သည်။

တွယ်တာကတော့ ရေချိုးကန်ထဲ ရေဖြည့်၍ အဝတ်အစား များကို စိမ်ပြေနပြေ ချွတ်နေ၏။ လုံခြုံစိတ်ချရသော ရေချိုးခန်း ထဲမှာမို့ စိတ်လွတ်ကိုယ်လွတ် နေနေမိသည်။ မှန်ထဲမှ သူ့ပုံက နုဖတ်၍ လှပနေ၏။ တစ်ကိုယ်လုံးကို သူခြုံငုံကြည့်မိတော့ ဘယ် ဘက်နံစောင်းတွင် ဆယ်လက်မခန့်ရှိသော အမာရွတ်ကြီးကို မသိ မသာ ကိုင်တွယ်စမ်းလိုက်မိ၏။ ဒီအမာရွတ်ကို ကိုကိုတွေ့လျှင် ဘယ်လိုနေမည်မသိ။ သိပ်တော့ စိတ်မပူမိပါ။ လွန်ခဲ့သော ခုနစ် နှစ်ခန့်က သူအကြီးစားခွဲစိပ်မှုတစ်ခု ခံယူခဲ့ရသည်ကို ကိုကိုသိပြီး သား မဟုတ်လား။

ထိုအမာရွတ်ဆီမှ အကြည့်လွှဲ၍ သူ့မျက်နှာလှလှလေးကို ကျေနပ်စွာ ရှုစားနေမိသည်။ ထိုစဉ် မှန်ထဲတွင် လိပ်ပြာဖြူဖြူလေး တစ်ကောင်ကို မြင်လိုက်ရသဖြင့် လွန်စွာထိတ်လန့်တုန်လှုပ်သွား ၏။ သေချာကြည့်တော့လည်း ဘာကိုမှ မတွေ့ရသဖြင့် ဇဝေဇဝါ ဖြစ်သွားကာ မှန်ထဲသို့ ပြန်ကြည့်မိ၏။ မှန်ထဲတွင်လည်း လိပ်ပြာလေး ကို ထပ်မတွေ့ရမှ စိတ်အေးသွားပြီး မိတ်ကပ်များဖျက်၍ မျက်နှာ သစ်ရန် ဘေစင်မှ ပိုက်ခေါင်းကို ဖွင့်လိုက်သည်။

ရေပူပိုက်ကို မှား၍ဖွင့်မိသဖြင့် မှန်ကို ရေနွေးငွေ့ရိုက်ပြီး မှုန်ဝါးသွား၏။ သို့နှင့် တွယ်တာက မှန်ကို လက်ဝါးနှင့် ပွတ်လိုက် သည်။ ပွတ်လိုက်သည့် လက်ရာတစ်လျှောက် ကြည်လင်သွားသော





မှန်သားပြင်တွင် သူ့မျက်နှာ၏ နောက်နားဆီမှ အရိပ်ဖြူဖြူတစ်ခု ကို တွေ့လိုက်၍ အလန့်တကြား လှည့်ကြည့်မိ၏။ သို့သော်လည်း ရေချိုးခန်းထဲ သူတစ်ယောက်တည်း အခြားဘယ်သူမှ မရှိ။

'သူ့စိတ်တွေ ဘယ်လိုဖြစ်နေမှန်း မသိတော့။ ထင်ယောင် ထင်မှား အတွေးများကြောင့် မြင်နေမိတာလား။ ဒါမှမဟုတ် မင်္ဂလာညအတွက် ရင်ခုန်ပြီး ကယောင်ချောက်ချား ဖြစ်နေတာ လား ေတွးမရတော့ချေ။

"တွယ်တာ . . . တွယ်တာ . . . မြန်မြန်ချိုးလေ၊ ကိုကို လည်း ရေချိုးချင်လှပြီ"

အပြင်မှ သီဟနိုင်က စိတ်မရှည်သလို လှမ်းအော်နေ၏။ ထိုအခါမှ တွယ်တာလည်း ကိုယ့်စိတ်ကိုယ်ထိန်းရင်း မှန်ရှေ့မှ ခွာ လိုက်ရသည်။

"ခဏလေး ကိုကို၊ တွယ်တာ မြန်မြန်ချိုးပါ့မယ်"

တွယ်တာက သီဟနိုင်ကို လှမ်းပြောလိုက်ရင်း ရေချိုးကန် ထဲ ဝင်စိမ်လိုက်သည်။ မေးဖျားအထိ ရေစိမ်ပြီး မျက်လုံးများကို မှိတ်ထားလိုက်တော့ တစ်ကိုယ်လုံး အကြောအချင်တွေ ပြေလျော့ သွားသလို ခံစားလိုက်ရသည်။ ခဏလောက် ငြိမ်ခံပြီးမှ ဆပ်ပြာ မြှုပ်များနှင့် တစ်ကိုယ်လုံး ပွတ်တိုက်လိုက်၏။ စိတ်ကျေနပ်သွားမှ ရေချိုးကန်ထဲမှထွက်၍ ရေပန်းအောက်တွင် ဆပ်ပြာမြှုပ်စင်အောင် ပွတ်သပ်ပြီး သန့်ရှင်းရေးလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးရင်း ရေချိုးကန်ထဲ စူးစမ်းလေ့လာမိ၏။ အတော် အဆင့်မြင့်စွာ ပြင်ဆင်ထားသော အခန်းဖြစ်မှန်း အသုံးအဆောင် များကြောင့် သိသာနေသည်။ အပြင်သို့ ရေမစင်အောင် ကာထား သော ပလပ်စတစ်ကွင်းတပ် ရေစိုခံလိုက်ကာက အစ,အကောင်း စားမှန်း တွယ်တာသိသည်။ ပလပ်စတစ်ကန့်လန့်ကာကို စူးစမ်း နေခိုက် ကန့်လန့်ကာနောက်တွင် အရိပ်မည်းတစ်ခု တွေ့လိုက် သဖြင့် အထိတ်တလန့်ဖြစ်သွားပြီး တဘက်ကိုဆွဲယူ၍ တစ်ကိုယ် လုံးပတ်ကာ ကန့်လန့်ကာကို ဆွဲဖွင့်လိုက်၏။

အပြင်ဘက်တွင် ဘာကိုမှ မတွေ့ရသော်လည်း စိတ် ချောက်ချားသွား၍ တွယ်တာရေချိုးခန်းထဲမှ အတင်းပြေးထွက်ခဲ့ သည်။ ပြူးပြူးပျာပျာဖြစ်လာသော တွယ်တာအား သီဟနိုင်က ဆီး၍ပွေ့ဖက်ထား၏။

"ဘာလဲ . . . တွယ်တာ၊ ဘာဖြစ်လို့လဲ"

တွယ်တာ စိတ်ချောက်ချားရသည့် အကြောင်းရင်းကို သီဟနိုင် သိလို့မဖြစ်သဖြင့် စိတ်မပူအောင် ကြံဖန်၍ ပြောမိ၏။

"ဘာ . . . ဘာမှမဖြစ်ပါဘူး ကိုကိုရဲ့၊ အဟင်း . . . ချမ်းလို့"

"တွယ်တာကလည်း ကိုကို့ကို သိပ်လန့်အောင် လုပ်တာပဲ၊ အဟဲ . . . တွယ်တာချမ်းရင် ကိုကိုဖက်ထားမယ်လေ"

"ဟင့်အင်း . . . ချွေးစော်နံတယ်၊ ရေချိုးလိုက်ဦး"





တွယ်တာက သီဟနိုင်ကို ရေချိုးခန်းထဲ တွန်းလွှတ်ပြီး တံခါးပိတ်ထားလိုက်၏။ ပြီးတော့ ရေစင်အောင်သုတ်၍ ပေါ့ပေါ့ ပါးပါး အကျီအဝတ်အစားလဲလိုက်သည်။ ဒီအခန်းကြီးထဲတွင် သူ နှင့် သီဟနိုင်သာရှိပြီး သီဟနိုင်က ရေချိုးနေသော်လည်း၊ သူ့အနီး တစ်စုံတစ်ရာ ဖြတ်သွားသလိုမျိုး ခံစားနေရသဖြင့် ကြက်သီး တဖြန်းဖြန်းထလာ၏။ ကြက်သီးမွေးညှင်းထမှုက ကြောက်စိတ်ကို အားကောင်းစေသဖြင့် တွယ်တာ နေစရာမရှိတော့သလို ဖြစ်နေ သည်။ သို့နှင့် သူရေချိုးခန်းဆီပြေးကာ တံခါးကို တဝုန်းဝုန်းထု၏။ အထဲမှ သီဟနိုင်၏ ဗလုံးဗထွေးအသံများကိုကြားရမှ နည်းနည်း နေသာထိုင်သာ ရှိသွားသည်။

"ကိုကို . . . မြန်မြန် . . . ချိုး . . . မြန်မြန်"

"အင်း . . . အင်း . . . ပြီးပြီ . . . တွယ်တာ"

တွယ်တာက ရေချိုးခန်းတံခါးကို ကျောမှီထားကာ နောက် ကြောင်းလုံလုံနှင့် အခန်းတွင်းသို့ မျက်စိလျှင်လျှင်ကြည့်၏။ အခန်း တွင်းရှိ သက်မဲ့ပစ္စည်းများအားလုံး ငြိမ်သက်လျက် ရှိနေသည်။ မှန်ပြတင်းများပိတ်ထားပြီး အဲကွန်းဖွင့်ထားသဖြင့် အဲကွန်းမှအသံ နှင့် ရေချိုးခန်းထဲမှ ရေသံကလွဲပြီး တစ်ခြားဘာသံမှမကြားရ။ ထို အခိုက် ရုတ်တရက် ရေချိုးခန်းတံခါးပွင့်လာ၍ တွယ်တာ ငိုက်နိုက် ကျပြီး လဲမလိုဖြစ်သွားသည်။ တဘက်တစ်ထည်နှင့် ခါးမအောက် ပိုင်းကိုပတ်၍ သီဟနိုင်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"တွယ်တာ ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး . . . ကိုကို"

"တံခါးက ကျပ်နေတယ်ထင်လို့ ဆောင့်တွန်းလိုက်တာ . . . ဆောရီးနော်"

"ရပါတယ် . . . ကိုကို"

သီဟနိုင်က တွယ်တာ့အား စူးစိုက်သေချာကြည့်လိုက်ပြီး . . .

"နေပါဦး၊ တွယ်တာ့မျက်နှာကလည်း ဖြူဖပ်ဖြူရော်နဲ့ ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

"ကောင်း . . . ကောင်းပါတယ် ကိုကို၊ ရေစိမ်တာ ကြာသွားလို့နဲ့ တူပါတယ်"

"ဒါဆို ကိုကို ကော်ဖီပူပူလေး ဖျော်ပေးမယ်၊ မှုတ်သောက်လိုက်ရင် နွေးသွားမှာ"

သီဟနိုင်က အခန်းထဲတွင် ထားပေးထားသော ဓါတ်ဘူး ရေနွေးအိုးနှင့် ပလပ်ထိုး၍ ရေနွေးတည်လိုက်သည်။ ထို့နောက် ရေစင်အောင်သုတ်ပြီး အဝတ်အစားလဲနေ၏။ သီဟနိုင်ကို မြင်တွေ့နေရသဖြင့် တွယ်တာ စောစောကလောက် ကြွေမပျက်တော့ဘဲ ကြောက်စိတ်တို့ လျော့ပါးသွားသည်။

သီဟနိုင်ဖျော်ပေးသော ကော်ဖီသောက်ပြီးသော့အခါ ပိုမိုလုံခြုံနွေးထွေးသွားသလို ခံစားရသည်။ သီဟနိုင်က တွယ်တာ့





ကို မြတ်မြတ်နိုးနိုးနှင့် စူးစူးစိုက်စိုက်ကြည့်နေသည်။ ထိုအခါမှ သူတို့နှစ်ယောက် လောလောလတ်လတ် လက်ထပ်ထားကြသူများ ဖြစ်ကြောင်း သတိရသွားကာ သူမလည်း ရှက်ကိုးရှက်ကန်းဖြင့် မျက်လွှာချလိုက်၏။ လှုပ်ရှားသံများအရ သီဟနိုင် သူ့အနားကပ်လာနေကြောင်း တွယ်တာသိနေသည်။ တွယ်တာ ငြိမ်နေလိုက်၏။ သူကိုယ်တိုင် သီဟနိုင်၏ ပြုစုယုယမှုကို လိုလားစွာ တောင့်တနေမိပြီ ဖြစ်သည်။ ထို့နောက် . . .

တွယ်တာတစ်ယောက် ခပ်မြန်မြန်ပင် သီဟနိုင်ရင်ခွင်ထဲ ပြုလဲကျသွား၏။ ချစ်ခြင်းတရား၏ ဆန်းပြားနူးညံ့သိမ်မွေ့မှုကို မြည်းစမ်းကြည့်ကြဖို့ နှစ်ဦးသားအဆင်သင့် ဖြစ်နေခဲ့ပြီ။ ထိုအခိုက်မှာပင် တွယ်တာ့အား ဖက်ထားသည့် သီဟနိုင်၏လက်ခုံပေါ် သို့ မည်သည့်အချိန်က ဝင်လာမှန်းမသိသော လိပ်ပြာဖြူဖြူလေး လာနား၏။

"ဟင် . . . ဒီမှာလည်း လိပ်ပြာလေးတစ်ကောင်ပါလား၊ အခန်းထဲ ဘယ်လိုရောက်လာတာလည်း မသိဘူး"

သီဟနိုင်အပြောကြောင့် တွယ်တာ ဆတ်ခနဲတုန်သွားကာ ရင်ခွင်ထဲမှ လူးလဲထ၍ ကြည့်၏။ ဟုတ်သည်။ လိပ်ပြာဖြူလေး တစ်ကောင် အမှန်တကယ်ပင် သီဟနိုင်လက်ပေါ်မှာ ရှိနေ၏။ လိပ်ပြာကို မြင်လိုက်သဖြင့် တည်ငြိမ်စ တွယ်တာ့အတွေးတို့ ဗယောက်ဗယက် ပြန်ဖြစ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . . တွယ်တာတို့ မင်္ဂလာပွဲမှာ ရေခဲမုန့်ခွံ့တုန်းက တွေ့တဲ့ လိပ်ပြာပဲ မဟုတ်လား"

"အင်း . . . တူတော့ တူတာပဲ တွယ်တာရဲ့"

"ဒီလောက်အလုံပိတ်ထားတဲ့ အခန်းထဲ သူက ဘယ်လို ရောက်လာတာလဲ"

"အခန်းတံခါး အဖွင့်အပိတ်လုပ်တုန်း ဝင်နေတာ ဖြစ်မှာပေါ့"

"မဖြစ်နိုင်ဘူး၊ ဒါ လိပ်ပြာမဟုတ်ဘူး၊ မကောင်းဆိုးဝါး တစ်ကောင်ကောင်ရဲ့ ကိုယ်စားပြုဝိညာဉ်ပဲ ဖြစ်ရမယ်"

လိပ်ပြာလေးကို ပြူးပြူးပြဲပြဲကြည့်ရင်း အထိတ်တလန့် ပြောလိုက်သော တွယ်တာ့ကိုကြည့်ကာ သီဟနိုင်အံ့သြသွားသည်။ တွယ်တာ့ပုံစံက သရဲတစ်ကောင်ကို ပက်ပင်းမြင်တွေ့လိုက်ရသလို မျိုး ဖြစ်နေ၏။

"ဘာတွေပြောနေတာလဲ တွယ်တာရယ်၊ အဓိပ္ပါယ်မရှိ တာကို"

"ဘာလို့ အဓိပ္ပါယ်မရှိရမှာလဲ ကိုကိုရဲ့၊ ခြင်တစ်ကောင် တောင်မရှိတဲ့ အခန်းထဲ ဒီလိပ်ပြာရောက်လာတာ ရိုးကိုမရိုးဘူး၊ ဧည့်ခံပွဲမှာကတည်းက သူရောက်လာတာ၊ လိပ်ပြာအစစ်တစ် ကောင်သာဆို ဟိုတယ်မျက်နှာစာမှာ စိုက်ထားတဲ့ ပန်းခင်းကြီးဆီ သွားမှာပေါ့၊ မျက်စိလည်လမ်းမှားပြီး ရောက်လာတယ်လို့ ပြောရ





အောင်လည်း သူလာစရာက တွယ်တာတို့အခန်းပဲ ရှိသလား"

တွယ်တာ့စကားကြောင့် သီဟနိုင်ပင် တွေတွေငေးငေး ဖြစ်သွားသည်။ တွယ်တာ့စကားကို သုံးသပ်ပြီး ချင့်ချိန်တွေးတော နေပုံလည်း ရ၏။ သီဟနိုင် စဉ်းစားနေသည်ကို အခွင့်ကောင်းယူ ပြီး တွယ်တာက ဖြစ်နိုင်ချေကို သုံးသပ်ပြသည်။

"အဲဒါ ကိုကိုနဲ့တွယ်တာ လက်ထပ်တာကို မကျေနပ်တဲ့ သူတစ်ယောက်ယောက်က ပညာနဲ့လုပ်ပြီး လွှတ်လိုက်တာ"

တွယ်တာ့ပြောစကားများ နားထောင်ပြီး သီဟနိုင်မျက်နှာ တည်သွား၏။ ပြီးတော့ တွယ်တာ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း တဖြည်းဖြည်းပြုံးလာကာ၊ နောက်ဆုံးမှာ ဟားတိုက်ရယ်တော့ သည်။

"ဟား . . . ဟား . . . ဟား . . . ဟား . . . တွယ်တာ ရယ်၊ ပေါက်တီးပေါက်ရှာ ပြောလည်းပြောတတ်ပါပေ့၊ မဖြစ်နိုင် တာတွေ တွေးမနေစမ်းပါနဲ့"

သီဟနိုင်က လက်ကိုဆန့်တန်း၍ လက်ခုံပေါ်မှ လိပ်ပြာ လေးကို မမှိတ်မသုန်ကြည့်ကာ ကုတင်ပေါ်မှဆင်းပြီး အခန်းထဲ လမ်းလျှောက်နေ၏။ လိပ်ပြာကြောင့် စိတ်အနှောက်အယှက်ဖြစ် ရသည့်အထဲ သီဟနိုင်ကပါ လှောင်သလိုပြောပြီး ရယ်သွမ်းသွေး သည့်အတွက် တွယ်တာဒေါပွသွားသည်။ တွယ်တာကုတင်ပေါ်မှ ဆင်းပြီး သီဟနိုင်ထံ အရောက်သွားကာ ရုတ်တရက်ဆိုသလို



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာလေးကို လက်ညှိုးလက်မနှင့် ညှပ်၍ဖမ်းယူလိုက်၏။

"တွယ်တာ ဘာလုပ်မလို့လဲ၊ သူ့ဟာသူ နေပါစေ"

တွယ်တာ ဘာမှပြန်ပြောမနေတော့ဘဲ ဆက်တီအနီး စားပွဲပေါ်မှ မီးနူးစာအုပ်ကိုလှန်၍ လိပ်ပြာကိုထည့်ကာ ဖိညှပ်ပစ်လိုက်သည်။

"ဟာ . . . တွယ်တာ"

"သူ့ကြောင့် တွယ်တာစိတ်အနှောက်အယှက်ဖြစ်တယ် ကိုကို၊ ဆောရီးပဲ . . ဒီအခန်းထဲမှာ တွယ်တာနဲ့ကိုကို နှစ်ယောက်ထဲပဲ ရှိနေရမှာလေ"

တွယ်တာ့အပြောနှင့် မခို့တရို့အမူအရာကြောင့် သီဟနိုင် ပြုံးသွားသည်။ လိပ်ပြာတစ်ကောင်ကြောင့်တော့ မင်္ဂလာဦးညကို အချိုးနှိုးမဖြစ်စေလိုပါ။ သီဟနိုင် တွယ်တာ့ကို ပွေ့ချီကာ ကုတင်ပေါ် အသာအယာချလိုက်သည်။ စားပွဲတင်မီးအုပ်ဆောင်းမှလွဲ၍ ကျန်မီးများကို ပိတ်ပစ်လိုက်၏။

စက္ကန့်ပိုင်းအတွင်း နှစ်ယောက်သား တိမ်ပေါ်ခုန်တက်ကဖြစ်သွားကြသည်။ တိမ်တွေကြားထဲမှာ ထမင်းလုံးတစ္ဆေနှင့် လိုက်တမ်းပြေးတမ်း ကစားကြ၏။ တိမ်စိုင်တစ်ခုနှင့်တစ်ခုကို ဆက်သွယ်ပေးထားသော သက်တန့်ပေါ်ဖြတ်လျှောက်၍ နယ်မြေသစ်ရှာကြသည်။ ထို့နောက် မာရသွန်ပြိုင်ပွဲတွင် ပန်းဝင်လာသူများလို မောဟိုက်စွာနှင့် အိပ်ပျော်သွားကြ၏။





မှောင်ရီဝေ ပိုးတဝါး အလင်းရောင်အောက်တွင် အသက်ရှူသံ ခပ်ပြင်းပြင်းမှလွဲ၍ ပကတိ တိတ်ဆိတ်နေသည်။ အလုံပိတ်အခန်းအတွင်း မည်သည့်လေပြေလေညင်းမှ ကျူးကျော်ဝင်ရောက်မှု မရှိသော်လည်း ကုတင်ခေါင်းရင်း ပြတင်းပေါက်မှ လိုက်ကာစက လူးလွန့်လှုပ်ရှားလာခဲ့သည်။

လေခပ်ပြင်းပြင်း တိုက်လိုက်သလို စားပွဲပေါ်မှ မီးနူးစာအုပ်မှာ တဖျတ်ဖျတ်အသံပြုလျက် စာရွက်များ လန်သွား၏။ စာအုပ်ကြားထဲက လိပ်ပြာလေး လူးလွန့်ရှင်သန်လာပြီးနောက် တောင်ပံတဖတ်ဖတ်ခတ်လျက် ပျံသန်းလာနေသည်။ လိပ်ပြာလေးက အိပ်ပျော်နေသော သီဟနိုင်နှင့် တွယ်တာ့ကို ဖြတ်၍ပျံလာပြီး တွယ်တာ့အနီးအနားတွင် ဝဲနေ၏။

လိပ်ပြာလေးမှာ တောင်ပံကို မရပ်မနားခတ်နေရင်း မယုံနိုင်စရာကောင်းလောက်အောင်ပင် တဖြည်းဖြည်း ကြီးထွားလာ၏။ လူ့တစ်ရပ်နီးပါးဖြစ်လာသည့် လိပ်ပြာကြီးထံမှ မီးရှူးမီးပန်းဖေါက်လိုက်သလို ရောင်စုံမီးပွင့်များ ဖြာထွက်လာကာ အခိုးအငွေ့များလို ဖြစ်သွားပြန်သည်။ အခိုးအငွေ့များမှတစ်ဆင့် လူသဏ္ဌာန်အဖြစ် မပီဝိုးတဝါး ပြောင်းလဲနေသေးသည်။ ခဏအတွင်းမှာပင် အဖြူထည်ဝတ်ရုံခြုံလွှမ်းထားသော မိန်းမတစ်ယောက်ပုံ ပေါ်လာ၏။

ထိုမိန်းမသည် ဆံပင်ဖါးလျားချထားပြီး ကြမ်းပြင်မှ နှစ်ပေခန့်အမြင့်တွင် လေထဲ၌ ရပ်နေခြင်း ဖြစ်သည်။ ထိုမိန်းမသည်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ဘုံမှ ပြုတ်ကျကာ မောမောနှင့် အိပ်နေသည့် တွယ်တာ့အား၊ အခိုးအငွေ့ထတောက်တော့မတတ် နီရဲနေသော မျက်လုံးများဖြင့် စားတော့ဝါးတော့မလို ကြည့်နေလေ၏။

ထို့နောက် သူ့ဒေါသကို မချုပ်တည်းနိုင်တော့သည့်အလားညာလက်ကို မာန်ပါပါ ဆန့်တန်းလိုက်သည်။ ထိုလက်မှ လျှပ်စီးကြောင်းများ ဖြာထွက်လာပြီး တွယ်တာ့အား နွယ်ရှင်များကဲ့သို့ ရစ်ပတ်ဖွဲ့နှောင်လိုက်ပြန်သည်။ ဝတ်ရုံဖြူနှင့်မိန်းမက ဆန့်ထားသော လက်ကိုမြှောက်လိုက်သည့်အခါ အိပ်နေသည့် တွယ်တာ့တစ်ကိုယ်လုံး လေထဲသို့ ကြွတက်လာ၏။

သူ့မျက်နှာရှေ့သို့ ပက်လက်မျောလွင့်ရောက်ရှိလာသော တွယ်တာ့ပါးကို ထိုမိန်းမက ခပ်ဆတ်ဆတ် ရိုက်နှိုးလိုက်သည်။ အသားနာသွားသည့်တွယ်တာ အိပ်ချင်မူးတူးနှင့် မျက်လုံးပွင့်လာ၏။ ပထမဆုံး မြင်လိုက်ရသည်က မျက်လုံးရဲရဲကြီးများဖြစ်သည်။ တွယ်တာ အလန့်တကြားဖြစ်ပြီး ထထိုင်ဖို့ ကြိုးစား၏။ ထိုင်မရ၊ ထမရနှင့် လေထဲတွင် ပေါလောမျောပြီး ဒလိမ့်ကောက်ကွေး ဖြစ်နေသည်။ ထိုအခါမှ သူကုတင်ပေါ်မှာ မဟုတ်ကြောင်း သိသွားကာ ပို၍ထိတ်လန့်သွား၏။

ငုံ့ကြည့်တော့ အိပ်ပျော်နေသော သီဟနိုင်ကို အပေါ်စီးမှ မြင်ရသည်။ အားကိုးတကြီးနှင့် သီဟနိုင်အား အော်ခေါ်ဖို့ ကြိုးစား၏။ အသံက လည်ချောင်းထဲမှာပင် တစ်ဆို့ပျောက်ကွယ်သွား





သည်။ သီဟနိုင်ကို ခေါ်လို့မရသဖြင့် ကြောက်စိတ်က ပိုမိုပြင်းထန်လာပြီး ဝတ်ရုံဖြူနှင့်မိန်းမအား လှည့်ကြည့်မိသည်။

"နင် . . . နင် . . . နင်ဘယ်သူလဲ"

"ဘာ . . . ညည်းဘယ်လိုမေးလိုက်တာလဲ၊ ဆယ့်ငါးနှစ်လုံးလုံး မခွဲဘဲနေလာတဲ့ သူကိုတောင် မမှတ်မိတော့ဘူးလား"

"ဟင် . . . ဒါ . . . ဒါဆို နင် . . . နင် . . . "

"ဟုတ်တယ်၊ နင့်ကို ဂလဲ့စားချေဖို့ ငါရောက်လာတာ နင့်ကိုသတ်မယ်၊ သီဟနိုင်ဘေးမှာ နင်ရှိနေတာ ငါလုံးဝကြည့်မနေနိုင်ဘူး"

"ငါ့ . . . ငါ့ကို ခွင့်လွှတ်ပါဟာ၊ ငါတောင်းပန်ပါတယ်"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ခုမှ တောင်းပန်ချင်တယ်ပေါ့၊ သိပ်ကိုနောက်ကျသွားပြီ သိလား၊ ဘာလို့လည်းဆိုတော့ ဒီနေ့ဟာ နင့်သေနေ့မို့လို့ပဲပေါ့၊ ဟား . . . ဟား . . . ဟား"

ဝတ်ရုံဖြူနှင့်မိန်းမက တွယ်တာ့လည်ပင်းကို ချွန်မြရှည်လျားသော လက်သည်းကြီးများပါသည့် လက်နှစ်ဖက်နှင့် အားကုန်ညှစ်တော့သည်။ တွယ်တာ အသက်ရှူမရတော့ဘဲ လည်ပင်းအစ်၍ မျက်လုံးများ ပြူးထွက်လာသည်။ ရုန်းကန်နေသည်ထက် ငြိမ်နေတာက ပိုသက်သာမည်ဟုတွေးမိပြီး လူသေလို မလှုပ်မရှားနေလိုက်၏။ ဝတ်ရုံဖြူမက တွယ်တာသေသွားပြီအထင်နှင့် လည်



www.burmeseclassic.com

www.burmeseclassic.com



ပင်းညှစ်နေခြင်းကို ရပ်တန့်လိုက်သည်။

"ဟင်း . . . ဟင်း . . . ဟင်း . . . ညည်းလည်း သီဟနိုင် အနားမှာ နေခွင့်မရတော့ပါဘူးဟယ်"

ဝတ်ရုံဖြူမက ပြောပြောဆိုဆိုနှင့် လျှပ်စီးကြောင်းများကို ရုပ်သိမ်းလိုက်သောအခါ တွယ်တာလေထဲမှ ဇောက်ထိုးမိုးမျှော် ပြုတ်ကျသွားတော့၏။

"ဝုန်း . . ."

တွယ်တာ နာကျင်စွာနှင့် နိုးထလာတော့ ကုတင်ပေါ်မှ ပြုတ်ကျတာဖြစ်ကြောင်း သိလိုက်ရသဖြင့် အလန့်ပြေသွားသည်။ အခန်းထဲဝေ့ဝဲကြည့်တော့လည်း ဝတ်ရုံဖြူနှင့်မိန်းမကို မတွေ့ရ။ ဝုန်းဒိုင်းကျဲသော အသံများကြောင့် သီဟနိုင်နိုးလာ၏။ ကုတင်အောက်တွင် ငုပ်တုပ်ထိုင်နေသည့် တွယ်တာ့ကိုတွေ့ရ၍ အံ့ဩသွားသည်။

"တွယ်တာ . . . ဘာဖြစ်နေလဲ၊ အိပ်မပျော်ဘူးလား"

"အိပ်နေရင်းနဲ့ ကုတင်ပေါ်က ပြုတ်ကျတာ"

"ဘာ . . . ဟား . . . ဟား . . . ဟား . . . ဖြစ်မှဖြစ်ရလေ တွယ်တာရယ်"

တွယ်တာ သူ့အိပ်မက်ဆိုးကို သီဟနိုင်အား ပြန်ပြောပြမနေချင်တော့။ တစ်ကြိမ်မက်ရုံမျှနှင့် အသည်းတုန်အောင် ထိတ်လန့်ခဲ့ရပြီးပြီ။ နောက်ထပ် ပြန်တွေးရလျှင်ပင် သူသွေးပျက်သွား





နိုင်သည်။ သီဟနိုင် ကုတင်ပေါ်မှဆင်းလာပြီး တွယ်တာကို ဆွဲထူလိုက်၏။ ထို့နောက် အားပါးတရ ပွေ့ဖက်ထားသည်။ ကြင်စဦးမောင်နှံနှစ်ယောက်ကြား လှပသိမ်မွေ့သော ချစ်ခြင်းတို့ ဖြစ်တည်လာပြန်၏။

သီဟနိုင်၏ ပွတ်သပ်ယုယချော့မြူမှုအောက်တွင် တွယ်တာ မိန်းမောသွားပြန်တော့လည်း အရာရာကို မေ့သွားခဲ့သည်။ စက္ကန့်တို့ပြိုလဲ၍ မိနစ်များသေဆုံးသွားကြသောအခါ သီဟနိုင်တစ်ယောက် မောဟိုက်နွမ်းလျစွာ အိပ်ပျော်သွားပြန်၏။ သီဟနိုင်ရင်ခွင်၌ နှစ်မြုပ်နေသည့်တွယ်တာ လုံခြုံနွေးထွေးမှုကို ခံစားနေရသော်လည်း အတွေးတို့ကို ချုပ်ထိန်း၍မရခဲ့ . . .။

"သူ . . . သူ မကျွတ်ဘူးထင်တယ်၊ ဒါ ငါ့ကို အိပ်မက်နဲ့ အသိပေးတာ၊ ဒီလိုသာ ခဏ,ခဏဆိုရင်တော့ ဒုက္ခပါပဲ၊ ခုနစ်နှစ်လုံးလုံး ဘာအိပ်မက်မှမပေးဘဲ သီဟနိုင်နဲ့ မင်္ဂလာဆောင်တဲ့နေ့မှ အိပ်မက်ပေးတာ ဘာသဘောလဲ၊ သူ သီဟနိုင်ကို စွဲလမ်းနေတုန်းပဲဆိုတဲ့ အဓိပ္ပါယ်လား၊ အိုး . . . စိတ်ရှုပ်လိုက်တာ"

မင်္ဂလာဦးညမှာ ထိတ်လန့်ချောက်ချားနေရသော သတို့သမီးဟူ၍ သူသာရှိမည်ဟု တွေးမိသောအခါ မျက်ရည်ဝဲလာ၏။ ဖရိုဖရဲအတွေးများအား နွမ်းလျမောဟိုက်မှုက အနိုင်ယူသွားခဲ့အေး မျက်ခွံတို့ လေးလံပြီး တွယ်တာအိပ်ပျော်သွားခဲ့တော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

သီဟနိုင်က နာနာဘာဝနှင့် ဝိညာဉ်လောကကို အယုံအကြည်ရှိသူမဟုတ်။ သို့သော်လည်း လိပ်ပြာလေးပျောက်ဆုံးသွားပုံက ဆန်းနေ၏။

## အခန်း (၃)

ဟော်တယ်မှ မင်္ဂလာလက်ဖွဲ့အဖြစ်ပေးသော အခွင့်အရေးသည် ဘရိတ်ဖတ်စားပြီးလျှင် နိဋ္ဌိတံပြီ။ သူတို့မောင်နှံလည်း ညနေလေးနာရီထွက်မည့် အိတ်စပရက်ကားနှင့် ပြင်ဦးလွင်သို့ ပျားရည်ဆမ်းခရီးထွက်ရန် စီစဉ်ထားပြီးဖြစ်သည်။

"မိန်းမ . . ."

"ဘာ . . . ဘာမိန်းမလဲ၊ ကိုကိုနော်"

"ဟောဗျာ . . . ညကပဲ ညည်းနဲ့ကိုယ်နဲ့ အဝှာပြုကြလို့ လင်မယားဖြစ်ပြီးပြီလေ၊ အဲဒါ မိန်းမ,မခေါ်လို့ ဘယ်လိုခေါ်ရမလဲ"

"တော်ပါ . . . မပြောနဲ့ ရှက်တယ်၊ ဒါနဲ့ ဓါတ်ပုံတွေ ဘယ်တော့ရမှာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်နှစ်နာရီကျော်ရင် လာယူလို့ ပြောတာပဲ"

"ခရီးမထွက်ခင် ဓါတ်ပုံတွေ ကြည့်သွားချင်တယ်"

"ရပါတယ်၊ မီမှာပါ တွယ်တာရဲ့၊ အခု အိမ်ခဏပြန်မယ်၊ အဝတ်အစားထည့်မယ်၊ ဓါတ်ပုံဆိုင်သွားမယ်၊ မြန်မြန်စား"

"ချက်(စ)ကောက် လုပ်စရာမှ မလိုတာ၊ ကိုကိုရယ် ဖြည်းဖြည်းပေါ့"

သီဟ ဘာမှမပြောတော့ဘဲ ခေါက်ဆွဲကို လက်စသတ်၍ ကော်ဖီကို ဇိမ်ခံသောက်ရင်း တွယ်တာ့အား တစိမ့်စိမ့်ကြည့်နေမိသည်။ သူ မိန်းမရက်ကောင်းသည်ဟုလည်း တွေးနေမိ၏။ တွယ်တာလည်း စာသောက်တာကို လက်စသတ်နေပြီမို့ အတူလက်တွဲပြီး အခန်းသို့ ပြန်လာခဲ့ကြသည်။ တွယ်တာ မင်္ဂလာဝတ်စုံများသိမ်းပြီး ရေအိမ်ဝင်သွား၏။ သီဟဆိုဖါတွင်ထိုင်ပြီး အညောင်းဆန့်နေရင်း စားပွဲပေါ်မှ မီးနူးကိုတွေ့၍ လိပ်ပြာလေးကို သတိရသွားသည်။ မီးနူးကို ကောက်ယူပြီး တစ်ရွက်ချင်းလှန်ကာ လိပ်ပြာကိုရှာ၏။ လုံးဝမတွေ့ရသဖြင့် သီဟအံ့သြသွားသည်။ သီဟက နာနာဘာဝနှင့် ဝိညာဉ်လောကကို အယုံအကြည်ရှိသူမဟုတ်။

သို့သော်လည်း လိပ်ပြာလေးပျောက်သွားပုံက ဆန်းနေ၏။ တွယ်တာများ ယူပြီးလွှင့်ပစ်လိုက်သလား။ အခန်းထဲမှ အမှိုက်ပုံးကို သီဟဖွင့်ကြည့်သည်။ ပုံးထဲတွင်လည်း ဘာအမှိုက်မှမရှိ၍ စိတ်စနောင့်စနင်း ဖြစ်သွားသည်။ ထိုစဉ် တွယ်တာရေချိုးခန်းထဲမှ





ထွက်လာ၏။

"ကဲ . . . အားလုံးပြီးပြီ၊ ပြန်ကြစို့ ကိုကို"

သီဟက တွယ်တာ့အား လိပ်ပြာကိစ္စ မေးမည်စိတ်ကူးပြီးမှ တွယ်တာကလည်း မသိဟုဆိုလျှင် စိတ်အားငယ်တတ်သော တွယ်တာ့အတွက် ပိုဆိုးသွားမည်မို့ မမေးတော့ရန် ဆုံးဖြတ်လိုက်သည်။

ဟိုတယ်မှ အိမ်ပြန်ရောက်သည်နှင့် သီဟနိုင်သည် ကားတစ်စီးဖြင့် လွန်စွာအလုပ်ရှုပ်သွား၏။ တွယ်တာက မင်္ဂလာဓါတ်ပုံများကို ခရီးမထွက်ခင် အချိန်မီလိုချင်သည်ဟု တောင်းဆိုသောကြောင့် ဖြစ်သည်။

နည်းပညာခေတ်ကြီးဖြစ်၍ ထိုကိစ္စမှာ အချိန်များစွာ ကြာမြင့်ခြင်းမရှိဘဲ ထင်ထားသည်ထက်ပင် စောစွာအဆင်ပြေသွား၏။ ဓါတ်ပုံများ တပွေ့တပိုက်ကြီးနှင့် ရောက်ရှိလာသည့် သူ့ကို မြင်သည်နှင့် တွယ်တာက အပြေးကလေးထွက်လာပြီး . . .

"ကိုကို ဓါတ်ပုံတွေ ကောင်းရဲ့လား"

"ကောင်းပါတယ် တွယ်တာရဲ့၊ သေသေချာချာတော့ မကြည့်ရသေးဘူး၊ ဆေးသားကောင်းတယ်၊ လှတယ်"

တွယ်တာက သီဟလက်ထဲမှ အယ်(လ)ဘန်နှစ်အုပ်ကို ဆွဲယူကာ အိမ်ထဲပြေးဝင်သွား၏။ ဧည့်ခန်းတွင် စောင့်နေကြသော သီဟ၏မိဘများနှင့်အတူ ဓါတ်ပုံများ ခွဲဝေကြည့်ရှုကြသည်။ အား



www.burmeseclassic.com

www.burmeseclassic.com



လုံးတစ်ခေါက်စီကြည့်ပြီးသွားမှ သီဟလည်း တစ်ပုံချင်း သေချာ ပြန်ကြည့်ရ၏။

တွယ်တာက သူ့ကို ရေခဲမုန့်ခွံ့ကျွေးသည့်ပုံအား စေ့စေ့ စပ်စပ်ကြည့်ရင်း သီဟမျက်မှောင်ကျုံ့သွား၏။ ဒါကို တွယ်တာက သတိပြုမိသွား၏။

"ဘာလဲ ကိုကို"

"ဒီပုံကို သေချာကြည့်ပါဦး တွယ်တာ"

တွယ်တာကြည့်နေစဉ် သီဟက ရေခဲမုန့်ကျွေးစဉ်က ပုံ များကို အဆောတလျင် ရှာလိုက်၏။

"ကိုကို . . . ဟို . . . ဟို . . . "

အထိတ်တလန့်ဖြစ်နေသော တွယ်တာ့အမူအရာနှင့် ထစ် ထစ်ငေါ့ငေါ့စကားကြောင့် သူလည်း သတိပြုမိသွားပြီဆိုတာ သီဟ သိလိုက်၏။

"ဟုတ်တယ် . . . တွယ်တာ၊ လိပ်ပြာလေး . . . "

"ဒီပုံရိုက်တုန်းက ဇွန်းပေါ်မှာ သူနားနေတာလေ၊ အခု ပါမလာဘူး"

"ဟုတ်တယ် တွယ်တာ၊ အဲဒါ ကိုကိုစဉ်းစားနေတာ၊ ကိုယ့် ပခုံးပေါ်လာနားတဲ့ပုံလည်း မပါဘူး"

"ဘာတွေဖြစ်နေကြတာလဲ သားနဲ့သမီး . . . "

သူတို့နှစ်ဦး ခေါင်းချင်းဆိုင်ပြီး စိတ်ဝင်တစား တွတ်ထိုး





ပြောဆိုနေကြသည်ကို ရုတ်တရက် အခန်းထဲဝင်လာသည့် သီဟ ဖခင်က မျက်မှောင်တွန့်လျက် မေးလိုက်ခြင်းဖြစ်သည်။

"ဩော် . . . ဟိုလေ . . . အမှတ်တရ ဓါတ်ပုံရိုက်တုန်း က လိပ်ပြာဖြူလေးတစ်ကောင် လာနားတယ်လေ ဖေဖေရဲ့၊ အဲဒါ ဓါတ်ပုံထဲမှာ ပါမလာလို့"

"ဒါများ သားရယ်၊ ခလုတ်နှိပ်တဲ့အချိန်မှာ ထပျံသွားတာ ဖြစ်မှာပေါ့"

ထိုသို့မဟုတ်ကြောင်း သီဟကောင်းကောင်းသိသော်လည်း တွယ်တာကြောက်သွားမည်စိုး၍ ဖေဖေနှင့် ငြိုင်မငြင်းချင်တော့။

"အင်း . . . ဟုတ်မှာပါ"

တွယ်တာ့ကို ကြည့်တော့လည်း မျက်နှာပျက်နေပြီမို့ သီဟ စကားလမ်းကြောင်း ပြောင်းလိုက်ရ၏။

"တွယ်တာ . . . အဝတ်အစားသေတ္တာတွေ အဆင်သင့် ဖြင်ရင် ကိုယ်တို့ အဝေးပြေးဂိတ်ကို သွားရအောင်"

"ဟုတ်ကဲ့ . . . အသင့်ပဲ ကိုကို"

သီဟ ဖခင်က ကားဂိတ်သို့လိုက်ပို့ပြီး ချက်ချင်းဆိုသလို ပင် နှုတ်ဆက်၍ ပြန်သွား၏။ ပျားပန်းခတ်စည်ကားသော ကား ဝင်းထဲ တွယ်တာတို့စုံတွဲလည်း အပါအဝင်ဖြစ်သည်။ သူတို့စီးရ မည့် ကားနံပါတ်ကိုရှာတော့ ထိုကားတွင် လိပ်ပြာပုံလေးများ စတစ်ကာနှင့်ကပ်၍ အလှဆင်ထားတာကို တိုက်ဆိုင်စွာ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ တွယ်တာသတိမထားမိစေရန် သီဟက လက်ဖက်ရည်သောက်ဖို့ စည်းရုံးရင်း ကားနားမှ ရှောင်ထွက်လာရ၏။ သူကိုယ်တိုင်လည်း လိပ်ပြာနှင့် ဘာလို့ဒီလောက် ရေစက်ဆုံနေရမှန်း စဉ်းစား၍မရတော့။

ဧည့်ခံပွဲတွင် ပန်းများပေါ် လာနားသည်။ ရေခဲမုန့်ဇွန်းပေါ် လာနားသည်။ အခန်းနံပါတ် ၃၀၁ ထိ လိုက်ပါလာသည်။ ဓါတ်ပုံများရတော့ လိပ်ပြာပုံက ထူးဆန်းစွာ ပျောက်ဆုံးနေသည်။ ယခုတစ်ခါ လိပ်ပြာပုံတွေ အလှချယ်ထားသည့်ကားနှင့် ပျားရည်ဆမ်းခရီးသွားရဦးမည်။ ဒီလောက်တိုက်ဆိုင်နေမှတော့ အဂျိုးသက်ရောက်မှု တစ်ခုခုရှိမည်ဟုတွေးမိပြီး စိတ်လေးသွား၏။

တော်သေးသည်ဟု ဆိုရမည်။ သီဟတို့ ကားကြီးနားကပ်၍ နောက်ထပ်ကားကြီးတစ်စီး ထိုးဆိုက်လာသဖြင့် လိပ်ပြာများကိုကွယ်ထားသကဲ့သို့ ဖြစ်သွားသည်။ များမကြာခင်မှာပင် ပြင်ဦးလွင်သွားမည့် ခရီးသည်များကို အသံချဲ့စက်နှင့် ခေါ်နေပြီမို့ တွယ်တာ့ကိုခေါ်ပြီး ကားပေါ်တက်ခဲ့၏။ ကားက အချိန်မှန်ထွက်ခဲ့သဖြင့် စိတ်ကျေနပ်မှုဖြစ်ရသည်။ ကားကြီးက မြို့တွင်းမို့ တအိအိနှင့် မောင်းနေသော်လည်း သွားပါများ ခရီးရောက်ဆိုသလို တဖြည်းဖြည်းနှင့် ရန်ကုန်-နေပြည်တော် လမ်းသစ်ကြီးသို့ ရောက်လာခဲ့၏။

လူသူရှင်းသော ကွန်ကရစ်လမ်းအရောက် ကားက အရှိန်တင်ကာ အမြန်မောင်းတော့သည်။ လူးလူးလိမ့်လိမ့် ငြိမ့်ငြိမ့်ညောင်း





ညောင်းရှိသလို အရှိန်ကလည်း မြန်လာသဖြင့် တွယ်တာကားမူးသည့်ဝေဒနာကို ခံစားသွားရသည်။ မျက်စိမှိတ်၍ ငြိမ်သက်စွာနှင့် အမူးဝေဒနာကို ကျိတ်ခံနေ၏။

ညခုနစ်နာရီလောက်တွင် ညစာစားနိုင်ရန် ကားခဏရပ်ပေးသည်။ သူတို့လည်း ကားအောက်ဆင်းပြီး အပေါ့အပါးသွားကာ အညောင်းဆန့်ကြ၏။ သီဟအနေနှင့် ဘာစားစား ခံတွင်း၍တွေ့နေသော်လည်း တွယ်တာကတော့ ဘာမှမစားနိုင်၊ စားထိုင်လျှင်လည်း ကားပေါ်တွင် အန်မည်စိုး၍ ကော်ဖီလောက်ပဲ သောက်သည်။

စားသောက်အပြီး ကားပေါ်ပြန်အတက်တွင်မှ ကားဘေးတွင် အလှဆင်ဒီဇိုင်းလုပ်ထားသော လိပ်ပြာပုံများကို တွယ်တာမြင်တော့သည်။

"ဟင် . . . ကားမှာလည်း လိပ်ပြာပုံတွေချည်းပဲ၊ ဒီလိပ်ပြာက တွယ်တာတို့ကို ဘယ်အချိန်ထိ လိုက်နှောင့်ယှက်နေမှာလဲ . . . ကိုကို"

"ဟာ . . . တွယ်တာကလည်းကွာ၊ တိုက်ဆိုင်တာကို၊ ဥပါဒါန်လုပ်ပြီး တွေးမနေနဲ့၊ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တယ်ဆိုတာလည်း သိရဲ့သားနဲ့၊ ဒီခရီးက ကိုယ်နဲ့တွယ်တာရဲ့ ပျားရည်ဆမ်းခရီး၊ တစ်ခြား ဘာမှတွေးမနေနဲ့တော့ . . . တွယ်တာ"

"ဟုတ်တော့ ဟုတ်ပါတယ် ကိုကိုရယ်၊ ဒါပေမယ့် တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တာတွေက လွန်လွန်းမနေဘူးလား"

"တော်ပါတော့ တွယ်တာရယ်၊ ဘာမှတွေးမနေနဲ့ ကောင်းကောင်းနားလိုက်"

မှန်အလုံပိတ်ပြီး အဲကွန်းလွှတ်ထားသော ကားကြီးခရီးဆက်ခဲ့တော့ တွယ်တာပြန်မှုးလာကာ အိပ်ပျော်သွားရှာသည်။ ကားကြီးတစ်ညလုံးမောင်းနှင်ပြီး ၁၀၅ မိုင်စခန်းတွင် ခဏနားသေး[illegible]ဘ်လည်း တွယ်တာအိပ်မောကျနေခဲ့သဖြင့် သီဟာစိတ်အေးရသည်။ နေပြည်တော်အလွန်တွင် ကားက လုံးဝမရပ်တော့ . . . ။ အတော်လည်း ညနက်လာပြီဖြစ်၍ သီဟပါ အိပ်ပျော်သွား၏။ တစ်ရေးနိုးသောအခါ မန္တလေးရောက်နေတာ သိလိုက်ရသည်။ နာရီလက်တံများက နံနက်လေးနာရီကိုသာ ညွှန်ပြသေး၏။

တွယ်တာ့ကို အကဲခတ်ကြည့်ရာ တုတ်တုတ်မျှမလှုပ်သဖြင့် သီဟစိတ်ချလက်ချ ပြန်အိပ်လိုက်၏။ ဇက်ကြောများ တောင့်တင်းလာသည့်အပြင် မြူးမြူးကြွကြွ ရှမ်းသီချင်းသံကိုကြားလိုက်မှ သီဟယောင်တောင်တောင်နှင့် မျက်လုံးဖွင့်ကြည့်မိ၏။ ပြင်ဦးလွင်အဝေးပြေးဂိတ်တွင် ကားထိုးဆိုက်ထားပြီးဖြစ်ကြောင်း သိလိုက်ရသည်။ အပြင်တွင် ရောင်နီပင် ပျို့နေပြီ။ ပျားရည်ဆမ်းခရီးက သက်ဝင်လှုပ်ရှားလာတော့မည်မို့ စိတ်ဓါတ်တက်ကြွစွာနှင့် တွယ်တာ့အား နှိုးရသည်။

အဝေးပြေးဂိတ်တွင် အသင့်ရှိသည့် တုတ်တုတ် (သုံးဘီး





ဆိုင်ကယ်) တစ်စီးနှင့် သင့်တော်သော ဟော်တယ်သို့ ပို့ခိုင်း၏။ ပြင်ဦးလွင်က အေးချမ်းလတ်ဆတ်စွာ ဆီးကြိုနေခဲ့သည်။ တုတ်တုတ်တက္ကစီသမားပို့ပေးသည့် နန်းမြိုင်ဟော်တယ်တွင်ပင် နားနေတည်းခိုလိုက်သည်။ တစ်ညလုံး ကျောမဆန့်ခဲ့ရသဖြင့် တစ်နာရီလောက် အနားယူမှေးစက်ရသေး၏။ အနားယူရေမိုးချိုးပြီး မနက်ကိုးနာရီလောက်တွင် ရထားလုံးနှင့် မြို့ထဲထွက်ခဲ့သည်။

တွယ်တာ့မျက်နှာလန်းဆန်းပြီး အပြုံးတို့ ဝေစည်နေ၍ သီဟစိတ်ချမ်းသာရ၏။ ပြင်ဦးလွင်၏ နာမည်ကြီးစားသောက်ဆိုင်တွင် ဒေသစာဖြစ်သော ရှမ်းထမင်းချဉ်နှင့် တို့ဟူးနွေးကြော်တို့ကို မြည်းစမ်းကြည့်ကြသည်။ တွယ်တာက ထမင်းချဉ်ထက် တို့ဟူးနွေးကို ခံတွင်းလိုက်နေ၏။

"နောက်ထပ် နာမည်ကြီး ဒေသစာတစ်ခုရှိသေးတယ်၊ သိလား . . . တွယ်တာ၊ အဲဒါကိုလည်း ရောက်တုန်းမဖြစ်မနေ မြည်းကြည့်ရမယ်"

"ဘာလဲဟင် . . . ကိုကို"

"ဝိုင်လေ၊ မက်မန်းဝိုင် စပျစ်ဝိုင် . . . အိုး . . . အစုံပဲ၊ ရာသီဥတုအေးအေးနဲ့ သောက်လိုက်ရရင် ဇိမ်ပဲ"

"ကိုကို မြည်းချင် မြည်းပေါ့"

"တွယ်တာကော . . ."

"အမယ် . . . တွယ်တာက ကိုရီးယားမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးတယ်နော် . . . တွယ်တာ"

"အေး . . . အေး . . . ကိုကို့ရင်ခွင်ထဲမှာဆို နွေးနေတာပဲဟာ"

"အင်း . . . အဲဒါတော့ ဟုတ်တယ်နော်၊ အဟင်း . . . ခုတောင် ဟော်တယ်ကို ပြန်ချင်လာပြီ"

"ဟင်းနော် . . . ကိုကို"

ထိုနေ့က ပွဲဦးထွက်အဖြစ် မြို့လယ်မှ တရုပ်ဘုံကျောင်းသို့ သွားရောက်လေ့လာပြီး ဆွယ်တာအရောင်းဆိုင်နှင့် ဝိုင်လုပ်ငန်းများသို့ လှည့်လည်ကြည့်ရှုကာ စိတ်ကြိုက်ဝယ်ယူခဲ့ကြ၏။ ညနေစောင်းတွင်ပင် အအေးဓါတ်က သိသိသာသာ ပိုလာသဖြင့် ဟော်တယ်သို့ ပြန်လာခဲ့ကြရ၏။ သီဟတို့ တည်းခိုနေသည့် နန်းမြိုင်ဟော်တယ်သည် ရှေးဟောင်းအဆောက်အဦးတစ်ခုဖြစ်သည်။ ကျယ်ဝန်းလှပသော မြေဇကမြောက်များစွာအပေါ်တွင် အဆောက်အဦတစ်ခုစီကို တစ်ခေါ် ခန့်ခြား၍ ဆောက်လုပ်ထားခြင်း ဖြစ်၏။ နန်းမြိုင်ဟော်တယ်သို့ ဝင်ပေါက်နှစ်ပေါက်ရှိပြီး အထွက်ပေါက်မှာ စစ်တက္ကသိုလ်နှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။

အဝင်ပေါက်ရှေ့ဖက်တွင်တော့ နန်းမြိုင်လမ်းနှင့် စန္ဒာလမ်းဆုံရှိ၏။ အဆောက်အဦက ရှေးဆန်သလို ဖြည့်ဆည်းပေးထားသော 'ဖယ်ဆယ်လတီ' များမှာလည်း ရှေးဟောင်းနှင့် ခေတ်ပေါ်ပစ္စည်းများ ရောနှောလျက်ရှိသည်။ သီဟနှင့် တွယ်တာတို့





ပုံဟောင်းဆက်တီများတွင် အနားယူရင်း ဒေသအစားအစာနှင့် ဝိုင်ကို မြည်းစမ်းကြည့်ကြ၏။ တွယ်တာကတော့ ဝိုင်ကို အရသာသိရုံလောက်သာ တစ်ငုံ,ငုံသည်။

သီဟက ဝိုင်တစ်လုံးကုန်အောင်ဖြိုပြီး၊ မူးလာ၍ ခဏလှဲလိုက်ရာမှ အိပ်ပျော်သွား၏။ တွယ်တာတစ်ယောက်ထဲ စားကြွင်းစားကျန်များ သိမ်းဆည်းပြီး အိပ်ရာဝင်ဖို့ ပြင်သည်။ မူးပြီးမှောက်နေသော သီဟရင်ခွင်ထဲ ဝင်တိုးပြီး မှေးစက်၏။ ရုတ်တရက်တော့ အိပ်မပျော်။ မျက်လုံးကြောင်ပြီး ဟိုတွေးဒီတွေး၊ ဟိုကြည့်ဒီကြည့်နှင့် တဖြည်းဖြည်း ကြောက်စိတ်ဝင်လာသည်။ သို့နှင့် စောင်ခေါင်းမြီးခြုံကာ အိပ်ဖို့ ကြိုးစားရ၏။

ကြာတော့လည်း အသက်ရှူမွန်းကျပ်ပြီး လှောင်အိုက်လာသဖြင့် စောင်ကို လှပ်လိုက်သည်။ ရုတ်တရက် သူ့ရှေ့တွင် ဆံပင်ဖားလျားနှင့် မိန်းမတစ်ယောက်ကို တွေ့လိုက်ရ၍ အသည်းအသန် ထိတ်လန့်သွား၏။ ကြောက်ကြောက်နှင့် ကြုံးအော်တော့လည်း အသံက မထွက်။

ဘာလုပ်လို့ လုပ်ရမှန်း မသိသည့်အတွက် ခေါင်းအုံးနှင့် လှမ်းပေါက်လိုက်၏။ ထိုအခါ ဆံပင်ဖားလျားနှင့်မိန်းမ ရုတ်တရက် ပျောက်သွားပြန်သည်။ သူ့စိတ်ကပဲ ထင်ယောင်မြင်ယောင်နေသောလား၊ တကယ်ပဲ သရဲခြောက်တာလား သူစဉ်းစားမရတော့။ သူ တကယ်ကြောက်နေမိသဖြင့် သီဟကို လှုပ်နှိုးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို . . . ကိုကို . . . ထပါဦး"

"ဟင် . . . အင်း . . . အီး . . . "

သီဟက ညည်းညူမြည်တမ်းရင်း တစ်ဖက်သို့လှည့်ကာ ဆက်အိပ်နေပြန်သဖြင့် တွယ်တာ အတော်စိတ်ပျက်သွား၏။ အကြောက်ပြေသွားစေရန် အခန်းတွင်းရှိ မီးများအားလုံး ဖွင့်ထားလိုက်သည်။ တစ်ခန်းလုံး လင်းလင်းချင်းချင်းနှင့်ဆိုတော့ အတန်ငယ် ရဲတင်းလာ၏။ အခန်းတွင်း မြင်ကွင်းကို လှည့်ပတ်ကြည့်လိုက်သည်။ ဆံပင်ဖားလျားနှင့် မိန်းမကို အရိပ်အယောင်မျှပင် မတွေ့ရ။ အကြောက်ပြေသွားသဖြင့် ကုတင်ဘေးမှ မှန်တင်ခုံရှေ့တွင်ထိုင်ပြီး ခေါင်းဖီးကာ ဆံပင်တွေ ရှင်းနေလိုက်သည်။

ထိုစဉ် မှန်ထဲမှ သူ့ပုံရိပ်ဘေးတွင် သူနှင့်တူသော မိန်းကလေးတစ်ယောက်ပုံပေါ်လာ၏။ ထိုမိန်းကလေးက မျက်မှန်နှင့်။ သူသိလိုက်ပြီ။ ဒါတွယ်တာပဲ။ အဲ . . . မဟုတ်ဘူး အကြင်နာ။ အဲဒါ အကြင်နာ။ အကြင်နာက သေပြီပဲ။

တွယ်တာ စိတ်ချောက်ချားစွာနှင့် မှန်တင်ခုံပေါ်ရှိ ပစ္စည်းများနှင့် မှန်ကို ပစ်ပေါက်လိုက်သည်။ ထိုအခါမှ မှန်ထဲက ပုံရိပ်တစ်ခုပျောက်သွား၏။ တွယ်တာ့အော်သံများ ဆူညံပွက်လောရိုက်နေသဖြင့် သီဟလည်း မူးကြောင်ကြောင်နှင့် နိုးလာ၏။

"တွယ်တာ . . . တွယ်တာ . . . ဘာဖြစ်တာလဲ . . . ဘာဖြစ်လို့လဲ"





သီဟ အသံကြားလိုက်၍ တွယ်တာ ကုတင်ပေါ် ခုန်တက်ပြီး သိမ်းကြုံးဖက်ထားမိ၏။

"တွယ်တာ . . . ဘာဖြစ်လဲ ကိုကို့ကိုပြော . . . "

"သရဲ . . . သရဲ . . . သရဲခြောက်တယ် ကိုကို၊ တွယ်တာ ဒီမှာမနေချင်ဘူး၊ ဟော်တယ်ပြောင်းမယ်"

"တွယ်တာကလည်း ညကြီးအချိန်မတော် ပြောင်းလို့ရမလား၊ ပြီးတော့ သရဲခြောက်တယ်ဆိုတာလည်း မဖြစ်နိုင်ပါဘူး"

"တကယ်ပြောတာပါ ကိုကို၊ တွယ်တာ အရမ်းကြောက်တယ် ကိုကိုရယ်"

တွယ်တာ တကယ်ကြောက်နေမှန်း သီဟသိနေသည်။ ချမ်းအေးသည့် ရာသီမှာပင် သူ့တစ်ကိုယ်လုံး ချွေးစို့နေတာ မြင်နေရ၏။ တွယ်တာ့ကို အားပေးနှစ်သိမ့်မှ ဖြစ်တော့မည်ဆိုတာ သီဟသိလိုက်သည်။

"အိပ်ရာအပြောင်းအလဲမို့ စိတ်က ထင်နေတာ ဖြစ်မှာပါ တွယ်တာရာ"

"မဟုတ်ဘူး ကိုကို၊ အကြင်နာ မကျွတ်ဘူးထင်တယ်"

"ဟင် . . . "

ကြောက်လန့်စိတ် သက်သာလိုဖေနှင့် တွယ်တာဖွင့်ပြောလိုက်မိ၏။ သီဟမျက်နှာတွင် တွေဝေမှုများ ဖြစ်ပေါ်လာသည်။ ဝေခွဲမရဟန်နှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြောနေတာလဲ တွယ်တာရယ်၊ သူဆုံးတာ ခုနစ်နှစ်ရှိပြီလေ၊ သူမကျွတ်ဘူးဆိုရင် အစောကြီးကတည်းက ခြောက်မှာပေါ့"

"အဲဒါတော့ မပြောတတ်ဘူး ကိုကို၊ ရန်ကုန်က ယော်တယ်မှာကတည်းက သူပေါ်လာတာ၊ သိပ်မသေချာလို့ မပြောခဲ့တာ၊ အခု ဒီအထိလိုက်လာပြီး ခြောက်တာ ကိုကိုရဲ့"

"ဘယ်လိုခြောက်တာလဲ"

"ကိုယ်ထင်ပြတယ်၊ ပြီးတော့ မှန်ထဲမှာ ပေါ်လာတယ်၊ ဟိုးတုန်းကလို နှစ်ယောက်တွဲပုံ ပေါ်လာတာ"

အပြောအဆိုနှင့် အမူအရာအရ တွယ်တာ တကယ်ပြောနေခြင်းဖြစ်သည်ဆိုတာ သီဟသိလိုက်၏။ သို့သော် မဖြစ်နိုင်မှန်းလည်း သိနေသဖြင့် သီဟစိတ်ညစ်သွားသည်။ ဝိုင်၏ရီဝေမှုတို့ပင် ကုန်ဆုံးသွားသလိုလို။

"တွယ်တာ စိတ်စွဲနေလို့ ဖြစ်မှာပါကွာ"

"စိတ်စွဲလို့ မဟုတ်ဘူး ကိုကို၊ တွယ်တာ သူ့ကို သတိတောင်မရဘူး"

တွယ်တာ့အဖြေကြောင့် သီဟလည်း ဘာပြန်ပြောရမှန်း မသိတော့။ ထိတ်လန့်မှု ပြေပျောက်သွားစေရန် ကျောကိုပွတ်သပ်၍ နှစ်သိမ့်ပေးနေလိုက်သည်။

"ကဲပါ . . ကိုကိုတစ်ယောက်လုံး ရှိတယ်၊ ဘာမှကြောက်





မနေနဲ့၊ ဘုရားစာရွတ်ပြီး ကိုကို့ရင်ခွင်ထဲမှာ အိပ်ပျော်အောင် အိပ်လိုက် . . . ဟုတ်ပြီလား"

ချော့ချော့မော့မော့နှင့် တွယ်တာ့ကို အတင်းနှစ်သိမ့်ရသည်။ ကြောက်စိတ်ပြေပျောက်စေရန် ရင်ခွင်ထဲထည့်ပြီး ဖက်ထားလိုက်၏။

"တွယ်တာ . . . မီးတွေလည်း အကုန်ဖွင့်ထားတယ်၊ ကိုကိုလည်း ဖက်ထားတယ်၊ မကြောက်နဲ့တော့၊ စိတ်ချလက်ချအိပ်လိုက်၊ မနက်ကလည်း တစ်နေကုန် ပင်ပန်းထားတာ . . . ဟုတ်လား"

"အင်း . . . ကိုကို ထမသွားနဲ့နော်"

"အင်းပါ . . . တွယ်တာရဲ့"

တွယ်တာ အကြောက်ပြေသွားသည်လား၊ ပင်ပန်းသွားသည်လား မသိ။ တကယ် အိပ်ပျော်သွားတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တောင်ကုန်းမို့မို့လေးပေါ်တွင် တည်ထားသော မဟာအံ့ထူးကံသာ ရုပ်ပွားတော်မြတ် ကိန်းဝပ်စံပါယ်သည့် စေတီတော်က အဝေးမှ ဖူးမြော်ရတာပင် ကြည်ညိုဖွယ် သပ္ပါယ်လှသဖြင့် သီဟနှင့်တွယ်တာတို့ ဖူး၍မဝနိုင်ဖြစ်ကာ၊ ကားပေါ်မှပင် လက်အုပ်ချီမိ၏။

ယာဉ်ရပ်နားစခန်းတွင် ကားရပ်ပြီးနောက် သီဟနှင့် တွယ်တာ အတူလက်တွဲ၍ စေတီတော်စောင်းတန်းမှ တက်လာခဲ့ကြသည်။ စေတီတော်၏လှိုဏ်ဂူအတွင်း မဟာအံ့ထူးကံသာ ရုပ်ပွားတော်ကို ဖူးကြသည်။ သည်ရုပ်ပွားတော်မြတ်ကို တရုတ်ပြည်သို့ ပို့ဆောင်စဉ် ကားပေါ်မှ ပြုတ်ကျကျန်ရစ်သည်။ ကရိန်းကြီးများ၊





ဝန်ချီစက်များနှင့် အမျိုးမျိုးပြန်ပင့်သော်လည်း မည်သို့မျှပင့်ဆောင်၍မရသဖြင့် ပြုတ်ကျသည့်နေရာအနီးမှာပင် ယာယီစံကျောင်းနှင့် ပူဇော်ထားခဲ့ရသည်။

နောက်မှ ဤစေတီကိုတည်၍ ပင့်ဆောင်ရွှေ့ပြောင်းကာ အများပြည်သူ၏ ပူဇော်အထူးကို ခံယူတော်မူခဲ့ခြင်း ဖြစ်သည်။ တန်ခိုးကြီးမားသည့်အပြင် ဆုတောင်းပြည့်လှသောကြောင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများနှင့် ဝင်လာမစဲ တသဲသဲ စည်ကားသွားခြင်း ဖြစ်သည်။

"တွယ်တာ . . . ဒီရုပ်ပွားတော်မြတ်က ဆုတောင်းသိပ်ပြည့်တာတဲ့၊ တွယ်တာစိတ်စွဲပြီး ထိတ်လန့်နေတာတွေ ပျောက်သွားအောင် တိုင်တည်ဆုတောင်းလိုက်နော်"

တွယ်တာက ယုံကြည်စိတ်နှင့် ခေါင်းညိတ်ပြပြီး အာရုံပြုကာ ဘုရားရှိခိုးနေသဖြင့် သီဟလည်း ဘေးမှထိုင်စောင့်ပေးနေခဲ့၏။ ဘုရားရှိခိုးပြီးပြန်တော့ ပုတီးစိပ်နေသေးသဖြင့် သီဟအသာထကာ စေတီတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာနေမိသည်။

တွယ်တာမှာ အားပါးတရ ဘုရားရှိခိုးပုတီးစိပ်ပြီးနောက် စိတ်ထဲမှ တီးတိုးဆုတောင်းကာ အမျှဝေနေ၏။

"ညီမလေး . . . ငါ့ကို ခွင့်လွှတ်ပါ၊ ညီမလေးအတွက် ရည်စူးပြုလုပ်ခဲ့တဲ့ ကုသိုလ်ဒါနအစုစုကိုလည်း အမျှပေးဝေပါတယ်၊ ရောက်ရာဘုံဘဝက ကြားသိသာဓုခေါ်ပြီး ကျွတ်တမ်းဝင်နိုင်ပါစေ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုလည်း မခြောက်မလှန့်ပါနဲ့တော့ ညီမလေးရယ်၊ ငါအနူး အညွတ်တောင်းပန်ပါတယ်”

“ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား”

တွယ်တာဆုတောင်းအပြီးတွင် အူလှိုက်အသည်းလှိုက် ရယ်သံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ထိတ်လန့်တုန်လှုပ် သွားသဖြင့် သူမလည်း တပျာကယာ မျက်လုံးဖွင့်ကြည့်လိုက်တော့ အနီးအပါးတွင် ဘုရားဖူးအချို့ ရယ်မောနေသည်ကို တွေ့လိုက်ရမှ သက်ပြင်းချမိ၏။ သို့သော် ကိုကို့ကို မတွေ့ရသဖြင့် စိတ်ပူသွားကာ ခပ်သွက်သွက်ထပြီး စေတီအတွင်း လှည့်ပတ်ရှာလိုက်၏။

ကိုကိုက စေတီတော်အတွင်းမှ ဓါတ်ပုံမှတ်တမ်းများကို ကြည့်နေ၏။ ကိုကိုဘေးမှရပ်၍ ကောင်မလေးတစ်ယောက်လည်း ဓါတ်ပုံမှတ်တမ်းများကို ကြည့်နေ၏။ ကိုကို့နားအကပ်တွင် ကိုကို့ ဘေးမှကောင်မလေး ရုတ်တရက် လှည့်ထွက်လာ၏။ မျက်မှန်နှင့် ကောင်မလေးကိုမြင်တော့ တွယ်တာ အမှတ်တမဲ့ လန့်အော်မိသည်။

“အမလေး . . .”

တွယ်တာ့အော်သံကြောင့် ကောင်မလေးနှင့် ကိုကိုပါ လန့်သွားကြ၏။

“ဟင် . . . တွယ်တာ၊ ဘာဖြစ်တာလဲ”

“လန့် . . . ရုတ်တရက်မို့ လန့်သွားတာပါ . . . ကိုကို”

“ဖြစ်မှဖြစ်ရလေ တွယ်တာရယ်”





သီဟလည်း တွယ်တာ့လက်ကိုဆွဲပြီး စေတီတော်ထဲမှ ထွက်လာခဲ့၏။ ကားကို တစ်နေကုန်ငှားလာသည်မို့ နောက်ထပ်ခရီးစဉ် ဆွဲကြသည်။

“တွယ်တာ ဘယ်တွေသွားချင်လဲ”

“ရေတံခွန်တွေ ရှိတယ်ဆို၊ ပြီးတော့ ကန်တော်ကြီးဥယျာဉ် လည်း သွားချင်တယ်၊ အို . . . အကုန်အစုံသွားမယ် ကိုကိုရာ”

“အိုကေ . . .”

ထို့နောက် သူတို့လည်း ကားပေါ်တက်ပြီး ကားဆရာ အား နေရာစုံပို့ပေးရန်သာ ပြောလိုက်တော့၏။ ပထမဆုံး မဟာ အံ့ထူးကံ့သာနှင့် အနီးဆုံးဖြစ်သော ပွဲကောက်ရေတံခွန်သို့ ရောက် ခဲ့ကြသည်။ ရန်ကုန်ရှုခင်းများနှင့် ဘာမှမဆိုင်ဘဲ ရှင်းသန့်သော လေ၊ ကျယ်ပြော့ပြန့်ပြူးသော မြင်ကွင်းနှင့် အလှကြီးလှနေသည့် ဒေသက မင်္ဂလာဦးဇနီးမောင်နှံအတွက် ကြည်နူးပျော်ရွှင်မဆုံးခံစား ရ၏။

တွယ်တာ့မျက်နှာလေး လန်းကာ ပျော်ရွှင်နေပုံရသဖြင့် သီဟလည်း စိတ်ချမ်းသာနေ၏။ ရေတံခွန်မှ စီးလာသည့် ချောင်း ကိုဖြတ်ဆောက်ထားသည့် တံတားပေါ် လျှောက်လာကြရင်း ရေ တံခွန်တွင် ပျော်မြူးနေသည့်လူများကို လှမ်းကြည့်ကာ အပျော်တွေ ကူးစက်လာသလို ခံစားရသည်။

“တွယ်တာ . . . ရေတံခွန်မှာ ရေကစားဦးမလား”



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကလည်း ဒီလိုမှန်းမှ မသိတာ၊ အခုအဝတ်အစား အပိုပါမလာဘူးလေ၊ ဘယ်လိုလုပ် ကစားမလဲ"

"အင်း . . . ဒါလည်း ဟုတ်တာပဲ"

ရေကစားခွင့်မရသဖြင့် ရှခင်းကို ခံစားပြီး သူများတွေ၏ အပျော်ကိုသာ ငှားသုံးနေကြရ၏။ ဟိုလျှောက်ဒီလျှောက်နှင့် ညောင်းလာတော့ စားသောက်ဆိုင်ထိုင်ပြီး လူတွေကို ကြည့်ကြသည်။ ဤတွင် မိန်းကလေးတော်တော်များများမှာ မျက်မှန်များနှင့် ဖြစ်နေသည်ကို တွယ်တာ သတိပြုမိသွား၏။ ဒါကို သီဟမသိ။ သူက ရောက်လေရာမှာ ပါလာသည့် ကင်မရာနှင့် ရေးကွက်ကောင်း မည့်ပုံများ ရိုက်ယူနေမိသည်။ သူက ပန်းချီဆရာမဟုတ်လား။

"လူတွေ မျက်စိတော်တော်မွဲကြလား မသိဘူး၊ ကြည့်လိုက်ရင် မျက်မှန်တွေနဲ့ချည်းပဲ"

"ဟာ . . . တွယ်တာကလည်း သူတို့ဟာသူတို့ လိုအပ်လို့ တပ်ထားတာ နေမှာပေါ့၊ ဘာတွေလျှောက်ပြောနေတာလဲ"

"မဟုတ်ပါဘူး ကိုကိုရယ်၊ စိတ်အနှောင့်အယှက်ဖြစ်လို့ပါ"

တွယ်တာ့စကားကို သီဟသဘောပေါက်သွား၏။ တွယ်တာ့စိတ်ထဲ အကြင်နာကို စွဲလန်းနေမှန်း သိလိုက်သည်။ ထို့ကြောင့် စိတ်လေးသွားရပြန်၏။ စိတ်ခံစားမှုအပြောင်းအလဲ တစ်ခုခုလို နေပြီမို့ . . .





"ကဲ . . . လာ တွယ်တာ၊ ကန်တော်ကြီးကို ခရီးဆက်ရအောင် . . ."

ဖွတ်အတင်းဆွဲခေါ်ပြီး နေရာပြောင်းခဲ့ကြ၏။ ကန်တော်ကြီးကို ရောက်အောင် အတော်ဝေးဝေး သွားရသေးသည်။ ထိုနေရာက ပြင်ဦးလွင်၏ အလှဆုံးနေရာဖြစ်၏။ ပန်းမျိုးစုံလင်အောင် စိုက်ပျိုးထိန်းသိမ်းထားသော နေရာလည်း ဖြစ်သည်။ ယခင်က ရုက္ခဗေဒဉယျာဉ်ဟုပင် ခေါ်တွင်ခဲ့ကြသည် မဟုတ်လား။

ဉယျာဉ်ထဲ ဘယ်နေရာကြည့်ကြည့် ရောင်စုံပန်းတောကြီးများကိုသာ တွေ့ရသည်။ လှမျိုးစုံလင်၍ လှချင်တိုင်းလှနေသော ပန်းခင်းကို ဖြတ်သန်းပြီး လျှောက်လှမ်းရသည်မှာ နတ်ပြည်နတ်နန်းသို့ တက်လှမ်းရသည့်နှယ် ခံစားရ၏။ သီဟတစ်ယောက် သဘာဝတရားကပေးသည့် အလှအပကို တရှိုက်မက်မက်ခံစားနေမိသော်လည်း တွယ်တာမှာ ကျီးလန့်စာစား ဖြစ်နေသည်။

သူက ပန်းတို့၏အလှအပကို ခံစား၍မရဘဲ ဝတ်ရည်သောက်သုံးနေသည့် လိပ်ပြာမျိုးစုံကိုကြည့်ကာ စိတ်အနှောင့်အယှက် ဖြစ်နေလေ၏။ တစ်ခါတစ်ရံ စိတ်အနှောင့်အယှက်ဖြစ်၍ လှည့်ကြည့်လိုက်လျှင်လည်း လူအုပ်ကြားထဲတွင် အကြင်နာ့ကို ရိပ်ခနဲ တွေ့လိုက်မိသလို ထင်နေသည်။ ကြာတော့ တွယ်တာ မျက်စိမျက်နှာပျက်လာ၏။ မျက်နှာက သွေးဆုတ်ပြီး ဖြူဖပ်ဖြူလျော် ဖြစ်လာသည်။ ချွေးစေးများ ပျံလာကာ ငိုမဲ့မဲ့ဖြစ်နေတော့၏။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



သီဟသတိပြုမိသွားသဖြင့် . . .

"ဟင် . . . တွယ်တာ ဘာဖြစ်လဲ၊ နေမကောင်းဘူးလား"

စိုးရိမ်တကြီးမေးမိမှ တွယ်တာက နီးရာမြက်ခင်းပေါ် ထိုင်ချပြီး ရှိုက်ကြီးတငင် ငိုတော့သည်။ တွယ်တာ ဘာဖြစ်မှန်းမသိသဖြင့် သီဟအတော်စိတ်ပူသွားမိ၏။

"တွယ်တာ ဘာဖြစ်တာလဲ၊ ကိုကို့ကို ပြောစမ်း၊ မငိုနဲ့လေ . . . လူတွေက အများကြီးရယ်၊ တစ်မျိုးထင်ကုန်ဦးမယ်၊ ဘာဖြစ်တာလဲဆိုတာ ကိုကို့ကို ပြောပါဦး တွယ်တာရယ်"

"အကြင် . . . အကြင်နာ . . . တွယ်တာ့နောက်ကို လိုက်နေတယ်လို့ စိတ်ထဲမှာ ခံစားရတယ် ကိုကို၊ အဟင့် . . . သူမကျွတ်ဘူးဆိုတာ ကျိန်းသေပါပြီ"

ရက်ပိုင်းအတွင်းပင် ဓါတ်ပြားဟောင်းဖြစ်သွားသော အကြင်နာ့ဇာတ်လမ်းကို ထပ်ကြားလိုက်ရသဖြင့် သီဟစိတ်ကုန်သွား၏။ သို့သော် တွယ်တာက သူ့ဇနီးတစ်ယောက်ဖြစ်နေပြီ။ ထို့အတွက် တွယ်တာ၏ကိစ္စကြီးငယ်မှန်သမျှကို ဖြေရှင်းပေးဖို့ သူ့မှာ တာဝန်ရှိနေသည်။

ခက်နေသည်က စီးပွားရေး၊ လူမှုရေးပြဿနာမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာပြဿနာဖြစ်နေ၍ ဘယ်လိုနှစ်သိမ့်ဖျောင်းဖျရမှန်းမသိ အခက်ကြုံနေ၏။

"ခက်တယ် တွယ်တာ၊ တွယ်တာတော့ ဥပါဒါန်ကြောင့်





ဥပဒ်ရောက်နေပြီ၊ စိတ်မစွဲသင့်တာကို ဘာလို့စိတ်စွဲနေရတာလဲ"

"ကိုကိုက တွယ်တာ့ကိုတောင် မယုံတော့ဘူးလား"

"မယုံတာ မဟုတ်ပါဘူး တွယ်တာရယ်၊ ကဲ . . . ပြောတွယ်တာ ဘာလုပ်ချင်သလဲ"

သီဟ ထိုသို့မေးတော့လည်း သူမ ချက်ချင်းမဖြေနိုင်။ တွေတွေငေးငေး စဉ်းစားသလိုနှင့် ကောင်းကင်ကြီးကို မော့ကြည့်နေ၏။ အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေပြီးမှ . . .

"သူ့အတွက် အလှူဒါနပြုပြီး အမျှအတန်းဝေပေးချင်တယ် ကိုကို"

ဒီလောက်ကတော့ ဖြစ်သင့်သော၊ လုပ်သင့်သော ကိစ္စဖြစ်နေ၍ သီဟသဘောတူသည်။ ဒါ တွယ်တာ့အတွက် စိတ်ခွန်အားတက်စေမည့် ကုထုံးတစ်မျိုးလည်း ဖြစ်လာနိုင်သည်လေ။

"ကောင်းတာပေါ့ တွယ်တာရဲ့၊ ရန်ကုန်ပြန်ရောက်မှ လုပ်မလား၊ အခု လုပ်မလား"

"ဒီမှာပဲ ချက်ချင်းလုပ်လိုက်ချင်တယ် ကိုကို"

ချစ်ဇနီး၏ဆန္ဒကို ဖြည့်ပေးဖို့က လင်သား၏တာဝန်သာဖြစ်သည်မဟုတ်လား။ သီဟက တွယ်တာ့အား လည်ဦးပတ်ဦးမှာလားမေးတော့ ခေါင်းရမ်းပြရင်း သက်နိုးဒွိစုံနှစ်စုံနှင့် နဝကမ္မငွေသုံးသောင်းလောက်ကို ပြင်ဦးလွင်က ဆရာတော်တစ်ပါးအား ကပ်လှူလိုကြောင်း ပြောလာသည်။ သို့နှင့် သီဟက ကားဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့်တိုင်ပင်ပြီး သက်နဲ့များဝယ်ကာ ဘုန်းကြီးကျောင်းတစ်ကျောင်းဆီ ရောက်လာခဲ့ကြ၏။

ကျောင်းထိုင်ဆရာတော်အား အကျိုးအကြောင်းရှင်းပြကာ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို လျှောက်ထားလိုက်တော့ ဆရာတော်က ချက်ချင်းပင် လက်ခံသဖြင့် သီဟတို့အား ငါးပါးသီလခံယူဆောက်တည်စေပြီး တရားတော်များ ချီးမြှောက်၍ အမျှအတန်းပေးဝေ၏။ လှူဖွယ်ပစ္စည်းကို လက်ခံပြီး ရေစက်ချသည်။ ပြီးမှ . . .

"အင်း . . . သေလွန်ပြီးသော သူတို့ တောင့်တတတ်တာ တစ်မျိုးပဲ ရှိပါတယ်၊ အဲဒါက သူတို့အတွက် ရည်စူးကုသိုလ်နဲ့ အမျှအတန်းပေးဝေမှုပါပဲ"

"တင်ပါ့ဘုရား . . ."

"ဒီနေရာမှာလည်း အမျှဝေတာကို ကြားသိသာဓုခေါ်နိုင်တဲ့ ဘုံဘဝကလည်း ရှားသားကလား"

"မှန်ပါ့ဘုရား . . ."

"ဘုရားဟော ဝိမာနဝတ္ထု၊ ပေတဝတ္ထုတွေမှာ ပြဆိုထားသလို အပါယ်လေးဘုံမှာ ပြိတ္တာဘုံရောက်သူတို့ ကြားသိသာဓုခေါ်နိုင်သတဲ့၊ အင်း . . . ပြိတ္တာလေးမျိုးရှိတယ် ဒကာ၊ ပရဒတ္တူပဇီဝိကပြိတ္တာ၊ ခုပ္ပိပါသိကပြိတ္တာ၊ နဇ္ဈာမတဏှိကပြိတ္တာနဲ့ ကာလကဉ္စိကပြိတ္တာဆိုပြီးရှိတယ်"





"တင်ပါ့ . . ."

"အဲဒါတွေကို ထပ်ပြီး ခွဲခြားရင် ထင်ရှားမှုကို အစွဲပြုပြီး နောက်ထပ် ၁၂ မျိုး ထပ်ရှိသေးတယ်၊ အဲဒါကို အကျယ်ချဲ့နေရင် လိုရင်းရောက်မှာ မဟုတ်ဘူး"

"မှန်လှပါဘုရား . . ."

"အမိက,ကတော့ ဒီလိုပြိတ္တာဘုံဘဝသားတွေအတွက် ကုသိုလ်ပြုချင်ရင် အလှူခံပုဂ္ဂိုလ်က စင်ကြယ်ရမယ်၊ နောက်တစ်ချက်က တစ်စုံတစ်ဦး သေဆုံးကွယ်လွန်၍ ပြိတ္တာဘုံ စသည်တို့ကို ရောက်ရှိသွားသဖြင့် ရည်ညွှန်းလှူဒါန်းရာ၌ ပရဒတ္တူပဇီဝိကပြိတ္တာမျိုး၌ဖြစ်လျှင် ရည်ညွှန်းလှူဒါန်းသည့်အတိုင်း စည်းစိမ်ချမ်းသာကို ခံစားရတယ်၊ ထိုမှအပ တစ်ခြားပြိတ္တာမျိုး၌ဖြစ်စေ ငရဲ၌ဖြစ်စေ ရောက်ရှိနေလို့ ကုသိုလ်အကျိုးကို မခံစားရသည်ဖြစ်စေ အလှူရှင်သည် အကျိုးမဲ့မဖြစ်၊ အကျိုးရှိသည်သာဖြစ်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ် ဇာဏုဿောဏိသုတ်မှာ မြတ်ဘုရားကိုယ်တိုင် ဟောကြားတော်မူခဲ့တယ် ဒကာ၊ ဒကာမလေးတို့ . ."

"မှန်လှပါဘုရား . . ."

"အေး . . . အေး . . . ကိုင်း ဘာများသိချင်ကြသေးသတုန်း"

"မှန်ပါ . . . အစွဲအလန်းကြီးလို့ အခြောက်အမြင်နဲ့ခံရသလို စိတ်စွဲနေတာမို့ သိမ်ဝင်ပုတီးနဲ့ ပရိတ်ရေ ချီးမြှင့်ပေးတော်မူ



www.burmeseclassic.com

www.burmeseclassic.com



ပါဘုရား"

"သြော် . . . ဒီလိုလား၊ ရ,ရစေမပေါ့"

ဆရာတော်က ထိုမျှသာ မိန့်ပြီး ဘုရားစင်ထက်မှ ပုတီးတစ်ကုံးနှင့် ပရိတ်ရေတစ်ပုလင်း ပေးသနား၏။

"ကိုင်း . . . လိုရာဆန္ဒပြည့်ဝပြီး စိတ်နှလုံးချမ်းမြေ့ကြပါစေကွယ်"

သီဟနှင့် တွယ်တာလည်း ဆရာတော်ကို ဝတ်ဖြည့်ကာ ဟော်တယ်သို့ ပြန်လာခဲ့ကြ၏။ ဟော်တယ်ရောက်၍ ရေမိုးချိုး အဝတ်အစားလဲပြီးသည်နှင့် တွယ်တာက သိမ်ဝင်ပုတီးကို လက်မှ မချတော့ချေ။ နှုတ်မှ တဖွဖွရွတ်၍ ပုတီးကို တချောက်ချောက် စိပ်နေတော့၏။ တွယ်တာ စိတ်အေးအေးနေရလျှင်ပြီးရောဟု သဘောထားကာ သီဟလည်း အားကစားချယ်နယ် ESPN ကိုသာ ဖွင့်ကြည့်နေလိုက်သည်။

ညကိုးနာရီလောက်တွင်မှ တွယ်တာ စိတ်ငြိမ်သွားပုံရသည်။ ပုတီးကို လည်ပင်းမှာစွပ်ပြီး သီဟနားသို့ လာထိုင်၏။ သီဟက တွယ်တာ့ကို နွေးထွေးကြင်နာစွာ ကြည့်လိုက်ရင်း . . .

"ကဲ . . . ချစ်ဇနီးလေး၊ မနက်ဖြန်ကျရင် ဘယ်ကိုသွားချင်သလဲ၊ ဘာလုပ်ချင်သလဲ ကိုကို့ကို ပြော . . ."

တွယ်တာက သီဟပခုံးပေါ် မှီတွယ်မှေးစက်လိုက်ရင်း

"မနက်ကျရင် လက်မှတ်စုံစမ်း ကိုကိုရာ၊ ရရင် ညနေပြန်





မယ်၊ မနက်ပိုင်း အနီးအနားလျှောက်သွားရရင် တော်ပါပြီ"

"တွယ်တာ ပြန်ချင်ပြီပေါ့"

"ဟုတ်တယ် ကိုကို၊ ရန်ကုန်မှာက ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ ပိုပြီးစိတ်သက်သာရာ ရမလားလို့လေ"

"အင်း . . . ဒါလည်း ကောင်းသားပဲ"

"ရန်ကုန်ရောက်ရင်လည်း ကုသိုလ်ကောင်းမှုပြုပြီး အမျှဝေချင်သေးတယ်၊ ဘာကြောင့်ပဲ အလှူလုပ်လုပ် အကြွင်နာ့ကို အမျှဝေရမယ်နော် ကိုကို"

"အင်းပါ . . တွယ်တာရယ်၊ ကောင်းတာလုပ်တာပဲဟာ၊ တွယ်တာဆန္ဒရှိသလိုလုပ် . . . ဟုတ်ပြီလား"

"ကျေးဇူးပါ ကိုကို"

"အမယ် . . . လင်မယားချင်း ဒီစကားပြောစရာလား"

တွယ်တာက သီဟလက်မောင်းကို အားကိုးတကြီး ဖက်တွယ်၍ မူနွဲ့နွဲ့လေး ပြောပြန်သည်။

"တွယ်တာ အိပ်ပျော်သွားတဲ့အထိ ကိုကိုစောင့်ပေးရမယ်နော်၊ တွယ်တာအိပ်ပျော်မှ ကိုကိုအိပ်ရမယ်နော် . . . ကြောက်လို့"

"အင်းပါ တွယ်တာရယ်၊ အခု တွယ်တာ အိပ်ချင်ပြီလား၊ အိပ်မယ်ဆိုရင် ပုတီးကို ခေါင်းအုံးအောက်ထားအိပ်နော်"

"အဟင်း . . . အင်းပါ ကိုကိုရဲ့"

သီဟ တွယ်တာ့ကို ပွေ့ချီ၍ ကုတင်ပေါ် တင်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ တွယ်တာ အိပ်ပျော်သည်အထိ ငုပ်တုပ်ထိုင်ကြည့်နေလိုက်သည်။ ထိုညက တွယ်တာ ကောင်းကောင်းအိပ်ရ၏။ မနက်လင်းတော့ ဖုန်းနှင့် လက်မှတ်စုံစမ်းရာ ရွှေစင်စကြာယာဉ်လိုင်းမှ ရသဖြင့် မနက်ပိုင်း မြို့ထဲလျှောက်လည်ပြီး ညနေတွင် ပြင်ဦးလွင်ကို နှုတ်ဆက်ထွက်ခွာလာခဲ့ကြ၏။

* * * *



"ဟုတ်တယ် ကိုကို၊ မပြောဘူးဆိုပေမယ့် လကုန်ရင် သူဆုံးတာ ရှစ်နှစ်ပြည့်ပြီလေ၊ တွယ်တာ သူ့အတွက် ကောင်းမှုထပ်လုပ်ပေးချင်တယ် ... ကိုကို"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ရန်ကုန်ပြန်ရောက်သည်နှင့် ရက်အတန်ကြာ ပိတ်ထားခဲ့ရသော လုပ်ငန်းများကို နှစ်ယောက်လုံး ပြန်ဖွင့်ကြရသည်။ မင်္ဂလာကိစ္စပြင်ဆင်ချိန်မှစ၍ ပျားရည်ဆမ်းခရီးစဉ် ပြီးသည်အထိ အားလုံး ဆယ်ရက်ခန့် အချိန်ကုန်ခဲ့သည် မဟုတ်လား။

သီဟ ပြခန်းကိုရောက်တော့ အလုပ်သမားကောင်လေးနှစ်ယောက် ရောက်နှင့်နေပြီ။ သီဟ ညကတည်းက ဖုန်းဆက်အကြောင်းကြားထား၍ သူတို့ဝိရိယကောင်းနေကြခြင်း ဖြစ်ပုံရသည်။

"ဒီကြားထဲ ဘယ်သူတွေ ဆက်သွယ်ကြသေးလဲကွ"

"ပန်းချီအောင်နိုင်မော်နဲ့ Kကျော်တို့ ဆက်သွယ်တယ်၊





ဆရာမှာထားတဲ့ ပန်းချီကားတွေ လာပို့မလို့တဲ့"

"ဪ . . . အေး . . . ငါရောက်ပြီဆိုတာ ဖုန်းပြန်ဆက်လိုက်"

"ဟုတ်ကဲ့ . . ."

ချိတ်ထားတာကြာပြီး ရောင်းမထွက်သည့် ပန်းချီကားအချို့ကို ဖြုတ်သိမ်း၍ ပန်းချီကားအသစ်များနှင့် လဲလှယ်အစားထိုးပြီး အမြင်ပသာဒပြောင်းသွားအောင် ပြင်ဆင်နေလိုက်၏။ သီဟက ကိုယ်တိုင်ပန်းချီဆွဲသလို၊ ပြခန်းဖွင့်ပြီး သူငယ်ချင်းပန်းချီဆရာများ၏ ပန်းချီကားများနှင့် သူ့လက်ရာကားများကို စုစည်းပြသရောင်းချပေးသူလည်း ဖြစ်သည်။

မနက်ဆယ်နာရီလောက်တွင် အဓိကဖောက်သည် ကပ်စတန်မာဖြစ်သည့် စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာစောသိန်းရောက်လာ၏။ သီဟနှင့် အတော်ရင်းနှီးသော ပုဂ္ဂိုလ်လည်းဖြစ်သည်။

"ဟော . . . အစ်ကိုကြီး၊ ဘယ်ကဘယ်လို မျက်စိလည်လာတာလဲ"

"မလည်ပါဘူးကွာ၊ ဒီကိုပဲ တကူးတက လာတာပါ၊ တော်သေးတာပေါ့ . . . မင်းတို့ ဟန်းနီးမွန်းက ပြန်ရောက်နေ[illegible]"

"ဟုတ်တယ် အစ်ကိုကြီး၊ တွယ်တာ့ကြောင့် [illegible]ချင်းဆိုသလို ပြန်လာခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်လို့လဲ”

“တွယ်တာတို့က ရင်ချင်းဆက်အမွှာပါ။ လွန်ခဲ့တဲ့ ခုနစ်နှစ်က ခွဲစိပ်မှုလုပ်တဲ့အချိန်မှာ နောက်တစ်ယောက်ဖြစ်တဲ့ အကြင်နာက တိမ်းပါးသွားခဲ့တာလေ”

“ဟင် . . . ဟုတ်လား၊ ကိုယ်တောင် မသိခဲ့ပါလား”

“ဟုတ်တယ် . . . တော်ရုံတန်ရုံ ဘယ်သူ့ကိုမှ ပြောမပြခဲ့ဘူး အစ်ကိုကြီး”

“အမွှာဆိုတော့ ရုပ်ချင်းဆင်ရင် နှစ်ယောက်လုံးချောမှာပဲ၊ မောင်ရင့်မဟေသီကတော့ မင်္ဂလာဆောင်မှာ မြင်ဖူးလိုက်တယ်လေ”

“ဟုတ်ကဲ့ . . . ချွတ်စွတ်ဆိုသလိုပါပဲ၊ ဒါပေမယ့် တွယ်တာက နှလုံးအားနည်းတယ်၊ အကြင်နာက မျက်စိအားနည်းတယ်၊ မျက်မှန်သမား . . .”

“ဪ . . . ဒါနဲ့ ဟိုမှာ တွယ်တာဘာဖြစ်လို့လဲ”

“အင်း . . . အကြင်နာ မကျွတ်ဘူးတဲ့၊ သူ့ကို ကိုယ်ထင်ပြပြီး ခြောက်တယ်တဲ့၊ ကျွန်တော်တော့ မသိရ မမြင်ရဘူးပေါ့”

“အဆန်းပါလားကွ၊ ဆုံးတာ ခုနစ်နှစ်ရှိပြီဆို၊ အရင်တုန်းကကော . . .”

“အခုမှ ခြောက်တာတဲ့ အစ်ကိုရဲ့၊ ဒီလို အစ်ကိုရေ ဒီလို”

သီဟက မင်္ဂလာဆောင်တွင် လိပ်ပြာလာနားပုံမှစ၍





နောက်ဆုံးအခြေအနေထိ ပြန်ရှင်းပြရသည်။ အားလုံးဇာတ်ရည်လည်တော့ စိတ်အထူးကုဆရာဝန်ကြီးပင် မျက်တောင်ပုတ်ခတ်ပုတ်ခတ် ဖြစ်သွား၏။

“စိတ်နယ်လွန်အဖြစ်လို့ ဆိုရအောင်လည်း လိပ်ပြာကိစ္စက မောင်ရင်ကိုယ်တိုင် မျက်မြင်မဟုတ်လား”

“အဲဒါကြောင့် ကျွန်တော်ပါ အူကြောင်ကြောင် ဖြစ်နေတာပေါ့ အစ်ကိုရ”

“အင်း . . . အခြေအနေ ဒီထက်ဆိုးလာရင်တော့ ကုသမှုခံတာ ကောင်းလိမ့်မယ်”

“ဟုတ်ကဲ့ . . . အဲ ဆောရီးပဲ အစ်ကိုရာ၊ ရောက်လာတွေ့တာက ပန်းချီကားကိစ္စ၊ ပြောနေတာက ကိုယ်ရေးကိုယ်တာ[illegible] ကဲ . . . ပြော အစ်ကို၊ ကျွန်တော် ဘာလုပ်ပေးရမလဲ”

“ဒီလိုကွ၊ အခု ကိုယ် ရီဆာ့(ချ်)တစ်ခုလုပ်နေတယ်၊ စိတ်ရောဂါဝေဒနာရှင်တွေကို သူတို့ရဲ့နောက်ခံသမိုင်းနဲ့ နီးစပ်တဲ့ ပန်းချီပုံတွေ ချိတ်ဆွဲပြထားရင် ဝေဒနာလျော့ပါးသွားတာကို တွေ့ရတယ်လေ”

“ဪ . . ဟုတ်လား၊ အတော်ကောင်းတဲ့နည်းပဲ အစ်ကို”

“ဒါကြောင့် လိုက်လျောညီထွေရှိတဲ့ ပန်းချီကားလေးတွေ လာရှာတာ”

“စိတ်ကြိုက်ကြည့် အစ်ကို၊ အပေါ်ထပ် ထပ်ခိုးမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်"

"အိုကေ . . ."

ဒေါက်တာစောသိန်းလည်း ပန်းချီကားတွေဘက် အာရုံစိုက်သွားသဖြင့် သီဟလည်း စာရင်းများ လုပ်နေလိုက်၏။ ထိုအခိုက် အောင်နိုင်မော်နှင့် ကေကျော်တို့ ရောက်လာကြပြီး မတွေ့တာကြာပြီမို့ ရောက်သည်နှင့် ထိုးနှက်တိုက်ခိုက်ကြတော့သည်။ ကေကျော်က သီဟဒူးကို လာစမ်းပြီး . . .

"ဟာ . . . ဂလောက်ဂလောက်နဲ့ အတော်ချောင်နေပါလား၊ ဆီလေးဘာလေး ထည့်ဦး"

"လုပ်ပြီကွာ . . ."

"အို . . . မျက်ကွင်းတွေလည်း ညိုလို့ပါလား၊ အိပ်ရေးတွေပျက် အားတွေပြတ်လာခဲ့တာပေါ့"

"တော်စမ်းပါကွာ၊ မင်းတို့လည်း တွေ့တာနဲ့ ဒါပဲ"

ဒီကောင်တွေနဲ့ဆိုရင်တော့ စကားကောင်းပြောရဖို့ မလွယ်ချေ။ ပြောပြောဆိုဆိုနှင့် ကေကျော်က သီဟတစ်ကိုယ်လုံးကို စမ်းသပ်လိုက်ပြီး . . .

"ဟာ . . . ဒီကောင့် အသားအရည် ပျော့စိနေပါလား၊ ဆာရီရယ်လစ်ဇင် ဒါလီရဲ့ ပျော့တွဲနာရီပန်းချီကားတွေတောင် ဒီကောင်လောက် ပျော့မှာ မဟုတ်ဘူး"

"ကဲ . . . တော်ကြပါတော့ကွာ၊ ငါ့ဆီမှာ slow dry





gel ရှိတယ်နော်၊ Liquitex နော်၊ ယူထားကြဦးမလား"

"ဘယ်လောက်လဲ . . ."

"ယူအက်(စ) နှစ်ရာ . . ."

"များတယ်ကွာ၊ ဒီအတိုင်းပဲ ရေးမယ်"

"အေး . . . ဟုတ်တယ်၊ ပန်းချီဆွဲလို့ရတဲ့ ကာလာလည်း မဟုတ်ဘဲနဲ့ ရောရေးရတဲ့ gel ကို ဒီလောက်ဈေးကြီးပေး မဝယ်နိုင်ပါဘူးကွာ"

"တော်တော်ကပ်စေးနဲတဲ့ ကောင်တွေကွာ၊ အခရိုင်းလစ်ဆေးဆိုတာ အခြောက်မြန်တယ်လေ၊ အဲဒီ gel လေး ရောရေးမှ ရေးချက်ကောင်းမှာပေါ့"

"တော်ပါကွာ၊ တို့က မြန်မာငွေနဲ့ပဲရတဲ့ ပန်းချီဆရာပါ၊ ဒေါ်လာတွေ ပလူပျံအောင် မသုံးနိုင်ဘူး"

"အောင်မလေးကွာ၊ ပထမဆုရ ပုဂ္ဂိုလ်ကြီးကလည်း ညည်းလိုက်တာ လွန်ရော"

"ကလေးက နှစ်ယောက်ဖြစ်သွားပြီကွ"

"ဟား . . . ဟား . . . ဟား . . . ဟား"

ရေးဖော်ရေးဖက် ပန်းချီဆရာအချင်းချင်းမို့ ပြောမနာ၊ ဆိုမနာနှင့် ခင်ခင်မင်မင် နောက်ပြောင်နေကြသည်နှင့်ပင် လာရင်းကိစ္စ မမေးရသေး . . .။

"ကဲ . . . မင်းတို့လာတာ ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရမလဲ၊ မင်းမှာထားတဲ့ ပန်းချီကားတွေ လာပို့တာပေါ့၊ ရေးလိုက်ရတဲ့ ပန်းချီကား၊ တစ်နေ့တစ်နေ့ နားကို မနေရဘူး၊ အိုင်ဒီယာလည်း ခမ်း၊ လူလည်း ပန်းနေပြီ၊ အဲဒါ လန်းသွားအောင် . . . ဟဲ . . . ဟဲ . . . ဟဲ"

သီဟ သိလိုက်ပြီ။ ဒီကောင်တွေကို မောင်းထုတ်လို့ရမှာ မဟုတ်တော့။ ဒီနေ့တစ်နေ့လုံး ဒီကောင်တွေ အလဲအကွဲ သောက်ကြတော့မည်။ ကိစ္စတော့ မရှိပါ။ ပြခန်းနောက်ဖေးဆောင်တွင် အခန်းလွတ်ရှိသည်မို့ ထိုအခန်းတွင် ပြင်ဆင်ပေးထားလို့ ရသည်။

"အဲဒါက ကိစ္စမရှိဘူး၊ အခု ငါ့မိတ်ဆွေဆရာဝန်ကြီး ရောက်နေတယ်၊ သူပြန်သွားမှ စလို့ရမှာ"

"အေးပါကွာ၊ ဖြည်းဖြည်းပေါ့၊ ဘာဖြစ်လဲ . . . ရတယ်"

ဘယ်လိုမှ တားလို့ရတော့မှာ မဟုတ်သည့်အတွက် သူတို့ကိုထားခဲ့ပြီး ဒေါက်တာစောသိန်းဆီ လျှောက်လာခဲ့၏။

တကယ်တော့ ဒေါက်တာစောသိန်းက သီဟ၏မိတ်ဆွေကောင်းဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံခြား N.G.O အဖွဲ့အစည်းများနှင့် တာဝန်အရ ဆက်သွယ်နေရသူမို့ အသိအကျွမ်းပေါများသည်။ သူ့ဆက်သွယ်ပေးမှုနှင့် နိုင်ငံခြားသားများ သီဟပြခန်းသို့ လာရောက်၍ ပန်းချီကားများ ဝယ်ကြသည်။ သူကိုယ်တိုင်ကလည်း ပန်းချီမြတ်နိုးသူတစ်ယောက် ဖြစ်၏။

ဒေါက်တာစောသိန်းကို အသက်သာဆုံးဈေးနှင့် ပန်းချီ





ကားများ ပေးလိုက်ပြီး အိမ်တိုင်ယာရောက် ပို့ပေးသည့်စနစ်ကိုပါ ဝန်ဆောင်မှုပေးလိုက်သဖြင့် ဒေါက်တာစောသိန်းလည်း ကျေနပ်သွားသည်။ ဒေါက်တာစောသိန်းပြန်သွားမှ ကေကျော်တို့နှင့် ဝိုင်းဖွဲ့ရ၏။

အောင်နိုင်မော်တို့၏ ကပျက်ကချော်စကားများကို သီဟက တွယ်တာ၏လိပ်ပြာကိစ္စနှင့် ချေဖျက်ဖမ်းစားထားလိုက်သည်။ နှစ်ကောင်လုံး သောက်နေရင်းနှင့် အမူးဒီဂရီတွေ ပျောက်ဆုံးသွားကြ၏။

"အမြွာညီအစ်မ ခွဲစိပ်မှုလုပ်လို့ တစ်ယောက်သေသွားတယ် . . . ဟုတ်လား"

"ဟုတ်တယ် . . . "

"ဒါဆို မင်းမိန်းမရင်ဘတ်မှာ ဒဏ်ရာအမာရွတ်ကြီး ရှိနေမှာပေါ့"

"အေးလေ . . . "

"ဒါကို မင်္ဂလာဦးညကျမှ မင်းစတွေ့ရတာပေါ့"

"ဟုတ်တယ် . . . "

"မင်း ဘယ်လိုခံစားရလဲ"

"ငါက ဒဏ်ရာရှိမယ်ဆိုတာကို သိပြီးသားလေ၊ မမြင်ဘူးတာတစ်ခုပဲ"

"အံ့ရောကွာ . . . "



www.burmeseclassic.com

www.burmeseclassic.com



"မအံ့ဩနဲ့လေ၊ သူတို့နှစ်ယောက် မခွဲစိပ်ခင် ဆေးရုံတက်ရသေးတယ်၊ အဲဒီမှာ ငါကလည်း ခြေထောက်ကျိုးလို့ ဆေးရုံရောက်နေတာ၊ အဲဒီမှာကတည်းက သူတို့နဲ့ဆုံတာ၊ အဲဒီနှစ်ယောက်ထဲက တွယ်တာကို ငါကြိုက်ခဲ့တာ"

"ဟင် . . . အမွှာဆို၊ ရုပ်ဆင်းအတူတူပဲဆို၊ တွယ်တာက ပိုချောနေလို့လား"

"မဟုတ်ဘူးကွ၊ အကြင်နာက မျက်မှန်ကြီးနဲ့မို့လို့"

"ဟော . . ."

"ဟား . . . ဟား . . . ဟား . . . ဟား"

* * * *



## အခန်း (၆)

တွယ်တာက ဆံပင်ဖြောင့်စက်ကိုကိုင်၍ ကပ်စတန်မာ၏ ဆံပင်အရင်းကို ဆွဲ့ဆွဲချလိုက်သည်။ ဆေးသုံးထားသည်မို့ ဆံပင်က ချက်ချင်းဆိုသလို စင်းသွားသည်။ ကပ်စတန်မာ၏ဆံပင်က ခါးလယ်လောက်ရှိသည်မို့ ကျောလယ်လောက်ထိ စင်းနေအောင် ဆွဲပေးလိုက်သည်။

"အစ်မ . . . အဲလိုပုံစံက လှမှာပါနော်"

"လှတာပေါ့ ညီမလေးရဲ့၊ ဟိုကားထဲမှာ သက်မွန်မြင့်တောင် အဲဒီဟဲစတိုင်နဲ့လေ၊ ကြည့်လို့သိပ်ကောင်းတာပဲ၊ ညီမလေးကလည်း သက်မွန်မြင့်နဲ့ ဆင်တယ်လေ"

တွယ်တာက အလုပ်မပျက်စေဘဲ ကပ်စတန်မာအကြိုက်



www.burmeseclassic.com

www.burmeseclassic.com



အလိုက်အထိုက် ပြောပေး၏။ ဒီဆံပင်ပုံက တကယ်လည်း ခေတ်စားနေသည်။ ဆံပင်အရင်းကိုဖြောင့်၍ အဖျားကို စပရင်လိုကောက်သည့် ပုံစံဖြစ်၏။ ဆံပင်ကောက်တာတွေ ခေတ်ကုန်သွားပြီးနောက် ဖြောင့်တာတွေ ခေတ်စားလာသည်။ အဖြောင့်တွေ ကြာလာတော့ အကောက်ဖက် ပြန်လှည့်ကြ၏။ အခုပုံစံက အကောက်နှင့် အဖြောင့် ဖက်စပ်စတိုင်(လ်)ဖြစ်၏။ မင်းသမီးတွေ မော်ဒယ်တွေ လုပ်သမျှ လိုက်လုပ်ကြသည့် ဆယ်ကျော်သက်လေးတွေ ရှိနေ၍သာ တွယ်တာတို့ အလုပ်ဖြစ်နေခြင်း ဖြစ်သည်။

မင်္ဂလာဦး ခရီးထွက်စဉ်က ဒီအလှပြင်ဆိုင်ကို အကူနှစ်ယောက်နှင့် လွှဲထားခဲ့ရသည်။ အခုမှပဲ တွယ်တာပြန်လည်ဦးစီးနိုင်ခဲ့၏။ အလှပြင်လုပ်ငန်းသဘာဝအရ စနေ၊ တနင်္ဂနွေနေ့များတွင် ပိုပြီးအလုပ်များသည်။ ဘွဲ့ယူမည့်သူ၊ မင်္ဂလာဆောင်မည့်သူက ရုံးပိတ်ကျောင်းပိတ်ရက်များတွင်သာ လုပ်တတ်ကြသည် မဟုတ်လား။

တွယ်တာက ကပ်စတန်မာအား အပြီးသတ် ပြင်ဆင်ပေးကာ သပ်သပ်ရပ်ရပ် ခေါင်းဖီးပေးလိုက်၏။ ကောင်မလေးက မှန်ရှေ့မှာ သူ့အလှကို သူကြည့်မဝအောင် ဖြစ်နေသည်။

"ဘယ်လောက်ကျလဲ . . . အစ်မ"

"ငါးထောင့်ငါးရာပါ"

ကောင်မလေးက ငွေရှင်းပြီး ကျေးဇူးစကားဆိုကာ ထွက်





ခွာသွား၏။ ဆံပင်ညှပ်သူနှစ်ယောက်ကို အကူမိန်းကလေးများ ပြင်ဆင်ပေးနေသည်မို့ တွယ်တာ ခဏနားလိုက်သည်။ ရန်ကုန်ပြန်ရောက်မှ တွယ်တာ အတော်စိတ်ချမ်းသာနေ၏။ အကြင်နာလည်း အိပ်မက်မပေးတော့၊ မခြောက်လှန့်တော့။ ပြင်ဦးလွင်မှာ သူ့အတွက် ရည်စူး၍ ကုသိုလ်ပြုပြီးကတည်းက အားလုံးပုံမှန်ဖြစ်သွားခဲ့သည်။ ချစ်တတ်လွန်းသော ကိုကို၏ ဖေးမစောင့်ရှောက်မှုကြောင့်လည်း ယခုလို စိတ်အေးချမ်းသာနေခွင့်ရခြင်း ဖြစ်၏။

ခဏနေတော့ ဆိုင်ထဲမှာ လူရှင်းသွားသည်။ အကူမိန်းကလေးနှစ်ယောက် သူ့နားကပ်လာကြ၏။

"မမ . . . အတော်ပျော်ခဲ့မှာပဲနော်"

"ဘာကိုလဲ . . . နွယ်နွယ်ရဲ့"

"ဩော် . . . ချစ်တဲ့သူနဲ့ လက်ထပ်ခွင့်ရပြီး ပျားရည်ဆမ်းခရီးလည်း ထွက်ရတယ်ဆိုတော့လေ"

"အဟင်း . . . ပျော်ပါတယ် နွယ်နွယ်၊ ကိုယ်ချစ်တဲ့သူနဲ့ အတူသွားကြရတာပဲဟာ"

"အားကျလိုက်တာ မမရယ်"

အများက ဝိုင်းပြီး အားကျနေသော သူ့အဖြစ်မှာ တကယ်တော့ ထိတ်လန့်ချောက်ချား တုန်လှုပ်မှုများနှင့်သာ ပြီးခဲ့ရသည်ကို သူသာ အသိဆုံးမဟုတ်လား။

"အားကျရင် ကိုယ့်ကို တကယ်ချစ်ပြီး တကယ်တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့သူကိုရှာပေါ့ နွယ်နွယ်ရဲ့"

"အင်း . . . အဲဒါက ကိုယ်လုပ်လို့ ရတာမျိုး မဟုတ်ဘူး လေ၊ ရှေးရေစက်နဲ့ ကုသိုလ်ကံကလည်း လိုသေးတာ"

"ကဲပါ . . . ဖူးစာပါတော့လည်း သင့်တော်တဲ့ အိမ်ထောင် ဖက်တွေ့ကြမှာပေါ့၊ အခု မမ,မရှိတဲ့ရက်တွေက စာရင်းတွေ လုပ် လိုက်ရအောင်"

"ဟုတ်ကဲ့ မမ"

အကူမိန်းကလေးများနှင့် တွယ်တာ စာရင်းလုပ်သည်။ အလုပ်ထဲ အာရုံရောက်နေတော့လည်း တောင်တောင်အီအီတွေ တွေးနေဖို့ အချိန်မရသဖြင့် အကြင်နာကို မေ့ပျောက်နေတာလည်း ဖြစ်မည်ထင်သည်။ မည်သို့ပင်ဖြစ်စေ တွယ်တာ စိတ်ချမ်းသာနေ တာတော့ အမှန်ပဲ ဖြစ်၏။

ထိုနေ့သည် တနင်္လာနေ့ဖြစ်၍ သူတို့ဇနီးမောင်နှံ အိမ် တွင် အတူရှိနေကြသည်။

* * * *

သီဟသည် ရေးလက်စ,ကားအတွက် ဈာန်ဝင်နေသဖြင့် အိမ်မှာပဲ ပန်းချီဆွဲနေသလို တွယ်တာလည်း တနင်္လာနေ့မို့ ဆိုင် ပိတ်သဖြင့် အိမ်မှာပဲ ရှိနေခဲ့သည်။ သီဟအတွက် ကော်ဖီချိန်





ကော်ဖီ၊ ထမင်းချိန် ထမင်း ပြင်ပေးရင်း၊ နားချိန်တန် လျှင်နားဖို့ သတိပေး၏။ ပါရမီဖြည့်ဘက်ဆိုသော စကားအတိုင်း လင်သားကို ပြုစုပေးနေခဲ့သည်။

သူ့ပန်းချီကားကို စိတ်တိုင်းကျ အဆုံးသတ်ပြီးသွားတော့ သီဟအညောင်းဆန့်သည်။ တွယ်တာက အလိုက်တသိနှင့် သီဟ ပခုံးသားကို နှိပ်နယ်၍ အကြောလျှော့ပေး၏။ သီဟက ခဏ တဖြုတ်မှိန်းခံပြီး တွယ်တာ့အား ရင်ခွင်ထဲဆွဲသွင်းကာ အကြင်နာ မိုးရွာလိုက်ပြီးမှ . . .

"တော်သေးတယ်၊ တွယ်တာရှိလို့ ပင်ပန်းသမျှ ပြေပျောက် ရတာ"

"ကိုကို့ကို ပြုစုဖို့က တွယ်တာ့တာဝန်၊ တွယ်တာ့ကို စောင့် ရှောက်ဖို့က ကိုကို့တာဝန်ပဲ မဟုတ်လား"

"ဟုတ်ပါ့ဗျာ . . . ဟုတ်ပ၊ အင်း . . . ကိုကိုတော့ ကိုယ် ဝါသနာပါတဲ့ ဒီပန်းချီပညာကို ကျေးဇူးတင်မဆုံးဖြစ်နေတယ် . . . တွယ်တာ"

"ဘာလို့လဲ ကိုကို"

"ဒီပန်းချီကြောင့် တွယ်တာနဲ့ကိုကို ရင်းနှီးခဲ့ကြတာ မဟုတ် လား"

"အဟင်း . . . ဟုတ်တယ်နော်"

တွယ်တာ့မျက်နှာတွင် အတိတ်ကို သတိရခြင်းနှင့် ကြည်



www.burmeseclassic.com

www.burmeseclassic.com



နူးမှုတို့ စွန်းထင်းသွား၏။ ပြန်ပြောင်းတမ်းတခြင်းတွင် ပုံရိပ်တို့ မြင်ယောင်လာဟန်နှင့် . . .

"အဲဒီတုန်းက ကိုကိုက တွယ်တာ့တစ်ယောက်ထဲပုံကိုပဲ ဆွဲခဲ့တာလေ"

"အဟင်း . . . ဟုတ်တယ်၊ ဒါကို အကြင်နာက မကျေနပ်လို့ သူ့တစ်ယောက်ထဲပုံ ရေးခိုင်းခဲ့သေးတာလေ"

"ဟုတ်တယ် . . . အကြင်နာ . . . စိတ်ပုတ်မ"

ရုတ်တရက် လွှတ်ခနဲ ထွက်သွားပြီးမှ တွယ်တာစိုးရိမ်သွားဟန်နှင့် . . .

"ကိုကိုရယ် . . . အဲဒါတွေ ပြန်မပြောဘဲ နေကြရအောင်နော်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေခွင့်ရတာ တစ်ပတ်ဆယ်ရက်ပဲ ရှိသေးတာ မဟုတ်လား"

"အဲ . . . ဟုတ်သားပဲ၊ ဆောရီး . . . တွယ်တာ၊ ကိုကိုက တွယ်တာနဲ့ စဆုံတဲ့အဖြစ်ကို သတိရတာပါ၊ ဒါပေမယ့် တွယ်တာတို့က ရင်ချင်းဆက်အမွှာဖြစ်နေတော့ သူ့အကြောင်းကလည်း တွဲပြီးပါလာတော့တာပေါ့"

"ဟုတ်တယ် ကိုကို၊ မပြောဘူးဆိုပေမယ့် လကုန်ရင် သူဆုံးတာတောင် ရှစ်နှစ်ပြည့်ပြီလေ၊ တွယ်တာ သူ့အတွက် ကောင်းမှုထပ်လုပ်ပေးချင်တယ် ကိုကို"

"လုပ်ပေါ့ . . . ဘုန်းကြီးငါးပါးလောက်ပင့်ပြီး တရားနာ





ကုသိုလ်ပြုပေးလိုက်ကြမယ်လေ"

"ဟုတ်ကဲ့ပါ ကိုကို"

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အမှတ်တရပန်းခြင်းကို ကိုင်ဆွဲ၍ သင်္ချိုင်းတွင်း တစ်လှမ်းချင်းဝင်ရောက်လာသည့် တွယ်တာ့မျက်နှာလေးမှာ ညှိုးငယ်မှုများနှင့် အုံ့မှိုင်းညို့ဆိုင်းလျက် ရှိနေသည်။ လူသူကင်းရှင်း၍ ပကတိဆိတ်ငြိမ်နေသော ဝန်းကျင်ကြောင့် တွယ်တာမှာ အလိုလိုစိတ်အားငယ်ပြီး ကြောက်လန့်စိုးထိတ်လာခဲ့၏။

အကြင်နာလှဲလျောင်းနားခိုရာ ဂူဗိမာန်လေးကို သပြေပင်အောက်တွင် လှမ်းမောဖွယ်ရာ လှမ်းမြင်ရသည်။ ဗိညာဉ်ထွက်ခွာ၍ ဖုတ်တစ္ဆေပူးကပ်နေသလိုမျိုး အသိမဲ့ခြေလှမ်းများဖြင့် လှမ်းလာနေသည့် တွယ်တာတစ်ယောက်၊ အကြင်နာ့အုတ်ဂူရှေ့အရောက်တွင် လက်ထဲမှ ပန်းခြင်းကို ဂူပေါ်သို့ လှမ်းတင်လိုက်၏။





လွန်ခဲ့သော ရှစ်နှစ်၊ ၂၀၀၂ ခုနှစ်ရက်စွဲနှင့် ကွယ်လွန်ခြင်းအထိမ်းအမှတ် စာတန်းလေးကို တွယ်တာ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ထပ်ဖတ်မိသည်။ "မအကြင်နာ . . . ၁၅ နှစ် ၂၀၀၂ ခုနှစ် ဇွန်လ ၁၃ ရက် သောကြာနေ့တွင် ကွယ်လွန်သည်"

"ညီမလေး . . . ဘာလိုလိုနဲ့ ရှစ်နှစ်တောင် ရှိသွားပြီနော်၊ ဟိုတုန်းက ဘဝတွေကို သတိရတယ် . . . ညီမလေးရယ်၊ ဘာပဲဖြစ်ဖြစ် ဘဝတွေ ခြားသွားပြီမို့ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါရစေ ညီမလေးရယ်၊ ပြီးတာတွေ ပြီးပါစေတော့နော်"

စိတ်ထဲမှ တီးတိုးတောင်းပန်ခိုက်မှာပင် လျှပ်စီးလက်၍ မိုးချိမ်းသံများ ထွက်ပေါ်လာသဖြင့် တွယ်တာလည်း ကောင်းကင်သို့ အလန့်တကြား မော့ကြည့်လိုက်သည်။ ညနေစောင်း သုံးနာရီခန့်သာ ရှိသေးသော်လည်း ရုတ်တရက်ဆိုသလို မိုးမှောင်ကြီးကျလာပြီး ညဥ့်နက်သန်းခေါင်ကဲ့သို့ မှောင်မည်းသွား၏။

တွယ်တာ ကြောက်လန့်တကြားနှင့် အကြင်နာ့အုတ်ဂူရှေ့မှ ထွက်ပြေးဖို့ ဟန်ပြင်လိုက်စဉ်မှာပင် အုန်းခနဲ ဝုန်းခနဲ မိုးကြိုးပစ်ချလိုက်၍ တွယ်တာ နောက်ပြန်လွင့်စင်လဲကျသွားသည်။ အမှတ်တမဲ့ ဖြစ်စဉ်အပေါ် အံ့သြမင်သက်မိနေခိုက် မိုးက သည်းသည်းမည်းမည်း ရွာချလိုက်ပြန်သည်။ လဲကျနေရာမှ ကုန်းရုန်းထလိုက်ပြီး ထွက်ပြေးဖို့ ဟန်ပြင်စဉ်မှာပင် မိုးကြိုးထိမှန်သွားသည့် အကြင်နာ့အုတ်ဂူက ထက်ခြမ်းကွဲသွားခဲ့သည်။ ကြောက်စိတ်လွန်ကဲပြီး



www.burmeseclassic.com

www.burmeseclassic.com



အကြောတွေ တုံ့ဆိုင်းသွားသလို ထိုနေရာမှ လုံးဝရွေ့လျား၍ မရ တော့ချေ။

ကွဲသွားသည့် အုတ်ဂူပတ်ကြားအက်ကြားမှ လက်ဖြူဖြူ နှစ်ဖက်ထွက်လာ၏။ ထိုလက်နှစ်ဖက်က အုတ်ဂူကို ပိတ်စတစ်စ နှယ် နှစ်ခြမ်းကွဲသွားအောင် ဆွဲဖြဲနေသည်။ ပြုံးကြောင်သော မျက် ဝန်းအစုံနှင့် ထိုမြင်ကွင်းကို တွယ်တာကြည့်နေမိ၏။ ထက်ခြမ်းကွဲ သွားသည့် အုတ်ဂူထဲမှ အကြွင်နာ တိုးထွက်လာသည်။ ရုပ်ပျက် ဆင်းပျက်နှင့် အကြွင်နာက တွယ်တာ့အား အေးတိအေးစက် ပြုံး ပြ၏။ ထိုအပြုံးက တွယ်တာ့ဝိညာဉ်ကို နှုတ်ယူလိုက်သလို ခံစား ရသည်။ မောဟိုက်တုန်ရီပြီး ခြေကုန်လက်ပန်းကျကာ နုံးချိပျော့ ခွေသွား၏။

"ညီ . . . ညီမလေး . . . ငါ့ . . . ငါ့ကို မခြောက်ပါနဲ့၊ ဖြစ်ခဲ့သမျှတွေအတွက် ငါတောင်းပန်ပါတယ်၊ ငါအရမ်းကြောက် နေပါပြီ၊ ဒီထက်ပိုလာရင် ငါသေသွားလိမ့်မယ်"

"ဟား . . . ဟား . . . ဟား . . . ခုမှသိပ်ကြောက်တတ် နေလား၊ စိတ်ချပါ . . . နင့်ကို ချက်ချင်းမသတ်ပါဘူး၊ လောက ကြီးထဲမှာ မနေချင်လောက်အောင် ထိတ်လန့်ကြောက်ရွံ့မှုတွေ ခံစားရပြီးမှ အပြီးအပိုင် ဝိညာဉ်နှုတ်ယူမှာပါ . . . ဟား . . . ဟား . . . ဟား . . . ဟား"

"မလုပ် . . . မလုပ်ပါနဲ့ ညီမလေး . . ."





"ဘာ . . ညီမလေးလဲ၊ နင့်ရဲ့ယုတ်မာမှုတွေကို ဖုံးကွယ် ပေးခဲ့တဲ့ အမေဘာဖြစ်သွားသလဲဆိုတာ သတင်းပေးချင်လို့ နင့် ကို ဒီနေ့ကိုယ်ထင်ပြတာ သိရဲ့လား"

"ဟင် . . . အမေ . . . အမေ ဘာဖြစ်လို့လဲ"

"နင့်ကို ဝိညာဉ်နုတ်မှာဆိုတော့ အမေ့ကိုတော့ ဆုံးမရုံ လောက်ပါဟာ၊ ဟား . . . ဟား . . . ဟား . . . အမေ့ကို ငါဆုံးမ လိုက်တာ"

"ဘာ! . . . နင် . . . နင် . . . နင် အမေ့ကို ဘာလုပ် လိုက်လဲ"

"သိပ်သိချင်နေလား၊ သိချင်ရင် ဒီသချိုင်းထဲက မြန်မြန် ပြန်ပေါ့ . . . ဟား . . . ဟား . . . ဟား . . . ဟား"

"မပြန်ဘူး . . . နင် အခုပြောလို့ရတာပဲ၊ ပြော . . . အမေ့ ကို ဘာလုပ်လိုက်သလဲ"

"ငါ ပြောပြီးပြီ၊ သိချင်ရင် ပြန်တော့ . . ."

"မပြန်ဘူး၊ အမေ့ကို ဘာလုပ်လိုက်သလဲ၊ အမေ ဘာဖြစ် သွားလဲ . . . အခုပြော"

"နင်မပြန်ဘဲ နေရဲမလားဆိုတာ ကြည့်ကြသေးတာပေါ့"

အကြွင်နာက ပြောပြောဆိုဆို ကောင်းကင်မည်းမည်းကြီး ဆီသို့ လက်နှစ်ဖက်စုံမြှောက်၍ မကြားဝံ့မနာသာ စကားလုံးများ ကို ရွတ်ဆိုနေတော့၏။ ကောင်းကင်မည်းကြီးကလည်း အကြွင်



www.burmeseclassic.com

www.burmeseclassic.com



နဘဲကို ကောင်းချီးပေးသလိုမျိုး လျှပ်စီးများလက်၊ မိုးခြိမ်းသံများ ပေးနေလေ၏။ ထို့နောက် သချိုင်းတွင်း နှစ်နေရာဆီသို့ မိုးကြိုး များ ပစ်ချလိုက်ပြန်သည်။ နားကွဲလုမတတ် ထစ်ချုန်းသံကြောင့် တွယ်တာ နားနှစ်ဖက်ကိုပိတ်၍ ကြောက်လန့်တကြား ဟစ်အော် လိုက်၏။

"အား . . ."

"တွယ်တာ . . . တွယ်တာ . . . ဘာဖြစ်တာလဲ၊ တွယ် တာ . . . သတိထား ကိုကိုရှိတယ်လေ . . . တွယ်တာ"

"ဟင် . . . ကို . . . ကိုကို . . . တွယ်တာ . . . ဘယ် . . . ဘယ်ကိုရောက်နေတာလဲဟင်"

"ဘယ်ကိုရောက်ရမှာလဲ တွယ်တာရဲ့၊ ဒါ ကိုကိုတို့အိမ်၊ ကိုကိုတို့အိပ်ခန်းထဲမှာလေ . . . တွယ်တာ ဘာဖြစ်တာလဲ"

"ဟား . . . တော်ပါသေးရဲ့ ကိုကိုရယ်၊ ဒါဆို တွယ်တာ အိပ်မက်,မက်နေတာပေါ့၊ ကြောက်လိုက်တာ . . . မောလည်း မောတယ်"

"ဒါဆို ကိုကို သောက်ရေအေးအေးလေး သွားယူပေး မယ်လေ၊ အမောပြေသွားအောင်ပေါ့"

"ဟင့်အင်း . . . တွယ်တာတစ်ယောက်ထဲ မနေရဲဘူး"

"ကဲ . . . ဒါဆို ကိုကို့ကိုဖက်ပြီး လိုက်ခဲ့တော့၊ ရေသွား သောက်မယ်"





"အင်း . . . အင်း . . . လိုက်ခဲ့မယ် ကိုကို"

သီဟနှင့်တွယ်တာတို့ တစ်ယောက်ခါးကိုတစ်ယောက် အပြန်အလှန်ဖက်တွယ်ရင်း ထမင်းစားခန်းဆီသို့ ထွက်လာကြ၏။ ထမင်းစားခန်းထဲရှိ ရေခဲသေတ္တာထဲမှ ရေအေးတစ်ဘူးယူ၍ တွယ်တာ့လက်သို့ ကမ်းပေးလိုက်သည်။ တွယ်တာရေဘူးဖွင့်၍ အငမ်းမရမော့သောက်၏။ ရေကို အားပါးတရ မော့သောက်ပြီးမှ အမောပြေအကြောက်ပြယ်သွားဟန်နှင့် သက်ပြင်းချရှာသည်။

"တွယ်တာ . . . ဘာဖြစ်တာလဲ ပြောပါဦး"

"ဟူး . . . အကြွင်နာလေ၊ ကြောက်လိုက်တာ ကိုကိုရယ်၊ တွယ်တာက သူ့ဂူကိုသွားပြီး ပန်းခြင်းသွားချတာကို သူက နာနာ ဘာဝတပ်ပေါင်းစုကို အမိန့်ပေးပြီး တွယ်တာကို ဝိုင်းခြောက်ကြ တာ၊ ပြီးတော့ သွေးစုပ်ဖုတ်ကောင်တစ်ကောင်ကလည်း တွယ်တာ ကို သွေးစုပ်သေးတယ်လေ"

တွယ်တာက သူ့အိပ်မက်ကို သီဟအား အသေးစိပ်ပြန် ပြောပြ၏။ အလုံးစုံနားထောင်ပြီးသွားသောအခါ သီဟတစ်ယောက် တွယ်တာ့ထက် မောသွားရသည်။

"သူ . . . သူ မေမေ့ကို တစ်ခုခုလုပ်လိုက်ပြီထင်တယ် . . . ကိုကို"

"တွယ်တာကလည်းကွာ၊ အဓိပ္ပါယ်မရှိတာတွေ ပြောနေ ပြန်ပါပြီ၊ ဝိညာဉ်တို့ နာနာဘာဝတို့က လူကို ကိုယ်ထိလက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးနိုင်တာမှ မဟုတ်တာ"

"ဒါပေမယ့် တွယ်တာ့ကို သူကိုယ်တိုင် ပြောခဲ့တာလေ"

"အဲဒါ အိပ်မက်လေ"

"အိပ်မက်ပေးပြီး အသိပေးတာမျိုးပေါ့"

"တွယ်တာကလည်းကွာ၊ မနက်ကပဲ သူ့အတွက် ကောင်းမှုကုသိုလ်ပြုခဲ့သေးတဲ့ ဥစ္စာ၊ တွယ်တာ သွေးလေချောက်ချားလို့ ဖြစ်မှာပါ"

"မဟုတ်ဘူး ကိုကို"

"ကဲ . . . တော်တော့၊ တွယ်တာ အဲဒါကို မေ့ထားလိုက်တော့၊ စိတ်ငြိမ်သွားအောင် နှလုံးဆေးလေးသောက်ပြီး အိပ်ပျော်အောင် ပြန်အိပ်လိုက် . . . လာ"

သီဟက လေသံမာမာနှင့်ပြောပြီး ဆွဲခေါ်သွားမှ ကိစ္စပြတ်တော့၏။ နှလုံးဆေးတိုက်၍ တအားဖက်ထားလိုက်တော့မှ တွယ်တာလည်း အိပ်ပျော်သွားသည်။

* * * *



## အခန်း (၈)

"တွယ်တာရေ . . . ဖုန်း"

"လာပြီ . . . ကိုကို"

တွယ်တာ အပြေးကလေးရောက်လာပြီး . . .

"ဘယ်သူလဲဟင် . . . ကိုကို"

"မသိဘူး တွယ်တာ၊ အမျိုးသမီးတစ်ဦးအသံပဲ"

တွယ်တာက ဆက်မမေးတော့ဘဲ ဖုန်းကို လှမ်းယူလိုက်သည်။

"ဟဲလို . . . ကျွန်မ တွယ်တာတိုးပါရှင်"

"မြိုင်သာမြို့ဆေးရုံက ဆက်နေတာပါ"

"ရှင် . . ."



www.burmeseclassic.com

www.burmeseclassic.com



"မတွယ်တာရဲ့အမေ မြိုင်သာဆေးရုံမှာ အတွင်းလူနာအဖြစ် ရောက်ရှိနေပါတယ်၊ အိမ်လှေကားက ပြုတ်ကျတာလို့ပြောပါတယ်"

"ရှင် . . . အခု . . . အခု ဘာဖြစ်သွားလဲ"

"ဒဏ်ရာပြင်းတယ်၊ ခုထိ သတိမရသေးပါဘူး၊ အိမ်ဖော်မလေးဆီက လိပ်စာနဲ့ဖုန်းရလို့ လှမ်းအကြောင်းကြားရတာပါ"

"ဟုတ် . . . ဟုတ်ကဲ့ရှင့် ကျေးဇူးနော်၊ အခုပဲ အားချင်းအရောက်လာခဲ့ပါ့မယ်"

"အမေ လှေကားပေါ်က ပြုတ်ကျလို့ ဒဏ်ရာအပြင်းအထန်နဲ့ ဆေးရုံရောက်နေတယ်တဲ့"

မျက်စိမျက်နှာပျက်စွာနှင့် ပြောလာသော တွယ်တာ့စကားကြောင့် သီဟ ကြက်သေသေသွားတော့သည်။

"ဟင်! . . . ဒါ . . . ဒါဆို ကိုကိုတို့ လိုက်သွားကြရမှာပေါ့"

"ဟုတ် . . . ဟုတ်တယ် ကိုကို"

"တွယ်တာ အဝတ်အစားတွေ ပြင်လိုက်လေ၊ ကိုကို ပြခန်းကို ဖုန်းဆက်ပြီး စီစဉ်စရာရှိတာ စီစဉ်လိုက်ဦးမယ်"

"ဟုတ် . . ."

ပန်းချီပြခန်းနှင့် အလှုပြင်ဆိုင်အတွက် ကြိုတင်စီစဉ်စရာရှိသည်များ စီစဉ်ပြီးနောက်၊ အိမ်က ကားနှင့်ပင် ကမန်းကတန်း





ခရီးထွက်လာခဲ့ကြ၏။ မြိုင်သာက မြန်မာပြည်အလယ်ပိုင်းတွင်ရှိပြီး ရန်ကုန်မှ မိုင်သုံးရာကျော်ဝေးသည်။ ပျမ်းမျှမိုင်သုံးဆယ်နှုန်းလောက်နှင့်ဆိုလျှင် ဆယ်နာရီလောက်တော့ မောင်းရမည်ဖြစ်၏။

သီဟမှာ ကားမောင်းရသည်က တစ်ဖက်၊ တွယ်တာ့အခြေအနေကို အကဲခတ်ရသည်က တစ်ဖက်နှင့် စိတ်မအား၊ လူမအား ဖြစ်နေရရှာသည်။ တွယ်တာ့အခြေအနေက သိပ်မကောင်းလှ။ ပြုံးကြောင်သော မျက်ဝန်းအစုံနှင့် စိတ်နှင့်လူ မကပ်သည့် အနေအထား ဖြစ်နေသည်။

"တွယ်တာ သိပ်လည်း စိတ်ပူမနေပါနဲ့၊ အသက်အန္တရာယ်တော့ မစိုးရိမ်ရဘူး မဟုတ်လား"

"အင်း . . ."

"လိမ့်ကျတာဆိုတော့ ထိခိုက်ဒဏ်ရာရတာလောက်ပဲ ရှိမှာပါ"

"တွယ်တာ အမေ့အတွက် သိပ်စိတ်မပူတော့ပါဘူး၊ အကြင်နာ ဘာတွေဆက်လုပ်မလဲဆိုတာကို တွေးပြီး ကြောက်နေတာ . . ."

တွယ်တာ့စိတ်ကို ရှင်းရှင်းလင်းလင်းသိရတော့ သီဟပို၍ စိတ်လေးသွား၏။ သူကိုယ်တိုင်လည်း တွေးမရလောက်အောင် ခေါင်းရှုပ်သွားရသည်။ တွယ်တာကို အိပ်ရာမှ လန့်နိုးစေခဲ့သော အိပ်မက်ဆိုးအကြောင်း ညကတည်းက သိရှိခဲ့ရပြီး မနက်လင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆေးရုံရောက်နေသည့် ယောက္ခမအကြောင်း သတင်းရသည်မှာ တိုက်ဆိုင်မှုတစ်ခု မဟုတ်တော့။

အကြင်နာက ဝိညာဉ်ဘဝနှင့် အငြိုးတကြီး ခြောက်လှန့်နေသည်ဆိုသည့် ကိစ္စကို လက်ခံရတော့မလို ဖြစ်နေပြီ။ သိပ်ချစ်ကြသည့် ရင်ချင်းဆက်အမြွှာညီအစ်မကြား ဤသို့နှိပ်စက်ခြောက်လှန့်လောက်စရာ ဘာအကြောင်းကိစ္စများ ရှိခဲ့လို့ပါလိမ့်ဟု သီဟစဉ်းစားလာရ၏။

တွယ်တာတို့ ညီအစ်မနှစ်ယောက်နှင့် သီဟကြားတွင် သီဟမသိခဲ့သော ကိစ္စတစ်ခုရှိခဲ့မည်ဟုသာ၊ လောလောဆယ်ကောက်ချက်ချနိုင်တော့သည်။ အတွေးတွေ ကပေါက်တိ၊ ကပေါက်ချာနှင့် ကားမောင်းနေရသဖြင့် ဒိုက်ဦးမှအထွက် မြို့ပြင်တွင် လမ်းဖြတ်ကူးသော နွားတစ်ကောင်ကို တိုက်မိမလို ဖြစ်ခဲ့သည်။ ထိုအခါမှ သီဟ အတော်ထိတ်လန့်သွား၏။ အရိပ်ကောင်းသော လမ်းဘေးတစ်နေရာတွင် ကားရပ်ပြီး စိတ်ကို အနားပေးရသည်။

"ဟား . . . အခုလို စိတ်လှုပ်ရှားနေတဲ့ အချိန်မှာ ကိုယ်တိုင်ကားမမောင်းသင့်ဘူး တွယ်တာ၊ ကိုကို မေ့သွားတယ်၊ အခြေအနေအရ ကိုကိုတို့ အဝေးပြေးကားနဲ့ပဲ သွားရမှာ"

"ဟုတ်တယ်နော် ကိုကို၊ တွယ်တာလည်း စိတ်တွေလေးနေတာ"

သီဟက တွယ်တာ့အခြေအနေကို အကဲခတ်လိုက်ပြီး သူ





သိချင်နေသည့် ကိစ္စကို ဖွင့်မေးလိုက်သည်။

"တွယ်တာ . . ."

"ရှင် . . . ကိုကို"

"တွယ်တာနဲ့ အကြင်နာ့ကြားမှာ ကိုကိုမသိတဲ့ ကိစ္စတစ်ခုခုများ ရှိနေလား"

"ရှင် . . . မ . . . မရှိ . . . မရှိခဲ့ပါဘူး ကိုကို"

သီဟအမေးကြောင့် ဖရိုဖရဲနှင့် ထိတ်လန့်သွေးပျက်သွားသော ကိုယ့်အဖြစ်ကို အချိန်မီပြုပြင်ရင်း ထစ်ထစ်ငေါ့ငေါ့ ဖြေလိုက်မိ၏။

"စိတ်ထဲမှာ ဆန်းနေတယ်"

"ဘာ . . . ဘာဖြစ်လို့လဲ ကိုကို"

"တွယ်တာတို့ချင်း သိပ်ချစ်ကြတာလေ၊ အဲဒါ ဘာလို့များ နှောင့်ယှက်ခြောက်လှန့်ခဲ့ရသလဲ ဆိုတာကိုပေါ့"

သီဟ အတွေးစကားက တွယ်တာ့ကို ပို၍သွေးပျက်သွားစေခဲ့သည်။ ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ။ အတန်ကြာ စဉ်းစားပြီးမှ . . .

"အတူတူချင်း . . . သူကွယ်လွန်ခဲ့ရတာကို အဖုအထစ်ဖြစ်သွားလားမှ မသိတာ"

"ဘယ်လို . . ."

"သြော် . . . ဘဝပေး အခြေအနေကော ဝိတ်ခံစားမှု



www.burmeseclassic.com

www.burmeseclassic.com



ကော အားလုံးတူပြီး ခွဲစိပ်ပြီးတော့ တစ်ယောက်ချင်း လွတ်လွတ်လပ်လပ်နေရတဲ့ဘဝကို ပိုင်ဆိုင်ခွင့်ရမှ သူတစ်ယောက်ထဲ လောကကြီးထဲက ထွက်သွားရတာ မဟုတ်လား၊ တွယ်တာ ပျော်ရွှင်ကြည်နူးနေရတာတွေ သူတစ်နည်းနည်းနဲ့သိပြီး မခံချင်တာတွေ၊ မနာလိုတာတွေ ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့၊ အဲဒါကို ပြောတာ"

"အင်း . . . အဲဒီလိုပဲ ဖြစ်နေပြီထင်ပါရဲ့၊ ဒါဆိုရင်လည်း အမေ့ကို ဘာကိစ္စ ခုလိုလုပ်ရတာလဲ၊ သူ အားလုံးကို မကျေမနပ်ဖြစ်နေတဲ့ သဘောလား"

"ဟုတ်မှာပေါ့ ကိုကိုရယ်၊ တွယ်တာလည်း မစဉ်းစားတတ်တော့ပါဘူး၊ ကဲပါ . . . သူ့အကြောင်းမတွေးဘဲ ခဏလောက်နေကြရအောင်နော်"

"ကောင်းတယ် တွယ်တာ၊ ကိုကိုတို့ ခရီးဆက်ရအောင်၊ ဖြည်းဖြည်းမှန်မှန်ပေါ့"

"ဟုတ်ကဲ့ . . . "

သီဟက ကားကို ဂီယာတစ်ခုကိုနှင့် ဖြည်းဖြည်းမှန်မှန်မောင်းရင်း မြိုင်သာသို့ ခရီးဆက်ခဲ့ကြသည်။ တတ်နိုင်သမျှ အကြင်နာ့အကြောင်း မပြောမိအောင် ထိန်းသိမ်းပြီး ပေါ့ပေါ့ပါးပါးကိစ္စများကိုသာ ပြောလာခဲ့ကြ၏။ လမ်းတွင် အန္တရာယ်တစ်စုံတစ်ရာ မဖြစ်အောင် ညဘက်မမောင်းဘဲ တည်းခိုခန်းတစ်ခုတွင် ဝင်နားလိုက်ကြ၏။





နားနားနေနေနှင့် လာခဲ့ကြသဖြင့် မြိုင်သာသို့ နောက်တစ်နေ့မနက် ကိုးနာရီလောက်မှ ရောက်၏။ ရောက်ရောက်ချင်း ဆေးရုံသို့ တန်းဝင်ခဲ့ကြသည်။ မြိုင်သာမြို့ ပုဂ္ဂလိကဆေးရုံသစ်ကြီး၏ အထူးခန်းအတွင်းမှ ဒေါ်သီတာတိုးကို စိတ်မသက်သာဖွယ်ရာ တွေ့ကြရသည်။ ခေါင်းတွင် ပတ်တီးအဖွေးသား၊ လက်တစ်ဖက်နှင့် ခြေထောက်တွင်လည်း ကျောက်ပတ်တီးကိုင်ထား၏။ ဒရစ်ပိုက်များနှင့် အောက်ဆီဂျင်ပိုက်တို့ကလည်း ရှုပ်ယှက်ခတ်နေသည်။ သတိက မရသေး။ တွယ်တာက အမေ့ကို ဖက်တွယ်လှုပ်ရမ်း၍ ငိုယိုကာ ခေါ်နေ၏။

"ခြေတစ်ဖက်၊ လက်တစ်ဖက် ကျိုးသွားတယ်၊ နောက်စေ့မှာ ဒဏ်ရာအပြင်းအထန်ရသွားတယ်၊ အပေါ်ယံဒဏ်ရာတွေကတော့ အမြန်ဆုံးကောင်းသွားမှာပါ၊ အတွင်းဒဏ်ဖြစ်မဖြစ် ဦးနှောက်ကို ထိခိုက်မှုရှိမရှိဆိုတာတော့ သတိရလာမှ ဓါတ်မှန်ရိုက်ကြည့်ရလိမ့်မယ်"

"ဟုတ်ကဲ့ . . . ခုလို သေချာဂရုစိုက်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ"

တွယ်တာကတော့ သူ့အမေဘေးတွင်ထိုင်ကာ လက်လေးကိုင်လိုက်၊ နဖူးလေးစမ်းလိုက်နှင့် မျက်ရည်တစမ်းစမ်း ဖြစ်နေရှာသည်။ သီဟက စပယ်ရှယ်နာ့(စ)တစ်ယောက်ငှားပြီး နှစ်ဆယ့်လေးနာရီ စောင့်ရှောက်ခိုင်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ . . . အမေသတိရရချင်း ဒီဖုန်းကို ဆက်ပေးပါ နော်၊ ပြီးတော့ အစစ၊ အရာရာ ဂရုစိုက်ပေးပါဗျာ"

"စိတ်ချပါရှင် . . ."

* * * *



## အခန်း (၉)

တွယ်တာ့ကို ဖေးမ၍ တွဲထူကာ ခေါ်ထုတ်လာခဲ့၏။ ဆေးရုံနှင့် အတော်အလှမ်းဝေးသော တွယ်တာတို့ အိမ်ကြီးဆီသို့ ကားနှင့်ထွက်လာခဲ့ကြသည်။ တွယ်တာတို့ အိမ်ကြီးမှာ နယ်ချဲ့ ခေတ်လက်ကျန်၊ ကိုလိုနီလက်ရာ အဆောက်အဦးဟောင်းကြီး တစ်လုံးဖြစ်သည်။ ခြံဝန်းကျယ်ကြီးနှင့် မြို့စွန်တွင် တစ်ထီးတစ်နန်း ရှိနေ၏။ ခြံကြီးအတွင်း ကားဝင်ပြီး ဆင်ဝင်ရှေ့ထိုးရပ်လိုက်သည် နှင့် အိမ်ကြီးထဲမှ ခွေးတစ်ကောင်ပြေးထွက်လာကာ တဝုတ်ဝုတ် ထိုးဟောင်ရင်း ပြေးလာ၏။ ကားတံခါးဖွင့်ပြီး ဆင်းလာသော တွယ်တာ့ပေါ် ခုန်တက်၍ တအီအီလုပ်ရင်း ဆီးကြိုရှာသည်။

"ဘရိတ်ကီ . . . မင်း မေမေ့ကို ကောင်းကောင်းမစောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှောက်ဘူးထင်တယ်”

“အီ . . . အီ . . . ဝုတ် . . . ဝုတ်”

တွယ်တာ့ကို ဘရိတ်ကီ ကြိုဆိုနေချိန်တွင် အိမ်ဖော်မလေး မိပုံ့က အဝတ်အစားအိတ်များ ကူသယ်၍ သီဟအား ကြိုဆိုပြီး အိမ်ထဲသို့ ဖိတ်ခေါ်၏။ သူတို့နောက်မှ တွယ်တာနှင့် ဘရိတ်ကီ တို့ ကပ်ပါလာကြသည်။ ဧည့်ခန်းတွင် ခဏထိုင်နားတော့ နံရံမှ တွယ်တာနှင့် အကြင်နာတို့၏ ငယ်ဘဝ ကိုယ်ချင်းဆက်ဓါတ်ပုံကြီး က ဆီးကြိုနေသည်။ ထိုပုံကြောင့် တွယ်တာ စိတ်မသက်မသာ ဖြစ်သွားတာကိုလည်း သီဟသတိပြုမိ၏။

“ကဲ . . . ကိုကို၊ ကားမောင်းရတာ ပင်ပန်းလှရောပေါ့၊ သွားနားချည်လေ၊ တွယ်တာ ဖုန်းစောင့်လိုက်မယ်”

“အင်း . . . တစ်ကိုယ်လုံး နုံးချိနေတာပဲ၊ ရေအရင်ချိုး လိုက်ရင် ကောင်းမလားလို့”

“ကောင်းသားပဲ၊ ကဲ . . . မိပုံ့ရေ ကိုကို့ကို ရေချိုးခန်းပြ ပေးလိုက်ဦး”

“ဟုတ်ကဲ့ . . . မမ”

သီဟ့ကို မိပုံ့ခေါ်သွားတော့ တွယ်တာ့အကြည့်က ညီ အစ်မနှစ်ယောက်တွဲဓါတ်ပုံဆီ အလိုလိုရောက်သွား၏။ မျက်မှန် အောက်မှ အကြင်နာ့မျက်ဝန်းတွင် ဒေါသနှင့် အမုန်းတရားများ ကို တွေ့လိုက်ရသလိုထင်မိ၍ ကမန်းကတန်း မျက်လုံးလွှဲလိုက်ရ





သည်။ အကြင်နာမျက်ဝန်းများကို ရင်မဆိုင်ရဲ။ စိတ်မသက်မသာ နှင့် သက်ပြင်းမှုတ်ထုတ်မိစဉ် မိပုံ့ပြန်ရောက်လာ၏။

“မိပုံ့ . . . ပြောစမ်းပါဦး၊ အမေ ဘယ်လိုဖြစ်ပြီး ပြုတ်ကျ ရတာလဲ”

“မိပုံ့လည်း အတိအကျတော့ မသိဘူး မမ၊ အဲဒီတုန်းက မိပုံ့ မီးဖိုးချောင်မှာ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ပြေးလွှားသံတွေကြားလို့ ဘာများလဲဆိုပြီး ထွက်ကြည့်တော့ မလုပ်နဲ့၊ မလုပ်နဲ့လို့အော်ရင်း အခန်းထဲက ပြေးထွက်လာတဲ့ မေမေကြီးကို တွေ့ရတာ”

“ပြီးတော့ ဒီအိမ်မှာ ထူးခြားတဲ့ အခြေအနေတွေ ဘာဖြစ် သလဲ၊ ဘာတွေသတိထားမိလဲ”

“အင်း . . . ဟို . . . ဟိုလေ . . . မိပုံ့စိတ်ထင်တော့ ဒီအိမ်မှာ သရဲခြောက်တယ်လို့ ထင်တယ် . . . မမ”

“ဟုတ်ပြီ . . . ဟုတ်ပြီ၊ တော်ပြီ . . . တော်ပြီ၊ ဒီအိမ်က ဘာကိစ္စဖြစ်ဖြစ် ငါ့ယောက်ျားသိလို့ မဖြစ်ဘူး၊ သဘောပေါက်လား”

“ဟုတ်ကဲ့ပါ မမ”

မိပုံ့ထွက်သွားမှ တွယ်တာ ဘာလုပ်ရင်ကောင်းမလဲ စဉ်း စားရ၏။ အကြင်နာ တကယ်မကျွတ်ဘူးဆိုလျှင် သူ့ဝိညာဉ်က ဒီအိမ်ထဲမှာပဲ ရှိရမည်။ ဒါဆို သံဃာတော်တွေပင့်ပြီး ပရိတ်နာ၍ နာနာဘာဝများကို နှင်လိုက်မည်။ အထက်လမ်းဆရာတွေ ခေါ်ပြီး အစီအမံတွေ လုပ်မည်။ ဒင်းကို ကျွတ်တန်းဝင်ပြီး ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားအောင် လုပ်မည်ဟု ဆုံးဖြတ်လိုက်၏။

ထိထိရောက်ရောက် တုံ့ပြန်စရာ စဉ်းစားလို့ရသွားသဖြင့် တွယ်တာ စိတ်အားတက်သွားသည်။ သူတို့နေရမည့် အခန်းထဲသို့ ဝင်လာတော့ သီဟာက ရေမိုးချိုး၊ အဝတ်အစားလဲပြီးနေပြီ။ တွယ်တာလည်း လန်းသွားအောင် ရေချိုးပြီး အလှပြင်ကာ ကိုကို့ကိုဖက်၍ တစ်ရေးအိပ်လိုက်၏။

ညနေစောင်းလောက်တွင် သီဟာက ဆေးရုံတစ်ခေါက်လောက် သွားကြည့်ကြရန်ခေါ် သည်။ တွယ်တာ မလိုက်ချင်၊ အမေမျောနေပုံ သူ့မကြည့်ရက်။

"တွယ်တာ မလိုက်တော့ဘူး ကိုကို၊ ကိုကို သွားလိုက်ပါ၊ ဖုန်းမှမဆက်တာ အခြေအနေတော့ ထူးမယ်မထင်ဘူး၊ ခေါင်းတွေတအားကိုက်နေလို့ . . . "

"ဟုတ်ပြီလေ . . . ဒါဆို ကိုကိုပဲ သွားကြည့်လိုက်မယ်"

သီဟာထွက်သွားမှ တွယ်တာထလာပြီး မှန်တင်ခုံရှေ့ ဝင်ထိုင်လိုက်၏။ မျက်တွင်းချောင်နေသော သူ့မျက်နှာလှလှလေးကို သူပြန်သနားနေမိသည်။ ထိုစဉ် ကိုကိုဖွင့်ထားသော အခန်းတံခါးမှ ဘရိတ်ကီဝင်လာ၏။

"ဝုတ် . . . ဝုတ်"

ဘရိတ်ကီက တွယ်တာ့ခြေထောက်ကို ခေါင်းနှင့်ပွတ်သပ်ရင်း တဝုတ်ဝုတ် အသံပေးသည်။ ဘရိတ်ကီ့ခေါင်းကို တွယ်တာ





လက်နှင့်ပုတ်၍ ကျီစယ်လိုက်သည်။ ရုတ်တရက်ဆိုသလို ဘရိတ်ကီနားရွက်များထောင်သွား၏။ ပြီးတော့ တဝုတ်ဝုတ် ထိုးဟောင်တော့သည်။ မာန်ဖီတာလား၊ ကြောက်ရွံ့တာလား ခွဲခြား၍မရ။ ဘရိတ်ကီကြည့်ရာသို့ စူးစမ်းမိတော့ အလှပြင်မှန်တင်ခုံမှ မှန်ကိုကြည့်ပြီး စူးစူးဝါးဝါးဟောင်နေမှန်း သိရသည်။

"ဘာလဲ . . . ဘရိတ်ကီ၊ ဘာဖြစ်လို့လဲ"

ဘရိတ်ကီကို ချော့မော့ရင်း မှန်ကိုပြန်ကြည့်လိုက်သည့်အခါမှာတော့ မှန်ထဲမှာ အကြင်နာရောက်နေတာ မြင်လိုက်ရသည်။

"နင် . . . ငါ့လက်က လွတ်မယ်ထင်သလား"

"ငါ့ . . . ငါ့ကို ခွင့်လွှတ်ပေးပါလား‌ဟယ်၊ ဘဝတွေလည်း ခြားနေပြီမို့လား"

"ဟား . . . ဟား . . . ဟား . . . ခွင့်လွှတ်ရမယ် ဟုတ်လား . . . ဟား . . . ဟား . . . ဟား၊ လုပ်ချင်တာတွေ လုပ်ပြီးမှ ခွင့်လွှတ်ရမယ် . . . ဟုတ်လား၊ လုံးဝခွင့်မလွှတ်နိုင်ဘူး၊ နင့်အသက်ကို ပြန်နုတ်ယူရမှ ကျေနပ်မယ် သိရဲ့လား"

သူ့ကို တောင်းပန်တိုးလျှိုးလို့ရနိုင်မည် မဟုတ်မှန်းသိလိုက်သဖြင့် တွယ်တာ လွတ်လမ်းကို ရှာ၏။ အငြိုးအတေးကြီးသော အကြင်နာက တွယ်တာ့အား လက်တစ်ဖက်တည်းနှင့် ကိုင်မြှောက်၍ လွှင့်ပစ်လိုက်သည်။ လေထဲတရွတ်တိုက် လွင့်မျောပါသွားရင်း



www.burmeseclassic.com

www.burmeseclassic.com



နံ့ရံကို ကျောနှင့်ဆောင့်မိ၏။

"အုန်း . . ."

"အင့် . . . အား . . အမလေး . . ကျွတ် ကျွတ် ကျွတ်"

တွယ်တာ သဘောပေါက်လိုက်ပြီ။ အကြွင်နာ ဒီနေ့ သူ့ကို အသေသတ်တော့မည်။ လွတ်ရာလွတ်ကြောင်းကို စဉ်းစားမိတော့ ဘုရားစာကို ရွတ်မည်ဆိုတော့ ဘာဘုရားစာကိုမှ အစဖော်၍ မရတော့။ အကြွင်နာက တွယ်တာ၏စိတ်အတွေးကို သိသွားဟန်နှင့် ဟားတိုက်ရယ်ရင်း ရှေ့တိုးလာပြန်သည်။ တွယ်တာ ကြောက်သွားရပြန်သည်။ သူဘာလုပ်ဦးမှာပါလိမ့် ဟုတွေးပြီး အထိတ်တလန့်နှင့် နံ့ရံကို ကျောနှင့်ကပ်၍ ဒူးတဆတ်ဆတ် တုန်နေတော့၏။

အကြွင်နာက လက်တစ်ဖက်တည်းနှင့် တွယ်တာလည်ပင်းကို ကိုင်မြှောက်လိုက်သည်။ လည်ပင်းအစ်ရုံမျှမက အသက်ရှူပါကြပ်လာပြီး သတိလစ်မတတ်ဝေဒနာကို ခံစားရတော့၏။ တောင်းပန်တိုးလျှိုးသော မျက်ဝန်းများနှင့် ကြည့်သော်လည်း အလျှော့ပေးမည့်ပုံ မတွေ့ရ။

ရုတ်တရက် ခေါင်းထဲတွင် သံဗုဒ္ဓေဂါထာအစကို သတိရသွားသဖြင့် ဘုရားကို အာရုံပြုပြီး ရွတ်ဆိုလိုက်သည်။ ဂါထာကပဲ စွမ်းသလား၊ နာနာဘာဝပဲ ပန်းသွားသလားတော့ မသိ။ အကြွင်နာ မခံနိုင်တော့သည်လား ဒါမှမဟုတ် ဒေါပွသွားသည်လား မပြော





တတ်၊ ကိုင်ပေါက်လိုက်ပြန်သည်။ တွယ်တာ လွင့်စင်သွားရပြန်၏။ ပြုတ်ကျသော ဒဏ်၊ ဆောင့်မိသော ဒဏ်တို့ကြောင့် အသည်းခိုက်မျှ နာကျင်မှုဝေဒနာကို ခံစားရပြန်သည်။

ထိုသို့ဝေဒနာနှင့် သူမ,နှစ်ပါးသွားနေရပုံကို အကြွင်နာက အရသာခံကြည့်ပြီး အားရကျေနပ်နေပုံရသည်။ တွယ်တာမှာတော့ အတွေးထဲပေါ်လာသော သံဗုဒ္ဓေကို အမိအရ ရွတ်ဖတ်နေရ၏။ တစ်ခါ ကစ်စွန်းတစပေါ်လာသော ဘုရားဂုဏ်တော်ကိုးပါးကို မမီမကမ်း ဆက်ရွတ်နေလိုက်သည်။ ဘုရားဂုဏ်တော်အစွမ်းကြောင့် နာနာဘာဝအကြွင်နာ ပူလောင်ပြင်းပြသော ဝေဒနာများ ခံစားသွားရဟန်တူ၏။ ဂဏာမငြိမ်ဖြစ်ကာ သွေးရူးသွေးတန်း ဖြစ်နေရှာသည်။

သို့သော် တွယ်တာ့အပေါ် ထားသည့် အာဃာတက ကြီးမားလွန်းလှသည်ထင့်။ ပြင်းပြလှသည့် ဝေဒနာကို ခံစားပြီး ရှေ့သို့ ဆက်တိုးလာ၏။ လက်တစ်ကမ်းအကွာအရောက်တွင် အကြွင်နာက တွယ်တာ့ပါးကို ဖြတ်ရိုက်လိုက်သည်။ အကြွင်နာ့လက်မှ လက်သည်းရှည်ကြီးများကြောင့် တွယ်တာ့ပါးတွင် စပ်ဖျင်းဖျင်းဝေဒနာကို ခံစားလိုက်ရ၏။ ထိုအချိန်မှာ အိမ်ရှေ့တံခါးမကြီး ရုတ်တရက် ပွင့်လာသည်။ အိမ်ထဲသို့ သီဟဝင်လာ၏။ သီဟကို လှည့်ကြည့်ပြီး အကြွင်နာ ရုတ်ချည်းဆိုသလို ပျောက်ကွယ်သွားတော့သည်။

ထိုခဏတွင်ပင် တွယ်တာတစ်ယောက် အားလျှော့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပုံရက်လဲကျသွားရှာသည်။ သီဟဝင်လာပြီး နံရံထောင့်တွင် ခွေခွေလေး လဲကျနေသည့် တွယ်တာ့ကိုတွေ့တော့ တအံ့တသြ ပြေးလာထွေးပွေ့ရင်း စိတ်ပူစွာ မေးမြန်း၏။

"တွယ်တာ . . . ပါးမှာလည်း ဒဏ်ရာတွေနဲ့ ဘာဖြစ်တာလဲ၊ ပြော . . . ပြောစမ်း၊ အိမ်ကို ဘယ်သူလာသလဲ တွယ်တာကို ဘယ်သူက အနာတရဖြစ်အောင် လုပ်တာလဲ"

တွယ်တာ ဘာမှမဖြေနိုင်ဘဲ သီဟရင်ခွင်ထဲတိုးဝင်ကာ ဝမ်းပမ်းတနည်း ရှိုက်ငိုနေမိသည်။ သီဟက ပွတ်သပ်နှစ်သိမ့်ပေးရင်း . . .

"ဘာမှမကြောက်နဲ့ တွယ်တာ ကိုကိုတစ်ယောက်လုံးရှိတယ်၊ ဘာဖြစ်ခဲ့သလဲဆိုတာသာ . . . ပြော"

"တွယ်တာ ကြောက်တယ် ကိုကို၊ ဒီမှာ အကြင်နာရှိနေတာ သိပ်ကိုသေချာတယ်၊ အရင်လို ခြောက်လှန့်ရုံတင် မဟုတ်တော့ဘူး၊ ကိုယ်ထိလက်ရောက် အန္တရာယ်ပေးလာပြီ ကိုကိုရဲ့ . . အဟင့် . . . ဟင့် . . . ဟင့်"

"ဟင် . . . အကြင်နာ့လက်ချက် ဟုတ်လား၊ မဖြစ်နိုင်တာ တွယ်တာရယ်"

"မဖြစ်နိုင်ဘူး ဟုတ်လား၊ ဒါဆို တွယ်တာ့တစ်ကိုယ်လုံးက ဒဏ်ရာတွေဟာ ကိုယ့်ဟာကိုယ် လုပ်ထားတာလို့ ပြောတာလား"





"အဲလိုတော့ မဟုတ်ဘူးလေ၊ မယုံနိုင်လို့ ပြောတာပါ တွယ်တာရယ်"

သီဟက တွယ်တာ့အား တယုတယ ဖေးမခေါ်ဆောင်ကာ ဧည့်ခန်းတွင် ထိုင်စေသည်။ မိပုံ့ကို သွားခေါ်၍ အိမ်သုံး ဆေးဝါးများရှာခိုင်းကာ တွယ်တာ့ဒဏ်ရာများကို ဆေးထည့်ပြုစုပေး၏။

"မိပုံ့ . . . ညည်းအစ်မတစ်ယောက် ခုလောက်ထိ ဖြစ်ပျက်နေတာ ညည်းလုံးဝမသိလိုက်ဘူးလား"

"အသံတော့ ကြားတယ် အစ်ကို၊ ထွက်ကြည့်တော့လည်း အစ်မတစ်ယောက်တည်း လှေကားမှာ ရပ်နေတာ တွေ့ရတယ်၊ တစ်ယောက်ထဲ စကားတွေပြောနေလို့ မေးရမှာလည်း အားနာလို့ အလုပ်ပဲ ပြန်လုပ်နေခဲ့တာပါ"

မိပုံ့၏ရှင်းပြမှုကလည်း ပြီးပြည့်စုံနေသဖြင့် သီဟ ဘာဆက်မေးရမှန်း မသိတော့ချေ။ တွယ်တာမှာတော့ ကြောက်စိတ်မပြေသေးဟန်နှင့် သီဟကို ဖက်တွယ်ထားဆဲဖြစ်သည်။

"ဒါနဲ့ မေမေကော သတိရပြီလား"

"သတိရလာပြီ တွယ်တာ၊ အဲဒါကြောင့် တွယ်တာ့ဆီ ဖုန်းဆက်နေတာ ဘယ်လိုမှ ဆက်မရဘူး"

"ဖုန်းက အခန်းထဲက အံဆွဲထဲမှာ ကိုကိုရဲ့၊ အမေ သတိရပြီဆိုတော့ စကားတွေဘာတွေကော ပြောနိုင်ပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



တွယ်တာက သိလိုစိတ်ပြင်းပြစွာနှင့် အလောတကြီး မေးလာ၏။

"သတိရလာပေမယ့် စကားမပြောနိုင်သေးဘူး တွယ်တာ"

ထိုစကားကြားမှ တွယ်တာ သက်ပြင်းရှိုက်၏။ စိတ်သက်တောင့်သက်သာ ဖြစ်သွားပုံလည်း ရသည်။ တွယ်တာ့အတွေးထဲမှာတော့ "အင်း . . . တော်ပါသေးရဲ့၊ အမေ စကားမပြောနိုင်သေးလို့၊ အမေလည်း အကြင်နာရဲ့ အခြောက်အလှန့်ကို ခံခဲ့ရမှာ ကျိန်းသေတယ်၊ သွေးပျက်ပြီး မပြောသင့်တာတွေ ထုတ်ပြောလိုက်ရင် ငါ့ဘဝပျက်မှာ၊ အင်း . . . အချိန်မီ ဆေးရုံသွားပြီး အမေ့ကို ပိတ်ထားမှဖြစ်မယ်" လုပ်သင့်လုပ်ထိုက်သည့်အရာကို မှန်မှန်ကန်ကန် သုံးသပ်နိုင်သဖြင့် တွယ်တာ ကိုယ့်ကိုယ်ကို ယုံကြည်မှုအထိုက်အလျောက် ပြန်ရသွား၏။

"ဒါဆို မေမေ့ကို သွားတွေ့ချင်တယ် ကိုကို"

"တွယ်တာ စိတ်ငြိမ်သွားပြီဆိုရင် ကိုကိုလိုက်ပို့ပေးမယ်လေ"

"ရပါပြီ ကိုကို၊ သွားကြမယ်လေ"

တွယ်တာနှင့် သီဟတို့ ဆေးရုံသို့ လာခဲ့ကြပြန်သည်။ ဆေးရုံရောက်မှ တွယ်တာက သတိရဟန်နှင့် . . .

"ခုမှ သတိရတယ် ကိုကိုရယ်၊ မေမေ့အတွက် ဓါတ်စာလေးဘာလေး ဝယ်ပေးပါဦးနော်"





"အဲ . . . ဟုတ်သားပဲ၊ လူနာက သတိရနေပြီ၊ တစ်ခုခု စားချင်မှာပဲနော်"

"အားရှိမယ့် ဟာလေးတွေ စဉ်းစားပြီး ဝယ်ခဲ့နော် ကိုကို"

"စိတ်ချ တွယ်တာ . . ."

သီဟကို ပညာပါပါ ပထုတ်ပြီးနောက် တွယ်တာက သူ့အမေ၏ သီးသန့်ခန်းထဲသို့ ဝင်လာခဲ့သည်။ အမေ သူ့ကိုတွေ့လိုက်သည်နှင့် မျက်လုံးကလယ်ကလယ်နှင့် အထိတ်တလန့် ဖြစ်သွား၏။ သူမ ရိပ်မိလိုက်သော်လည်း အရေးမထားဘဲ အမေ့နားသို့ တိုးကပ်သွားလိုက်သည်။ အမေက မျက်နှာကို တစ်ဖက်သို့ လှည့်သွားသဖြင့် အလိုက်သင့်ဖြစ်သွားသော အမေ့နားကပ်၍ တီးတိုးပြောလိုက်၏။

"အမေ . . . သေသူနဲ့ ရှင်သူထဲမှာ ရှင်သူကိုပဲ ဦးစားပေးရမှာနော်၊ လွန်ခဲ့တဲ့ ခုနစ်နှစ်က အဖြစ်အပျက်တွေ အမေ့သမက်ကို ပြောမပြသင့်ဘူးဆိုတာ အမေသဘောပေါက်မှာပါနော်"

ဒေါ်သီတာတိုးက တစ်ဖက်သို့သာ လှည့်နေဆဲဖြစ်သည်။ တွတ်တာပြောတာကို လက်မခံသည့်သဘောမျိုး ပြသနေသည်။

"အမေ . . . သမီးဘဝပျက်စီးမှာကို မကြည့်ရက်ဘူး မဟုတ်လား၊ အဲဒါဆို တစ်သက်လုံး စကားပြန်မပြောတော့ဘဲ နေပေးပါ အမေရယ်နော်"

တွယ်တာက သူ့အမေ ဒေါ်သီတာတိုး၏ လက်ကိုဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာ တောင်းပန်တိုးလျှိုးသလိုဟန်နှင့် ဖြစ်သည်းလိုက်သည်။ ဒေါ်သီတာတိုးက သူ့လက်ကို အားစိုက်ရုန်းကန်နေ၏။

"သမီးတည်ဆောက်ထားတဲ့ သာယာချမ်းမြေ့တဲ့ ကမ္ဘာလေးမှာ သမီးအသက်ထက်ဆုံး နေသွားပါရစေနော်"

ထိုအခိုက် သူနာပြုဆရာမလေး ဝင်လာသဖြင့် တွယ်တာဘာမှဆက်ပြောခွင့်မရတော့ချေ။

"အန်တီ့အခြေအနေ တဖြည်းဖြည်း တိုးတက်လာပါပြီရှင်"

"ဩော် . . . ဟုတ်ကဲ့၊ ဂရုစိုက်ပေးပါရှင်၊ ကျွန်မတို့လည်း အမေ အမြန်ဆုံးသက်သာလာဖို့ကိုပဲ မျှော်လင့်နေတာပါ"

"အသက်ကြီးနေပြီမို့ အရိုးပြန်ဆက်ဖို့ အချိန်ကြာမှာကလွဲပြီး ကျန်တာအားလုံး အမြန်ဆုံးပုံမှန်ဖြစ်လာမှာပါရှင်"

"ဝမ်းသာလိုက်တာရှင် . . ."

သူနာပြုဆရာမနှင့် သူမ,စကားပြောနေစဉ် သီဟက ဓါတ်စာများ၊ အဟာရများ တစ်ထုပ်တစ်ပိုးနှင့် ပြန်ရောက်လာသည်။

"အမေ့အတွက် လိုအပ်တာမှန်သမျှ အတွေးပေါက်သလို စဉ်းစားပြီး ဝယ်လာခဲ့တာပဲ၊ အမေ အားပါးတရ သုံးဆောင်ပါနော်"

သမက်ပြောတာကျတော့ ဒေါ်သီတာတိုးက ခေါင်းညိတ်ပြုံးပြနှင့်ဆိုတော့ တွယ်တာလည်း သူ့အမေကို မကျေမနပ်ဖြစ်သွား၏။ သီဟက . . .





"အမေ . . . သားနဲ့တွယ်တာ ဒီမှာစောင့်အိပ်မယ်လေ၊ အမေလည်း အားရှိသွားတာပေါ့"

သီဟ၏ထိုစကားကို ဒေါ်သီတာတိုးက လက်မခံဟန်နှင့် ခေါင်းကို ဖြည်းညှင်းစွာ ရမ်းပြသည်။ သူနာပြုကိုလည်း မေးငေါ့ပြ၏။ မစောင့်ကြပါနဲ့ သူနာပြုရှိသားပဲဟူသော အဓိပ္ပါယ်ပင် ဖြစ်သည်။ သို့နှင့် နာရီဝက်လောက်နေပြီး သူတို့လည်း အိမ်ပြန်လာခဲ့ကြ၏။ သူတို့ရောက်သည်နှင့် မိပုံ့က ပြန်ဖို့ဟန်ပြင်တော့သည်။ ထမင်းဟင်းများ ပြင်ပေးပြီး နှုတ်ဆက်ကာ သုတ်ခြေတင်သွားတော့၏။ တွယ်တာလည်း တားမနေတော့။ သူ့ဘေးတွင် သီဟရှိနေလျှင် ဘာဆိုဘာမှ မလိုအပ်တော့တာ သေချာနေသည်ပဲလေ။

သီဟနှင့်တွယ်တာတို့ ညစာစားပြီးကတည်းက အိပ်ခန်းထဲဝင်ခဲ့ကြ၏။ မှန်ကြည့်ရမှာ ကြောက်နေသော တွယ်တာ့အတွက် သီဟက အခန်းတွင်းမှ မှန်များကို အဝတ်များနှင့် အုပ်ဆိုင်းပေးထား၏။ သီဟရှိနေသဖြင့် တွယ်တာ ကြောက်စိတ်သိပ်မဖြစ်မိ။ ဝတ်စရာအဝတ်အစား သိပ်မပါလာ၍ အပျိုဘဝက အဝတ်အစားများထည့်သည့် ဘီရိုကိုမွှေနှောက်ပြီး အင်္ကျီများ ရှာလိုက်သေးသည်။ သီဟက ကုတင်ပေါ် လှဲလျောင်းအနားယူနေ၏။

အဝတ်အစားရှာကာမှ အယ်(လ်)ဘန်အဟောင်းကို တွေ့သည်။ မဝံ့မရဲတုန်ရီသော လက်အစုံနှင့် အယ်(လ်)ဘန်ကို တစ်ရွက်ချင်း လှန်ကြည့်မိ၏။ တွယ်တာတို့ ညီအစ်မနှစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်က ပုံများကို လွမ်းမောဖွယ် တွေ့ရသည်။ ရင်ချင်းဆက် အမြွှာအဖြစ် နာမည်ကြီးခဲ့သော တွယ်တာတိုးနှင့် အကြင်နာတိုးတို့မှာ ဘဝပေးကုသိုလ်ကံဖေးမမှုကြောင့် ချောမောလှပသော ရုပ်ရည်ကို ပိုင်ဆိုင်ခွင့်ရခဲ့ကြ၏။ တစ်ယောက်ကိုတစ်ယောက်လည်း လွန်စွာချစ်ကြ၏။

နှစ်ယောက်တွဲနေသည့် အနေအထားနှင့် မခွဲမခွာနေလာခဲ့ကြသော အလွန်ချစ်ကြသည့် သူတို့ညီအစ်မနားသို့ ကောင်လေး တစ်ယောက် ရောက်ရှိလာခဲ့သော အခါတွင် မတော့ . . .။

* * * *



ဒေါသပြင်းအားမြင့်သဖြင့် ကြွက်ဖြူလေး အသံပင် မထွက်နိုင်ဘဲ ဇိဝိန်ကြွေသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ရင်ချင်းဆက် အမြွာညီအစ်မ ဆေးရုံသို့ ရောက်လာသည်ဆိုသည့် သတင်းစကားက မြိုင်သာပြည်သူ့ဆေးရုံမှ ရပ်ဝေးလူနာများအတွက်တော့ အထူးအဆန်း သတင်းတစ်ပုဒ်သာ ဖြစ်သည်။ အနီးအနား မြို့ရွာများမှ လူနာများနှင့် မြို့ခံများအတွက်တော့ သိပ်အဆန်းတကျယ် မဟုတ်ခဲ့။ လွန်ခဲ့သော ဆယ့်လေးနှစ်ကျော်ကျော်ကတည်းက အုတ်အော်သောင်းတင်း ဖြစ်ခဲ့ပြီးပြီ။

ထိုစဉ်ကပင် ရင်ချင်းအမြွာတို့ကို မွေးဖွားခဲ့ခြင်း ဖြစ်၏။ ယခုတစ်ကြိမ်ကတော့ အမြွာထဲမှတစ်ယောက်၏ နှလုံးအားနည်းသည့်ရောဂါကို ကုသရန် ရောက်ရှိလာကြခြင်းဖြစ်၍ ဆေးရုံတစ်ရုံလုံးမှ လူနာအသိုင်းအဝိုင်းက အမြွာတွေ၏အခန်းသို့ မသိမသာ





တစ်မျိုး၊ သိသိသာသာတစ်မျိုး ချောင်းကြည့်ကြ၏။ လက်ဆောင်များ၊ စားစရာများ လာပေးကာ အားပေးစကားပြောကြသည်။ အမြွာနှစ်ယောက်တို့၏ ချောမောလှပပုံသတင်းက လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားနေတော့၏။

မြိုင်သာဆေးရုံတွင် တက်ရောက်ကုသနေသည့် လူနာများထဲမှ ထိုသတင်းကို အကြီးအကျယ် စိတ်ဝင်စားနေသော ချာတိတ်တစ်ယောက်လည်း ရှိနေသည်။ သူက ဆယ့်ငါးနှစ်သား သီဟနိုင်ပင် ဖြစ်သည်။ သူက မြိုင်သာမှ အဒေါ်ဖြစ်သူထံ လာလည်ရင်း မတော်တဆဖြစ်ပြီး ခြေထောက်ကျိုး၍ ဆေးရုံရောက်နေခြင်းပင်။ ကျောက်ပတ်တီးစီးထားရပြီး ဝှီးချဲတစ်လုံးနှင့် ဆေးရုံပတ်နေသည့် သီဟက ထိုသတင်းကြားပြီး နောက်တစ်နေ့မှာပင် အမြွာညီအစ်မကို အဖူးမျှော်ထွက်ခဲ့သည်။ သူ့အဒေါ်ပို့ပေးထားသည့် စားစရာများထဲမှ ပန်းသီးသုံးလုံးကို လက်ဆောင်အဖြစ် ယူလာခဲ့သေးသည်။

ကံအားလျော်စွာပင် ထိုအချိန်တွင် အမြွာတို့အခန်း၌ လူရှင်းနေ၏။ သို့နှင့် ခြေတစ်ပေါင်ကျိုး သီဟနိုင်အဖို့ အမြွာညီအစ်မအား ကောင်းကောင်းမွန်မွန် မိတ်ဖွဲ့ခွင့်ရခဲ့သည်။

"တို့နာမည် သီဟနိုင်၊ ရန်ကုန်မှာ နေတာ၊ မြိုင်သာက အဒေါ့်ဆီလာလည်ရင်း ခြေထောက်ကျိုးပြီး ဆေးရုံရောက်လာတာ၊ သိပ်ကိုဆန်းကျယ်ပြီး လူတစ်သိန်းမှာ တစ်ယောက်မရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်ချင်းဆက်အမြွှာညီအစ်မနဲ့ ခင်မင်ချင်လို့ လာပြီးမိတ်ဆက်တာပါ၊ ရော့ . . . အပျင်းပြေစားရအောင် ပန်းသီးလည်း ယူလာခဲ့တယ် . . . လက်ခံပါနော်"

ကောင်ငယ်ချောလေး သီဟနိုင်၏ မိတ်ဆက်စကားကို အမြွှာတို့ အတော်သဘောကျသွား၏။ သက်တူရွယ်တူလောက်ဖြစ်သည့်အပြင် ရန်ကုန်သားလူချောလေးဆိုတော့ မြို့ကောင်ပေါက်မလေးတွေ ရင်ခုန်တာ ဘာမှမဆန်း။

ဆန်းတာက သူတို့သုံးယောက်လုံး၏ရင်ထဲ ချစ်ခြင်းတရားတို့ တစ်ပြိုင်နက်တည်း ဖူးပွင့်ရှင်သန်ခဲ့ခြင်းသာ။ သုံးယောက်လုံး အကြည့်တွေ လွှဲမပစ်နိုင်ယောက်အောင် တစ်ရှိုက်မက်မက် စူးစမ်းနေမိကြ၏။ ခပ်သွက်သွက်ဖြစ်ဟန်တူသော အကြင်နာက . . .

"ကိုသီဟနိုင်တဲ့လား၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မတို့ကလည်း ခင်တတ်ပါတယ်ရှင်၊ လက်ဆောင်ကိုတော့ လက်မခံပါရစေနဲ့၊ ထားစရာမရှိတော့လို့ ဆိုင်ဖွင့်ပြီး ပြန်ရောင်းရမလို ဖြစ်နေလို့ပါ၊ အထူးသဖြင့် ပန်းသီးတွေပေါ့"

"ဟာ . . . အဲလိုတော့ မလုပ်ပါနဲ့၊ တို့ယူလာတဲ့ ပန်းသီးက ဒီက ပန်းသီးတွေနဲ့ မတူဘူး"

"ဟင် . . . တရုတ်က လာတာပဲ မဟုတ်ဘူးလား"

"မဟုတ်ဘူး . . . ဇဒင်ဥယျာဉ်ထဲက ခိုးလာတာ"

"ရှင် . . . ဩော် . . . ဟား ဟား ဟား ခစ် ခစ်"





သီဟအပြောကို အမြွှာတို့ သဘောကျပြီး တသိမ့်သိမ့်ရယ်ကြ၏။ ခင်မင်မှုက လျှင်မြန်စွာ ဖြစ်တည်သွားလေပြီ။

"ကဲ . . . နာမည်လေးတွေ မသိရဘူးလား၊ အမြွှာတို့ရယ်"

"အဟင်း . . . သိရပါတယ်ရှင်၊ တွယ်တာတိုးနဲ့ အကြင်နာတိုးတဲ့"

"ဟား . . . ချစ်စရာကောင်းလိုက်တာနော်"

"အံမယ် . . . ဘာကိုပြောတာလဲ"

"အဟင်း . . . နာမည်ကို ပြောတာပါဗျာ၊ ဘယ်သူက တွယ်တာ၊ ဘယ်သူက အကြင်နာဆိုတာလည်း ရှင်းရှင်းလင်းလင်း သိထားပါရစေ"

အမြွှာတို့ အချင်းချင်းကြည့်ပြီး နှုတ်လိုဖွယ် ပြုံးလိုက်ကြ၏။ ကြွက်ဖြူလေးကိုကိုင်လျက် ပခုံးပေါ်တင်လိုက်နှင့် ဆော့ကစားနေသော မျက်မှန်တပ်ထားသည့် တစ်ယောက်က . . .

"သေချာမှတ်ထားနော်၊ နောက်တစ်ခါ ထပ်မပြောဘူး၊ ကျွန်မက အကြင်နာ၊ သူက တွယ်တာ"

"အိုကေ . . . ဒီလောက်ဆို လုံလောက်ပြီ၊ အခိုင်အမာ သက်သေပြရရင် ကိုယ်သေတဲ့အထိ မေ့စရာအကြောင်း မရှိတော့ဘူး"

"အံမယ် . . . အပြောကြီးလိုက်တာ၊ မျက်မှန်တပ်မထားရင် ခွဲနိုင်မှာမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ခွဲနိုင်တာပေါ့၊ ညာဘက်က အကြင်နာ ဘယ်ဘက်က တွယ်တာလေ"

"အဟား . . . ဟား . . . ဟား . . . လူလည်ကြီး"

ထိုသို့ စတင်ခဲ့သော သုံးပွင့်ဆိုင်ခင်မင်မှုက ရက်အနည်းငယ်အတွင်း အရောင်ရင့်သွား၏။ သေကောင်ပေါင်းလဲ ဝေဒနာခံစားနေရသော လူနာများမဟုတ်သဖြင့် ညနေခင်းနေအေးချိန်များတွင် ဆေးရုံဝင်းအတွင်း အရိပ်ရခုံတန်းများတွင် သူတို့သုံးယောက်ကို တပူးတွဲတွဲ တွေ့မြင်ရသည်။ တစ်ရက်မှာတော့ အမြွာညီအစ်မကြား စိတ်ဝမ်းကွဲမှုကို အမှတ်မထင် ဖန်တီးလိုက်သူမှာ သီဟာနိုင်ဖြစ်၏။

ထိုအဖြစ်မှာ ပန်းချီတွင် ထူးချွန်ပြောင်မြောက်သော သီဟာက ပုံတူရေးဆွဲပေးသည့် ပန်းချီကားကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ခုံတန်းလေးတွင် တွဲလျက်ထိုင်နေသော အမြွာတို့ကို သေချာကြည့်ရင်း သီဟာက ပုံတူရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ပုံဆွဲပြီးသွားသည့်အခါ သီဟာက ဗိုးချဲ(လ်)ကို တွန်းရွှေ့ရင်း တွယ်တာ့ထံသို့ ပန်းချီပုံကို လှမ်းပေး၏။ ဒါကို အကြင်နာက ကြားဖြတ်လှမ်းယူကာ ကြည့်သည်။ စာရွက်ပေါ်တွင် မျက်မှန်တပ်မထားသော တွယ်တာ၏ပုံကိုသာ တွေ့လိုက်ရသဖြင့် အကြင်နာ အကြီးအကျယ် မျက်နှာပျက်သွား၏။

အကြင်နာ ဒေါပွပွနှင့် လက်ထဲမှ ကြွက်ဖြူလေးကို ဖျစ်





ညှစ်ပစ်လိုက်သည်လား မပြောတတ်၊ ကြွက်ငယ်၏ မချိမဆန့်အော်သံကြားမှ သတိရပြီး လွှတ်ပေးလိုက်တော့ ကြွက်ဖြူလေး ထွက်ပြေးသွားသည်။ အနားက ဖြတ်သွားသည့် သူနာပြုဆရာမကြီးတစ်ယောက်က ပြန်ဖမ်း၍ လာပေးရ၏။

တွယ်တာက ပန်းချီပုံကို ယူကြည့်ပြီးတော့ ပြုံးယောင်သမ်းကာ သဘောတကျဖြစ်သွားသော်လည်း အကြင်နာကတော့ မျက်နှာရှုစ်ခေါက်ချိုးနှင့် ပွင့်လင်းစွာ မေး၏။

"ကျွန်မပုံကို မှတ်တမ်းတင်ဖို့ စိတ်မဝင်စားဘူးပေါ့ . . . ဟုတ်လား ကိုသီဟာနိုင်"

"ဗျာ . . . အဲ . . . အဲလိုတော့ မဟုတ်ပါဘူး"

"မဟုတ်ရင် ကျွန်မပုံပါ ထပ်ဖြည့်ပေး . . ."

အားတုန့်အားနာဖြစ်သွားသော သီဟာက စာရွက်ကိုပြန်ယူပြီး အကြင်နာ့ပုံကိုပါ တွဲ၍ထပ်ဖြည့်ဆွဲပေးရ၏။ သို့သော် စိတ်က မပါတော့၍ ပုံကသိပ်မတူလှ၊ မျက်မှန်နှင့် ဆံပင်ပုံကြောင့်သာ အကြင်နာဟု ပြောလို့ရရုံရှိသည်။ မည်သို့ပင်ဖြစ်စေ အကြင်နာ အကြီးအကျယ် သဘောကျသွား၏။ ထိုစဉ်ကတည်းက အကြင်နာ၏စိတ်နေစိတ်ထားကို သီဟာရိပ်ဖမ်းသံဖမ်းသိသလို ရှိသွားသည်။ သို့သော်လည်း သီဟာက တွယ်တာ့ကို အချစ်ကြီးချစ်မိနေခဲ့ပြီဖြစ်၏။

သူ့ဆန္ဒက တွယ်တာ့တစ်ယောက်ထဲ ပုံတူကိုရေးပြီး ချစ်သဝဏ်လွှာပါ ပူးတွဲပေးရန် မဟုတ်လား။ သည်တော့ သူ့အခန်း



www.burmeseclassic.com

www.burmeseclassic.com



တွင်သူ တွယ်တာ့တစ်ယောက်ထဲပုံကို ထပ်မံရေးဆွဲရသည်။ ပန်းချီပုံပြီးတော့ အချစ်စာတမ်းကို ပြုစုရပြန်သည်။ အားလုံးအဆင်သင့်ဖြစ်သွားသော်လည်း ရည်းစားစာပေးဖို့ အခြေအနေကောင်းကရှာမရ။ ရင်ချင်းဆက်အမြွှာမို့ အကြင်နာမသိအောင် တွယ်တာ့ကိုစာပေးဖို့က အတော်ခက်ခဲနေ၏။

သီဟဘက်တွင် ထိုသို့အခက်အခဲများဖြစ်နေခိုက် တွယ်တာတို့ ညီအစ်မတစ်တွေမှာလည်း အဆင်မပြေကြတော့ချေ။ သီဟဆိုသည့် ကောင်ချောလေးကြောင့် အချင်းချင်း စိတ်ဝမ်းကွဲနေကြသည်။ သီဟက တွယ်တာ့ကို စိတ်ဝင်စားနေတာ ရိပ်မိသောအကြင်နာ၏ မနာလိုမှုက တစ်နေ့တစ်ခြား ပိုမိုပြင်းထန်လာသည်။

"တွယ်တာ . . . နင့်ကို ကိုသီဟ ဘာပြောပြော၊ ဘာပေးပေး ငါ့ကို အသိပေးရမယ်နော်"

အကြင်နာ၏ စိုးရိမ်စကားကို တွယ်တာက ဘုဆတ်ဆတ်တုန့်ပြန်သည်။

"ရူးနေလား အကြင်နာ၊ အမြဲတမ်းတွဲနေတဲ့ တို့နှစ်ယောက်ကြားမှာ တစ်ယောက်ယောက်မသိအောင် ဘာလုပ်လို့ရမှာလဲ၊ ငါသွားရာ နင်အမြဲပါသလို နင်သွားရာ ငါလိုက်နေရတာပဲ မဟုတ်လား"

"အဟဲ . . . အေးပါဟယ်၊ ဒါတော့ ဒါပေါ့၊ ငါက အိပ်ပုတ်ကြီးတယ် မဟုတ်လား၊ တစ်ခါတစ်လေ ထိုင်နေရင်းတောင်





အိပ်ပျော်သွားတတ်တဲ့ဟာ၊ အဲလိုအချိန်မှာ လာပေးရင် မသိလိုက်မှာစိုးလို့ပါ"

"စိတ်သာချ . . . နင်မသိဘဲ သူလာလို့ကို မရဘူး"

စိတ်တိုတိုနှင့် ပြောလိုက်သည့် တွယ်တာ့စကားကြောင့် အကြင်နာ စိတ်ကျေနပ်သွားဟန်နှင့် သက်ပြင်းချ၏။ အတန်ကြာငြိမ်သက်သွားပြီးမှ . . .

"နင် . . . ကိုသီဟကို ဘယ်လိုမြင်လဲ . . . တွယ်တာ"

"ဘယ်လိုမြင်ရမှာလဲ၊ ခြေတစ်ဖက်ကျိုးနေလို့ ဗိုး(လ်)ချိန့် သွားနေရတဲ့သူပေါ့၊ ဒါပဲပေါ့"

"အဲလို ဘုမတောစမ်းပါနဲ့ဟာ၊ ငါဆိုလိုတာ နင်သဘောပေါက်ပါတယ်၊ တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို သူစိတ်ဝင်စားနေတယ်လို့ နင်မထင်ဘူးလား"

"အင်း . . . ဟုတ်တယ်၊ သူ နင့်ကို စိတ်ဝင်စားနေတာ"

ထိုသို့ တွယ်တာ အငေါ်တူးလိုက်ပုံကို အကြင်နာ ဘဝင်ကျသွားပုံရ၏။ ပြုံးယောင်သမ်းသွားရင်း . . .

"တို့တွေ အပျိုဖြစ်နေပြီနော်၊ မကြာခင် လူကြီးဘဝရောက်တော့မှာ၊ အဲဒီအခါ အိမ်ထောင်ပြုဖို့ကိစ္စ ဘာညာဖြစ်လာရင် ဒီလိုနှစ်ယောက်တွဲကြီးနဲ့တော့ အဆင်ပြေမှာ မဟုတ်ဘူးနော်"

အကြင်နာ၏ နှုတ်ထွက်စကားကြောင့် တွယ်တာ တအံ့တသြ လှည့်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ နင်ဘာလုပ်ချင်လို့လဲ"

"တို့နှစ်ယောက် ခွဲစိပ်ပြီး တစ်ယောက်ချင်း ကိုယ့်ခြေထောက်ပေါ် ရပ်နိုင်အောင် လုပ်ကြရင် မကောင်းဘူးလား"

"ဘာဖြစ်တယ်၊ ခွဲစိပ်မယ် ဟုတ်လား"

"အင်းလေ . . . ယောကျ်ားယူရင် နှစ်ယောက်တွဲကြီးဆို ဘယ်လိုလုပ်ဖြစ်မှာလဲ"

"အကြင်နာရယ်၊ အဲဒါမျိုး ငါတစ်ခါမှ မစဉ်းစားဖူးဘူး"

"မစဉ်းစားလို့တော့ မဖြစ်ဘူးလေ တွယ်တာရဲ့၊ အိမ်ထောင်ပြုတယ်ဆိုတာ ယောကျ်ားနဲ့မိန်းမနှစ်ယောက်ထဲ သက်ဆိုင်တဲ့ ကိစ္စလေ"

အကြင်နာက တကယ့်လူတတ်ကြီးတစ်ယောက်လို တွေးဆပြောဆိုနေ၏။ တွယ်တာမှာ အကြင်နာ့အတွေးကို အတော်အံ့သြသွားခဲ့သည်။ သူ့အနေနှင့် ထိုမျှလောက်ထိ တစ်ခါမှ မတွေးမိခဲ့တာ အမှန်ပင် ဖြစ်သည်။ အကြင်နာ အိမ်ထောင်ပြုဖို့ လင်ယူဖို့အထိ စဉ်းစားနေပြီလား။ ပြီးတော့လည်း ဆယ့်ငါးနှစ်နီးပါး အတူနေလာခဲ့သည့် ကာလတစ်လျှောက်လုံး ခွဲစိပ်မှုခံယူဖို့ကိုလည်း ယောင်လို့ပင် မစဉ်းစားမိခဲ့။

အကြင်နာပြောမှပဲ အိမ်ထောင်ပြုဖို့တို့၊ ခွဲစိပ်ပြီး တစ်ယောက်ချင်း နေထိုင်သွားဖို့ဆိုတာတွေကို ဆက်စပ်တွေးမိသွားရသည်။ ဒီအတွေးတွေ တွေးမိအောင် အကြင်နာ့ကို တွန်းအားပေး





သူမှာ သီဟနိုင်သာဖြစ်ကြောင်းလည်း တွယ်တာသဘောပေါက်သွား၏။ တွယ်တာကိုယ်တိုင်လည်း သီဟနိုင်၏အကြည့်များကြောင့် ရင်ခုန်ဖြစ်ခဲ့တာ သူ့ကိုဖွင့်မပြောသာပေမယ့် မိမိကိုယ်မိမိ အသိဆုံးဖြစ်သည်။

တွယ်တာတို့ ညီအစ်မက ရင်ချင်းဆက်ဟုဆိုသော်လည်း ရင်ခေါင်းနှင့် နံစောင်းကြားမှ အဆီပြင်အရေပြားချပ်ကြီးနှင့် ဆက်တွယ်နေခြင်းသာဖြစ်၍ နှစ်ယောက်သား ပခုံးချင်းဖက်ကာ ဘေးချင်းကပ် လျှောက်သွားနိုင်ကြသည်။ ဆရာဝန်ကြီးကလည်း သူတို့သာ ခွဲစိပ်မည်ဆိုလျှင် မျက်နှာချင်းဆိုင် ပူးကပ်နေသော အခြားရပ်ချင်းဆက်အမြွှာတို့လောက် ခက်ခဲမှုမရှိဟု ဆေးပညာရှုထောင့်အရ သုံးသပ်ခဲ့ဖူး၏။

ထိုသို့ ခွဲစိပ်ပြီး လွတ်လပ်သွားသည့်အခါ တစ်ယောက်ချင်း ကိုယ့်စိတ်ကြိုက် လှုပ်ရှားနိုင်မည့်ဘဝကို စိတ်ကူးပုံဖော်ကြည့်ရုံနှင့်ပင် တွယ်တာ အတော်ရင်ခုန်သွား၏။ ဘာကြောင့်ရင်ခုန်ရသနည်း။ သီဟနိုင်က သူတို့နှစ်ယောက်ထဲမှ တစ်ယောက်ယောက်ကို စိတ်ဝင်စားနေမှန်းတော့ မိန်းမသားတို့၏ ဆဋ္ဌမအာရုံနှင့်ပင် ရိပ်မိသိရှိပြီးသား ဖြစ်၏။ သို့သော် သီဟနိုင်ဘက်မှ အမည်တပ်၍ ဘရားဝင်ဖွင့်ပြောလာမှသာ ပွင့်လင်းမြင်သာသော ရင်ခုန်ခြင်းကို ရရှိခံစားခွင့်ရှိမည် မဟုတ်လား။ အခုလို ကြိုတင်ရင်ခုန်နေမိခြင်းမှာ တွယ်တာကိုယ်တိုင် သီဟနိုင်ကို စိတ်ဝင်စားနေခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်ကြောင်း တွေးမိတော့ သူအတော်ရှက်သွား၏။

* * * *



## အခန်း (၁၁)

နေညိုညို တိမ်ပန်းချီအသွေးက မျှော်ငေးချင်စရာကောင်းအောင် လှုပ်ကြွရှိနေလေ၏။ ရောင်စုံယှက်သန်း၍ အလှပန်းဆင်မြန်းထားသည့် တိမ်နောက်ခံကောင်းကင်ခရီးတွင် အိပ်တန်းတက်ငှက်တို့ မ,ဖိုခေါ်သံဟစ်ကြွေးလျက် အုပ်ဖွဲ့ပျံသန်းနေကြသည်။

နေအေးချိန်လေပြည်သုတ်၍ လှုပ်ခတ်နေသော သစ်ရွက်တို့ထံမှလည်း ငြိမ့်ညောင်းသည့် ဂီတသံများ ကြားနေရ၏။ ရှုမငြီးစရာ အလှအပတို့နှင့် ပြီးပြည့်စုံနေသော ထိုညနေခင်းကို မျှဝေခံစားရင်း၊ ဆေးရုံဝင်းထဲ အတူတကွ လမ်းလျှောက်နေကြသည်မှာ ရင်ချင်းဆက်အမွှာညီအစ်မပင် ဖြစ်သည်။ ဆိုင်သိမ်းအပြီး ပြေးလာမည့် ဒေါ်သီတာတိုးကို ထွက်မျှော်နေကြတာလည်း သူတို့



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မအတွက် မရိုးနိုင်သော အစဉ်အလာတစ်ခုပင် ဖြစ်၏။ သူမတို့နှစ်ဦး လမ်းလျှောက်နေရင်း တကျွီကျွီအသံကို ကြားလိုက်ရသောကြောင့် နောက်သို့ပြိုင်တူလှည့်ကြည့်မိကြ၏။ အမေ့ကို မျှော်နေစဉ် ရောက်လာသည်က ရန်ကုန်သားလူချောလေး သီဟနိုင်သာ ဖြစ်သည်။ သီဟနိုင်ကို တွေ့လိုက်သဖြင့် ညီအစ်မနှစ်ယောက်လုံး၏မျက်နှာတွင် အပျော်အပြုံးတို့ လင်းလက်သွားကြသည်။

"ဟယ် . . . ကိုသီဟနိုင်၊ တစ်နေကုန် ပျောက်နေလိုက်တာ"

"ဟုတ်တယ်ဗျာ . . . ခြေထောက်နာနေလို့"

"ဟင် . . . ဆရာဝန်မပြဘူးလား"

"လာကြည့်ပါတယ်၊ ဆေးထိုးဆေးသောက်လုပ်ပြီး နားနေတာ၊ ခုတောင် ကျွန်တော့်အခန်းကနေ တွယ်တာတို့ကို မြင်လိုက်လို့ ထွက်လာခဲ့တာ"

နှုတ်ဆက်စကားပြောတာက အကြင်နာဖြစ်သော်လည်း သီဟအသုံးပြုသည့် နာမ်စားက တွယ်တာဖြစ်နေ၏။ အကြင်နာမျက်နှာပျက်သွားသည့်တိုင် နှုတ်ခမ်းဖျားမှာ အပြုံးက တွဲခိုဆဲဖြစ်သည်။ သီဟက အင်္ကျီရင်ဘတ်ကြားထဲမှ သစ်ခွပန်းတစ်ပွင့်နှိုက်ယူပြီး တွယ်တာ့ထံသို့ လှမ်းပေးလိုက်၏။ ထိုအခါမှ အကြင်နာ့အပြုံးများ ပျောက်ကွယ်ပြီး ဒေါသအရိပ်အယောင်တို့ ယှက်သန်း





လာတော့သည်။

"တွယ်တာ . . . ရော့၊ ကိုယ့်သူငယ်ချင်းတွေ့ ပေးသွားတဲ့ ပန်းစည်းထဲက အလှဆုံးကို ရွေးယူလာတာ၊ တွယ်တာ ပန်းကြိုက်လားဟင်"

"အင်း . . . ကြိုက်တယ် ကိုသီဟနိုင်၊ ကျေးဇူးပဲနော်"

"ဒါဆို တော်ပါသေးရဲ့၊ ကျွန်တော်က တွယ်တာ ပန်းမကြိုက်မှာ စိုးနေတာ"

"မိန်းကလေးပဲရှင် . . ."

တွယ်တာနှင့် သီဟတို့ အပြန်အလှန် စကားအဆုံးမှာတော့ အကြင်နာ ပေါက်ကွဲသွားတော့သည်။

"ကိုသီဟနိုင် . . . ရှင့်လုပ်ရပ်က တစ်ဆိတ်မလွန်လွန်းဘူးလား"

"ဗျာ . . . အဟဲ . . . အကြင်နာ၊ ဘာကိုဆိုလိုတာလဲဟင်"

"ကျွန်မတို့နှစ်ယောက်က အမြဲတွဲနေတာလေ၊ အဲဒါကို ရှင်က တစ်ယောက်ထဲကွက်ပြီး ပန်းပေးတယ်ဆိုတော့ ကျွန်မကို အရေးမစိုက်ရာ ကျမနေဘူးလား"

"ဟာ . . . အဲ . . . အဲလို မဟုတ်ပါဘူး . . အကြင်နာ"

"အဲလိုမဟုတ်ရင် ဘယ်လိုလဲ . . . ကိုသီဟနိုင်"

"ဟိုလေ . . . ပန်း . . . ပန်းက တစ်ပွင့်ထဲရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ခုနက ပြောတော့ သူငယ်ချင်းတွေ ပေးသွားတဲ့ ပန်းစည်းဆို"

"ဗျာ . . . အဲ . . ."

"အကြင်နာကလည်းဟာ ကိုသီဟနိုင်ကို အားနာစရာကောင်းနေပြီ"

"ဩော် . . . နင်က ပန်းရတဲ့သူဆိုတော့ ပြောအားရှိတာပေါ့ . . . ဟုတ်လား၊ ဟွန်း . . . လာ . . . သွားမယ်"

"ဟယ် . . . အကြင်နာ . . . အကြင်နာ . . . အိုး"

အကြင်နာက အတင်းလှည့်ထွက်သွားသဖြင့် တွယ်တာ တရွတ်တိုက်ပါသွားရှာသည်။ ရင်ချင်းဆက်အမြွှာ၏ ခွဲမရသော ဒုက္ခကို သီဟ ပက်ပင်းမြင်တွေ့ခွင့်ရလိုက်၏။ သစ်ခွပန်းလေးကို ကိုင်ရင်း လှည့်ကြည့်လှည့်ကြည့်နှင့်ပါသွားသော တွယ်တာ့အား ဖလိုင်းကစ်လေး လက်ဆောင်ပေးမိသည်။ ထိုအခိုက်မှာပဲ သူချစ်မိသော တွယ်တာ့ဘဝလေး လွတ်လပ်ပြီး လန်းဆန်းသွားအောင် သူကူညီကယ်တင်ပေးမည်ဟု သီဟ ဆုံးဖြတ်ချက်ချလိုက်၏။

ကုတင်ပေါ် အတူတူထိုင်နေကြသော်လည်း အကြင်နာက မျက်နှာကို တခြားဘက်သို့ အတတ်နိုင်ဆုံး အစွမ်းကုန်လှည့်ထားသည်။ စိတ်ဝမ်းကွဲမှုအရှိန်က ပြင်းပြင်းပြပြ လောင်ကျွမ်းစပြုနေပြီလည်း ဖြစ်၏။ ဒေါသမျက်ဝန်း၊ စူထွက်နေသော နှုတ်ခမ်းတို့နှင့် မကျေနပ်မှုကိုလည်း တစ်စွန်းတစ်စ ဖော်ပြထားသေးသည်။





"နေစမ်းပါဦး တွယ်တာ၊ ညည်း . . . ကိုသီဟကို ဘယ်လိုများ ပြုစားခဲ့တာလဲဟင်"

အကြင်နာက ကြွက်ဖြူလေးကို ပွတ်သပ်ရင်း မနာလိုစိတ်နှင့် မေးလာ၏။ ထိုမေးခွန်းကြောင့် တွယ်တာလည်း တအံ့တသြနှင့် အလန့်တကြား ဖြစ်သွား၏။

"နင် ဘယ်လိုပြောလိုက်တာလဲ၊ ငါက ဘာပညာနဲ့ ပြုစားရမှာလဲ"

"မိန်းမချင်းပဲအေ . . လျှို့မနေစမ်းပါနဲ့၊ မျက်ဝန်းအကြည့်လေးတစ်ချက်၊ အပြုံးလေးတစ်ပွင့်၊ မခို့တရို့အမူအရာလေးတစ်ခုနဲ့တင် ယောက်ျားတစ်ယောက်ကို သိမ်းသွင်းဖမ်းစားနိုင်တယ်ဆိုတာ ညည်းရော ငါပါ သိနေတာပဲ ဥစ္စာ"

"အေး . . . အဲဒါဆို ငါကလည်း ရှင်းရှင်းပဲ ပြောမယ်၊ အဲဒါမျိုးတွေ ငါလုံးဝမလုပ်ခဲ့ဘူး"

"မလုပ်ဘဲနဲ့ သူက ပုံတွေဆွဲ၊ ပန်းတွေပေး လုပ်ပါ့မလား"

"အဲဒါ သူ့စိတ်နဲ့သူလေ၊ ငါနဲ့ဘာဆိုင်လဲ၊ ငါခိုင်းတာမှ မဟုတ်တာ"

"အေး . . . ဒါကြောင့် သူ့စိတ်ကို အဲလိုဖြစ်အောင် ညည်း ပြုစားခဲ့တာလို့ ပြောနေတာပေါ့"

"ငါဟာ တန်ခိုးရှင်လည်း မဟုတ်ဘူး၊ စုန်းမလည်း မဟုတ်ဘူး၊ သူ့ရင်ထဲက နှလုံးသား သူ့ဟာသူ နိုးထလာတာ ငါ့တာဝန်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး”

“ဟား . . . ဟား . . . ဟား . . . ဘာတဲ့ သူ့ရင်ထဲက နှလုံးသား သူ့ဟာသူ နိုးထလာတာ . . . ဟုတ်လား . . . ဟား . . . ဟား . . . ဟား၊ အေး . . . အဲဒီလို လှုပ်ရှားလာတဲ့ ကိုသီဟရဲ့နှလုံးသားဟာ ငါ့အတွက်ပဲ ဖြစ်ရမယ် တွယ်တာ၊ အဲဒါကို ညည်းမြဲမြဲမှတ် . . .”

အကြင်နာက ပြောပြီး ရုတ်တရက် အိပ်လိုက်ရာ တွယ်တာပါ ဆွဲခေါ်သလိုဖြစ်ပြီး လဲကျသွား၏။ နှစ်ယောက်တွဲထားသော အဆီပြင်အရေပြားဆီမှပင် စစ်ခနဲ နာကျင်မှုကို ခံစားလိုက်ရသည်။ အကြင်နာနှင့် တွယ်တာတို့ ခွဲရေးတွဲရေးတွင် ခွဲရေးဘက်မှ အလေးသာသွားပြီဖြစ်ကြောင်း တွယ်တာ အပြည့်အဝသဘောပေါက်သွားပြီ ဖြစ်၏။

“တို့နှစ်ယောက် အတူတွဲနေလို့ မဖြစ်တော့ဘူး တွယ်တာ”

“ဟုတ်တယ် . . . ဒါပေမယ့် ငါ့ရောဂါနဲ့ ခွဲစိပ်မှုကို ခံနိုင်မလားဆိုတာ ဆရာဝန်ကမှ ဆုံးဖြတ်လို့ရမှာလေ၊ သူခွင့်ပြုရင် ခွဲလိုက်ကြတာပေါ့”

“အဲဒါ အကောင်းဆုံးပဲ တွယ်တာ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်ချစ်သူနဲ့ကိုယ် သီးသန့်ဘဝထူထောင်ဖို့ဆိုတာ ခွဲစိပ်လိုက်မှဖြစ်မှာ”

အကြင်နာက ပြတ်ပြတ်သားသား ပြောလာသလို တွယ်





တာ့စိတ်ထဲမှာလည်း မဖြစ်မနေခွဲစိပ်မှ ဖြစ်တော့မည်ဆိုတာ တွက်ဆထားပြီးဖြစ်၏။ သီဟက အကြင်နာ့ကို ဥပက္ခာပြုပြီး တွယ်တာ့အပေါ် မရိုးမသားအမူအရာတွေ ပြလာသည်မို့ ညီအစ်မနှစ်ယောက်ကြား အာယာတတွေ ဖြစ်တည်ခဲ့ရပြီ မဟုတ်လား”

“ဒီလောက် ရုပ်ချင်းတူနေပါလျက် ငှင်းကိုမှ ရွေးပြီး ကိုသီဟ စိတ်ဝင်စားတာ တခြားကြောင့် မဟုတ်ဘူး၊ ငါ့ရဲ့ဟောဒီ မျက်မှန်ကြောင့်ပဲ”

“အကြင်နာရယ်၊ နင် ဘာတွေဖြစ်နေတာလဲ၊ တို့က မိန်းကလေးတွေလေ၊ သူကလည်း ဘာစကားမှ ပြောသေးတာ မဟုတ်ဘူး”

“ဟဲ့ . . . ပြောစရာလိုသေးလို့လား၊ ပုံဆွဲပေးတယ်၊ ပန်းလည်းပေးတယ်၊ ဒီထက်ပိုပြီး ဘာပြောရဦးမှာလဲ၊ မာယာတွေ ဘုံးပေါလအောသုံးပြီး မြူဆွယ်နေမှတော့ ဟိုက ငြိမ်နေပါတော့မလားဟဲ့”

“အကြင်နာ . . . နင်စကားပြောတာ ကြည့်ပြောနော်”

“မှန်တာပြောတာလေ၊ မိန်းမက ဒီလောက်ထရွနေမှတော့ ဟိုက ယောကျ်ားပဲ၊ မစဘဲ နေမလား”

“နင် . . နင် . . မိုက်ရိုင်းလှချည်လားဟင် . . . အကြင်နာ”

“ရိုင်းတယ်ဟယ်၊ ရိုင်းတော့ ဘာဖြစ်လဲ၊ ဘာလုပ်ချင်လဲ”

ရန်စွယ်ငေါငေါနှင့် ပြောလာပြီး လှဲနေရာမှ ထလိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရင်ချင်းဆက်နေသော နေရာမှ အသည်းခိုက်အောင် နာသွားရပြန်၏။ ထို့ကြောင့် တွယ်တာပါ ကုန်းရုန်း၍ ထလိုက်ရသည်။ ထလာသည့် တွယ်တာ့အား အကြင်နာက လည်ပင်းကို တန်းညှစ်တော့သည်။ ဒီအရွယ်အထိ သူတို့ညီအစ်မနှစ်ယောက် အကြီးအကျယ် ရန်မဖြစ်ခဲ့ဘူးသေး။ အသားနာသွားသော တွယ်တာတစ်ယောက် မဖြစ်စဖူး ဒေါ်ပွသွားသဖြင့် အကြင်နာ၏ထိုလက်ကို ဆွဲဆိတ်၊ ကုန်းကိုက်ပြီး နာကျင်မှုကို သက်သာအောင် တုန့်ပြန်ရတော့၏။

ဆယ့်ငါးနှစ်နီးပါးအတွင်း သူတို့ညီအစ်မနှစ်ယောက်၏ ပထမဆုံးရန်ပွဲက ကျားကုပ်ကျားခဲရှိလှ၏။ တစ်ယောက်ကိုတစ်ယောက် အလျှော့မပေးစတမ်း တိုက်ခိုက်နေကြသဖြင့် အထိနာနေခဲ့ပြီ။ ထိုအချိန်မှာပဲ သူမတို့မိခင် ရောက်လာခဲ့၍သာ အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ခြင်း ဖြစ်၏။

"ဟင် . . . တွယ်တာနဲ့ အကြင်နာ၊ ဒီနှစ်ယောက် ဘာကိစ္စရန်ဖြစ်နေကြတာလဲ"

မိခင်ဒေါ်သီတာတိုးက ပြောပြောဆိုဆိုနှင့် သမီးနှစ်ယောက်ကြား ဝင်လိုက်တော့မှ သူတို့လည်း ရန်ပွဲရပ်သွားတော့၏။

"ပြောစမ်း . . . ဘာကိစ္စ ရန်ဖြစ်နေကြတာလဲ"

"သမီးတို့နှစ်ယောက် ဒီလိုတွဲပြီးနေလို့ ရှေ့လျှောက်အဆင်ပြေမှာ မဟုတ်တော့ဘူး . . . မေမေ"





"ဘာဖြစ်လို့လဲ အကြင်နာ"

"သမီးတို့ အရွယ်ရောက်နေပြီ၊ တစ်ယောက်ချင်း သပ်သပ်စီနေမှဖြစ်မှာ"

"ဒါကို အမေနားလည်ပါတယ်၊ ဆရာဝန်ကြီးတွေနဲ့လည်း တိုင်ပင်နေတယ်၊ ဒါပေမယ့် သမီးတို့ ဘာလို့ရန်ဖြစ်ကြတာလဲ၊ အဲဒါကို မေမေနားမလည်ဘူး"

"နားမလည်တာဘဲ ကောင်းပါတယ်"

အကြင်နာ့ကို မေးလို့မရတော့ ဒေါ်သီတာတိုးက တွယ်တာ့ဘက်သို့လှည့်လာ၏။

"တွယ်တာ . . . သမီးတို့ ဘာဖြစ်ကြတာလဲ၊ မေမေ့ကို ပြောစမ်း"

တွယ်တာက အကြင်နာ့ကို လှည့်ကြည့်ပြီး ဘယ်လိုအဖြေပေးရင် ကောင်းမလဲဟု စဉ်းစားရ၏။ ကောင်လေးတစ်ယောက်ကြောင့် အရွယ်ရောက်စ ညီအစ်မနှစ်ယောက် ရန်ဖြစ်ရသည်ဟုတော့ မိခင်ကို အသိမပေးလိုချေ။

"ဒီလိုပါပဲ မေမေရယ်၊ လူတစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်းမှ မတူကြတာ၊ သူဖတ်တဲ့ကာတွန်း သမီးမကြိုက်ဘူး၊ သူသွားချင်တဲ့နေရာ သမီးမသွားချင်ဘူး၊ ဒီလိုနဲ့ သဘောထားမတိုက်ဆိုင်တာတွေ များလာခဲ့တာ မေမေရဲ့၊ ကိုယ့်ဘာဝနဲ့ကိုယ် နေသွားကြတာပဲ ကောင်းမယ်ထင်တယ်လေ၊ ခုလည်း သမီးအိမ်



www.burmeseclassic.com

www.burmeseclassic.com



သာသွားချင်လို့၊ လိုက်ခဲ့ဖို့ခေါ်နေတာကို ပေကပ်နေတယ်လေ၊ အဲဒီတော့ သမီးစိတ်ဆိုးတာပေါ့၊ အဲဒါနဲ့ ရန်ဖြစ်ကြတာ"

"တွယ်တာပြောသလိုပဲ မေမေ၊ သမီးတို့ အခုလို တွဲရက်ကြီး မနေချင်တော့ဘူး၊ နေလို့လည်း မဖြစ်တော့ဘူး"

"ကောင်းပြီ . . . အဲဒီကိစ္စ မေမေစီစဉ်လိုက်မယ်၊ သမီးတို့ နောက်ထပ်ရန်မဖြစ်ကြနဲ့"

* * * *



BURMESE CLASSIC .com

## အခန်း (၁၂)

ဒေါ်သီတာတိုး၏ ဖြန်ဖြေမှုနှင့် ညီအစ်မနှစ်ယောက်ကြားရင်ကြားစေ့သွားခဲ့သော်လည်း ငြိမ်းချမ်းမှုက မတည်တံ့ခဲ့ . . .။ တစ်နေ့ . . . အကြွင်နာအိပ်ပျော်နေ၍ တွယ်တာလည်း အတူလှဲလျောင်းရင်း ဝတ္ထုတစ်အုပ်ဖတ်နေခဲ့သည်။ ထိုအချိန်တွင် သီဟနိုင်ရောက်လာခဲ့၏။ တွယ်တာ စာအုပ်ကိုဘေးချပြီး အပြုံးနှင့် ဆီးကြိုလိုက်စဉ်မှာပဲ သီဟက ဗိုး(လ်)ချဲကို တွယ်တာနှင့် အနီးဆုံးသို့ တိုးကပ်သွားပြီး . . .

"အကြွင်နာ . . . အိပ်နေတာလား"

"အင်း . . ."

"အတော်ပဲ . . . ပေးစရာလည်း ရှိ၊ ပြောစရာလည်း ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေလို့"

သီဟ၏ တီးတိုးစကားကြောင့် တွယ်တာရင်ခုန်နွေးတေးဖြစ်သွားကာ မလုံမလဲစိတ်နှင့် အကြင်နာကို လှည့်ကြည့်လိုက်သည်။ အကြင်နာက အသက်မှန်မှန်ရှူကာ နှစ်ခြိုက်စွာ အိပ်မောကျနေသဖြင့် အတန်ငယ် စိတ်သက်သာမှုရသွား၏။

"ဟိုလေ . . . တွယ်တာ့ပုံတူပန်းချီပုံလေး လက်ဆောင်ပေးမလို့"

သီဟက အသင့်ယူလာသော ပန်းချီကားလိပ်လေးကို လှမ်းပေးလိုက်ပြီး . . .

"ကျွန်တော်ပြန်သွားမှ ဖြည့်ကြည့်ပါနော်"

"ရှင် . . . ဪ . . . ဟုတ်ကဲ့"

"တွယ်တာ . . . နှလုံးမကောင်းတာကော သက်သာရဲ့လား"

"တော်တော်ကောင်းနေပါပြီ . . . ကိုသီဟနိုင်"

"ဆရာဝန်ကြီးတွေ ပြောသံကြားလို့ တွယ်တာတို့နှစ်ယောက်ခွဲစိပ်ပြီး သပ်သပ်စီ ရပ်တည်ကြတော့မယ်ဆို . . ."

"အင်း . . . ဟုတ်တယ် ကိုသီဟနိုင်၊ ဒါပေမယ့် ကြာဦးမှာပါ၊ ဒါနဲ့ ကိုသီဟရော သက်သာလား"

"ဪ . . . ဟုတ်ကဲ့၊ ကျွန်တော်တောင် နောက်တစ်ပတ်ဆို ကျောက်ပတ်တီးဖြည်ရတော့မှာ . . ."





"ဟုတ်လား . . . ဝမ်းသာစရာပေါ့"

"ကျွန်တော်တော့ ဝမ်းမသာဘူး"

"ရှင် . . . ဘာဖြစ်လို့လဲ"

"ဒီခြေထောက်ကျိုးလို့သာ တွယ်တာနဲ့ဆုံပြီး ခင်မင်ခွင့်ရခဲ့တာလေ၊ ပတ်တီးဖြည်ပြီးရင် ရန်ကုန်ပြန်ရတော့မှာ . . ."

ကြေကြေကွဲကွဲပြောလာသည့် သီဟစကားကြောင့် တွယ်တာရှက်ရှက်ရွံ့ရွံ့ ဖြစ်သွား၏။ သီဟက ဝံ့ဝံ့စားစားနှင့် မြတ်မြတ်နိုးနိုး ကြည့်နေသဖြင့် တွယ်တာမျက်လွှာချထားလိုက်ရပြန်၏။

"ပန်းချီကားအောက်နားမှာ ကျွန်တော့်ရန်ကုန်လိပ်စာနဲ့ ဖုန်းနံပါတ်ပါ ရေးပေးထားတယ် . . . တွယ်တာ"

"ရှင် . . . ဟုတ်ကဲ့"

"ကဲ . . . ကျွန်တော်သွားမယ်နော်၊ လေ့ကျင့်ခန်းလုပ်ရဦးမှာမို့"

"ဟုတ်ကဲ့ . . ."

သီဟက ဝှီး(လ်)ချဲကို တစ်ပတ်လှည့်ပြီး အထွက်ပေါက်ဆီသို့ မျက်နှာမူလိုက်၏။ ဘီးကို စလှိမ့်လိုက်ပြီးမှ တွယ်တာ့ကို ပြန်လှည့်ကြည့်ကာ . . .

"တွယ်တာ့ကို ကျွန်တော် သိပ်ချစ်တယ်ဗျာ"

တွယ်တာ အံ့သြရှက်ရွံ့သွားပုံကိုပင် သေချာမကြည့်[illegible]အားတော့ဘဲ သီဟက ဘီးကို ခပ်သွက်သွက်လှိမ့်ကာ သူ[illegible]ခန်နဲ့ ထွက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။ တွယ်တာမှာတော့ ရင်သိမ့်တုန်ရှက်နွေးစွာဖြင့် တုန်ရီလှိုက်ဖိုခံစားလိုက်ရ၏။ သူတို့ သီးသန့်ခန်းအတွင်း နှစ်ယောက်ထဲ ကျန်ခဲ့တော့မှ သီဟပေးသွားသော စက္ကူလိပ်ကို ဖြည်ကြည့်ရ၏။ တွယ်တာ၏ ပုံတူပန်းချီနှင့်အတူ စာတစ်စောင်ကိုပါ တွေ့ရသည်။ ချစ်သဝဏ်လွှာမှန်း အတတ်သိနေသဖြင့် တုန်ရီသောလက်၊ လှုပ်ခတ်နေသော နှလုံးသားနှင့်အတူ စာခေါက်လေးကို ဖွင့်ဖတ်လိုက်၏။

BURMESE CLASSIC .com

တွယ်တာ

ခွဲစိပ်မှု အောင်မြင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ တွယ်တာတစ်ယောက်ထဲ သွားချင်ရာ သွားလို့ရတဲ့အချိန်မှာ ကျွန်တော်တို့နှစ်ယောက်အတူတူ လျှောက်လည်ကြတာပေါ့။ နှစ်ယောက်လုံး ကျောင်းပြီးသွားတဲ့အခါ လက်ထပ်ခွင့်လေးပေးပါနော်။ တွယ်တာ တစ်ဘဝလုံးကို တာဝန်ယူစောင့်ရှောက်ပေးပါရစေ . . .။

တွယ်တာ့ကို သိပ်ချစ်မိနေတဲ့
သီဟနိုင်

စာကိုဖတ်ပြီး ရင်သိမ့်ခုန်သွားသော တွယ်တာ ဘယ်လိုနေရထိုင်ရမှန်းပင် မသိတော့။ တစ်သက်နှင့်တစ်ကိုယ် ပထမဆုံး





အကြိမ်အဖြစ် ရည်းစားစကားအပြောခံရသဖြင့် ပြောမပြတတ်လောက်အောင် ရင်ခုန်ကြည်နူးနေမိ၏။ စာကို နောက်တစ်ခေါက်ဖတ်ပြီး သူမ၏ပုံတူလေးကို တစိမ့်စိမ့်ကြည့်ကာ ပျော်ရွှင်တက်ကြွနေမိသည်။

ထိုစဉ် အကြင်နာ လူးလွန့်အညောင်းဆန့်လာသဖြင့် ပန်းချီကားချပ်နှင့်စာကို ခေါင်းအုံးအောက် ထိုးထည့်ဖွက်လိုက်ရသည်။ အချိန်မီကလေးဟုပင် ဆိုရမည်။ တွယ်တာက ဝတ္ထုစာအုပ်ကောက်ကိုင်ထားလိုက်သည်။ တော်သေး၏။ အကြင်နာ ဘာမှရိပ်မိသိရှိပုံမရ။

သို့သော် အဖြစ်အပျက်က ထိုမျှနှင့် ပြီးမသွား။ နောက်တစ်ပတ်အကြာ ညနေခင်းတစ်ခုတွင် ပြဿနာရှင်းမရလောက်အောင် ကြီးထွားသွား၏။ သူမတို့နှစ်ဦးသား အရိပ်ရခုံတန်းလေးတွင် ထိုင်နေစဉ် သီဟတစ်ယောက် လမ်းလျှောက်၍ ရောက်လာခဲ့၏။

"ဟင် . . . ကို . . . ကိုသီဟနိုင် ခြေထောက်ကောင်းသွားပြီ . . . ဟုတ်လား"

"အဟင်း . . . ဟုတ်တယ် အကြင်နာ၊ ခုပဲ ကျောက်ပတ်တီးဖြည်လိုက်တာ"

အကြင်နာက တအံ့တသြ မှတ်ချက်ပေးသလို တွယ်တာကလည်း အလောတကြီး မေးလိုက်၏။ တွယ်တာ့မျက်နှာမှာ ကြေ

www.burmeseclassic.com

www.burmeseclassic.com



ကွဲရိပ်တို့ စွန်းထင်းနေသလိုလို . . .

"ဒါ . . . ဒါဆို ကိုသီဟ ရန်ကုန်ပြန်ရတော့မှာပေါ့နော်"

"ဟုတ်တယ် တွယ်တာ၊ မနက်ဖြန် မနက်ဆယ်နာရီလောက် ပြန်တော့မှာ၊ အဲဒါကြောင့် တွယ်တာ့ကို နှုတ်ဆက်ရင်း ဟို . . . မေးစရာရှိတာလေးလည်း မေးရင်းဆိုပါတော့"

သီဟအပြောကြောင့် တွယ်တာက မလုံမလဲနှင့် အကြင်နာ့အား လှည့်ကြည့်သည်။ အကြင်နာကလည်း အနည်းငယ်မျှပင် မရိပ်မိလိုက်သော တွယ်တာနှင့် သီဟကြားမှ အကြောင်းအရာသစ်အတွက် အုံ့ဩစိတ်ဝင်စားသွား၏။

"ကျွန်တော်ပြောတာ တွယ်တာ ဘယ်လိုစဉ်းစားထားလဲ၊ မပြန်ခင်မှာ ကျွန်တော်အဖြေတစ်ခုခု သိသွားချင်တယ်ဗျာ"

"ဘာတွေလဲ . . . ဘာတွေပြောနေကြတာလဲဟင်"

"သြော် . . . ဒီလိုပါ အကြင်နာ၊ ကျွန်တော် တွယ်တာ့ကို ချစ်ရေးဆိုထားတယ်လေ၊ အဲဒါ အဖြေတောင်းနေတာ"

"ဟင် . . ."

ကြားလိုက်ရသော စကားကြောင့် အကြင်နာ ရုပ်ပျက်ဆင်းပျက်ဖြစ်သွား၏။ ဒီကိစ္စ မသိလိုက်ရကောင်းလားဟု အံ့ဩဒေါပွသွားပုံလည်း ရသည်။

"ဟင်း . . . ဟင်း . . . တော်တော်ပိရိကြပါလား၊ နှစ်ယောက်တွဲနေတဲ့သူထဲက တစ်ယောက်မသိအောင် ဒီလိုကိစ္စပြော





နိုင်တယ်ဆိုတော့ ခြေပုန်းခုတ်တဲ့နေရာမှာ တော်တော်ပိရိကြတာပဲနော်"

သီဟက အကြင်နာ့အား ဂရုမစိုက်ဟန်နှင့် တွယ်တာ့မျက်နှာကိုသာ စေ့စေ့ကြည့်ရင်း စကားဆက်၏။

"တွယ်တာ . . . ကျွန်တော့်ကို ဘယ်လိုအဖြေပေးမှာလဲဟင်"

ရန်ကုန်ပြန်တော့မှာမို့ ဇောကပ်နေသည့် သီဟနိုင်၏ တွယ်တာ့အပေါ် ဂရုတစိုက်လေသံနှင့် အမူအရာကြောင့် အကြင်နာပေါက်ကွဲသွားပြီး လက်ထဲမှ ကြွက်ဖြူလေးကို ဒေါသနှင့် ဖျစ်ညှစ်ပစ်လိုက်သည်။ ဒေါသပြင်းအားမြင့်သဖြင့် ကြွက်ဖြူလေးအသံပင်မထွက်နိုင်ဘဲ ဇီဝိန်ကြွေသွားတော့၏။ အကြင်နာလက်မှ ကြွက်ဖြူလေး၏သွေးများ စီးကျသွားလေ၏။ ထိုအဖြစ်ကို သုံးယောက်စလုံး ကိုယ့်ဇောနှင့်ကိုယ်ဖြစ်နေ၍ သတိမထားမိပေ။

"ကိုသီဟနိုင်ရယ် . . . ကျွန်မတို့ တွေ့တာဆုံတာကလည်း ဘာမှမကြာသေးဘူးမို့လား၊ ပြီးတော့လည်း ကိုသီဟနိုင်က တနယ်တကျေးကဆိုတော့ . . ."

"အဲဒီလိုတော့ ဆင်ဝှေ့ရန်ရှောင် လုပ်မနေပါနဲ့ တွယ်တာရယ်၊ အဖြူအမည်းသဲကွဲအောင် တစ်ခုခုပြောလိုက်ပါ။ ဟာ . . . အကြင်နာ လက်ထဲက သွေးတွေစီးကျနေပါလား"

မတ်တပ်ရပ်လျက်က ချစ်အဖြေတောင်းနေသည်မို့



www.burmeseclassic.com

www.burmeseclassic.com



အကြင်နာ့လက်ထဲမှ သွေးတွေစီးကျနေသည်ကို မြင်လိုက်ရသည့် သီဟက အလန့်တကြား ပြောလိုက်သဖြင့် အားလုံးအထိတ်တလန့် ဖြစ်ပြီး၊ အကြင်နာလက်သို့ လှမ်းကြည့်လိုက်ကြ၏။ တွယ်တာ အကြည့်တွင် အကြင်နာက လက်အဖြန့်နှင့်ဆုံပြီး လက်ထဲမှကြွက် သေနှင့် သွေးများကိုမြင်ကာ တွယ်တာအကြောက်လွန်၍ မေ့မြော သွားတော့၏။ အခြေအနေက ရှုပ်ထွေးသွားသည်။ ဆေးရုံဝန်ထမ်း များကို လှမ်းခေါ်ကာ သူတို့ညီအစ်မအခန်းသို့ ပြန်ပို့ပြီး အရေး ပေါ်ပြုစုကုသပေးရ၏။ သီဟနိုင်လည်း တွယ်တာ့ထံမှ အဖြေ တောင်းဖို့ အခွင့်အရေး မရတော့ချေ။

* * * *



## အခန်း (၁၃)

နောက်တစ်နေ့တွင် တွယ်တာ၏အခြေအနေမှာ စိုးရိမ် စရာမရှိတော့သော်လည်း ဂဏာမငြိမ်ဖြစ်နေရှာ၏။ နာရီတကြည့် ကြည့်နှင့် စိတ်လှုပ်ရှားနေ၏။ အကြင်နာက စိတ်ယုတ်မာနှင့် ပေ ကပ်ကာ အိပ်နေဆဲပင်။ ထိုနေ့မှာ သီဟနိုင် ရန်ကုန်ပြန်မည့်နေ့ ဖြစ်၏။ ထို့ကြောင့် သီဟနိုင်ကို တွယ်တာသွား၍ နှုတ်ဆက်ချင် သည်။ ဒါကို အကြင်နာ့အား ပြောပြလိုက်တော့မှ စိတ်ပုတ်စွာနှင့် မထစတမ်း အိပ်နေခဲ့၏။

နာရီလက်တံတို့ စက္ကန့်မလပ် လှုပ်ရှားနေသဖြင့် အချိန် တို့တဖြည်းဖြည်း ကုန်ဆုံးလာခဲ့သည်။ မနက်ဆယ်နာရီထိုးဖို့ဆယ့် ငါးမိနစ်သာလိုတော့၏။ တွယ်တာက နောက်ဆုံးအကြိမ်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အကြင်နာ့အား တိုးလျှိုးတောင်းပန်လိုက်သည်။

"အကြင်နာရယ် . . . ငါ သူ့ကိုနှုတ်ဆက်ရုံပဲ နှုတ်ဆက်မှာပါ၊ အဖြေမပေးပါဘူးဟယ်၊ သူ ရန်ကုန်ပြန်တော့မှာဟ၊ နောက်ဆို တွေ့ရတော့မှာ မဟုတ်ဘူး"

"သူက ငါ့ကိုတွေ့ချင်တာမှ မဟုတ်တာ၊ ဒီတော့ ငါမလိုက်နိုင်ဘူး"

"အကြင်နာ . . . ငါတောင်းပန်နေတာပါ၊ ခဏလောက်လိုက်ခဲ့ပေးပါ"

"မလိုက်ဘူးဟာ . . . ငါအိပ်ချင်လို့"

"တောက်! စိတ်ပုတ်မ . . ."

ထိုသို့ အမြွှာနှစ်ယောက် မကျေမလည်ဖြစ်နေခိုက် သီဟနိုင်မှာလည်း ယောက်ယက်ခတ်နေ၏။ မနက်ရှစ်နာရီလောက်ကတည်းက မိဘများနှင့် အဒေါ်ပါ ရောက်နေကြသဖြင့် တွယ်တာ့ကိုနှုတ်ဆက်ဖို့ အခြေအနေ မပေးခဲ့ချေ။ သို့နှင့် အမြွှာညီအစ်မများ ရောက်လာလေမလားဟု မျှော်မိသော်လည်း လုံးဝပေါ်မလာကြ။ သူချစ်ရေးဆိုခဲ့သည်ကို သဘောမကျလို့များလားဟုတွေးပြီး ရှက်စိတ်နှင့် ကြေကွဲနေရှာသည်။ တွေ့ချင်စိတ်ကြောင့် ဆေးရုံအောက်မှ တွယ်တာတို့ အခန်းဆီသို့ နောက်ဆုံးမိနစ်အထိ လှမ်းမျှော်နေမိ၏။

နောက်ဆုံး မိခင်က အလောတကြီး လာရောက်ဆွဲခေါ်မှ





စိတ်ပျက်လက်ပျက်နှင့် လိုက်ပါသွားရ၏။ ချစ်မိခဲ့ရသော တွယ်တာ၏အရိပ်အယောင်ကိုတော့ အလွမ်းပြေပင် မတွေ့ခဲ့ရ၍ ရင်၌တနုံ့နုံ့ခံစားနေရ၏။

ထိုစဉ်အခိုက်မှာပဲ တွယ်တာကလည်း ဘယ်လိုမှ တောင်းပန်၍ မရတော့သဖြင့် အသားအနာခံပြီး အကြင်နာ့ကို အတင်းချုပ်နှောင်ကာ ဆွဲခေါ်လာခဲ့၏။ အကြင်နာက ပေတီပေကပ်လုပ်နေသဖြင့် နှစ်ယောက်လုံး အတော်နာကြရသည်။ ဝရံတာထိ ထွက်လာနိုင်ခဲ့သော်လည်း နှုတ်ဆက်ခွင့်က မရခဲ့တော့။ ဆေးရုံဝင်းထဲမှ ထွက်ခွာသွားသည့် ကားတစ်စီးနောက်မြီးကိုသာ တွေ့ခွင့်ရလိုက်တော့သည်။

အကြီးအကျယ် သဘောထားကွဲလွဲသွားခဲ့သော ညီအစ်မနှစ်ယောက် အခန်းသို့ပြန်ရောက်သည်နှင့် အပြင်းအထန် သတ်ပုတ်တိုက်ခိုက်ကြတော့သည်။ တစ်ယောက်လက်မှတစ်ယောက်လွတ်အောင်ဘယ်လိုမှ မပြေးနိုင်သူများမို့ နှစ်ဦးစလုံး မြင်မကောင်းအောင် ဒဏ်ရာအနာတရ ဖြစ်ခဲ့ကြသည်။ နှလုံးအားနည်းသော တွယ်တာဆို သတိလစ်သွားသည်အထိ ခံစားသွားရသည်။

ဒေါ်သီတာတိုးရောက်လာသောအခါ သမီးနှစ်ယောက်၏ အဖြစ်ကိုမြင်ပြီး ရင်ဆို့သွားတော့၏။ သတိမလစ်သော အကြင်နာကလည်း အိပ်ချင်ယောင်ဆောင်နေသဖြင့် ဘာမှမေး၍ မရခဲ့။ တွယ်တာက အတော်အခြေအနေဆိုးနေခဲ့သည်။ ဆရာဝန်၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာမများလည်း မကြာခဏ လာရောက်ကြည့်ရှုစစ်ဆေးကုသပေးကြရ၏။ ထိုည၊ ညနက်သည်အထိ အိပ်မပျော်နိုင်ဘဲ သမီးနှစ်ယောက် ဒီရက်ပိုင်းအတွင်း ဘာကြောင့်ခဏခဏ ရန်ဖြစ်ရသလဲဟူသည့် အကြောင်းရင်းကို တွေးတောအဖြေရှာနေမိသည်။

အောက်ဆီဂျင်ပိုက်တန်းလန်းနှင့် ခက်ခက်ခဲခဲ အသက်ရှူနေရသည့် တွယ်တာကိုကြည့်ပြီး ဒေါ်သီတာတိုး မျက်ရည်ကျမိ၏။ တွယ်တာ့ဆံပင်လေးများကို သပ်တင်ပေးပြီး နဖူးလေးကိုနမ်းလိုက်သည်။ ထိုအခါမှ တွယ်တာ့ခေါင်းအုံးအောက်မှ တစ်စွန်းတစ်စထွက်နေသော စက္ကူလိပ်ကိုတွေ့၍ ဆွဲယူလိုက်သည်။ တွယ်တာ့ပုံတူပန်းချီနှင့် ရည်းစားစာကို စူးစမ်းဖတ်ရှုပြီးသွားသောအခါ သမီးနှစ်ယောက် ရန်ဖြစ်ရခြင်းအကြောင်းကို ဒေါ်သီတာတိုး ရိပ်မိသိရှိသွားတော့၏။

သမီးနှစ်ယောက် အရွယ်၏စေ့ဆော်မှုအရ အချစ်ကိုတွေ့ရှိပြီး သဘောထားကွဲလွဲမှုတွေ ဖြစ်ခဲ့ကြောင်း သဘောပေါက်မိတော့ ဒေါ်သီတာတိုး စိတ်ညစ်သွားသည်။ သို့သော် အကြောင်းအရင်းကို သိရပြီမို့ ဖြေရှင်းဖို့ နည်းလမ်းတွေ့နိုင်သည်ဟုတွေးပြီး ရင်အေးသွားမိ၏။ ထို့နောက်မှာတော့ သူမလည်း တွယ်တာ့ဘေးမှာပင် ကုတင်ပေါ် ခေါင်းတင်ရင်း အိပ်ပျော်သွားတော့သည်။

အချိန်မည်မျှကြာသွားသည် မသိ။ ကို့လို့ကန့်လန့် အိပ်မိသော သူမလည်း ဇက်ကြောတွေ တောင့်တင်းလာသလို ဝူးဝူး





ဝါးဝါး အသံများကြောင့် လန့်နိုးလာ၏။ နိုးလာစဉ် မြင်ရသောမြင်ကွင်းကြောင့် အလွန်စိုးရိမ်ထိတ်လန့်သွား၏။ တွယ်တာ့နှာခေါင်းမှ အောက်ဆီဂျင်ပိုက်ပြုတ်ထွက်နေတာ တွေ့လိုက်ရခြင်း ဖြစ်သည်။ သမီးအတွက် စိုးရိမ်စိတ်နှင့် အောက်ဆီဂျင်ပိုက်ကို ပြန်တပ်ပေးလိုက်၏။

ဘယ်လောက်ကြာကြာ အောက်ဆီဂျင်ပြတ်လပ်ခဲ့သည် မသိ။ တွယ်တာ့တစ်ကိုယ်လုံး ပြာနှမ်းနေသည်။ ဒါကို ပူးကပ်တွဲဆက်နေသော အကြင်နာက မသိဘူးတဲ့လား။ ထိုအဖြစ်အပျက်ကို ဒေါ်သီတာတိုး စဉ်းစားမရဖြစ်နေ၏။ အကြင်နာက နှစ်ချိုက်စွာ အိပ်မောကျနေသည့် ပုံစံဖြစ်နေသည်။ ဒေါ်သီတာတိုးမှာ တွယ်တာ့အပေါ် စိုးရိမ်စာနာစိတ်နှင့် ငုပ်တုပ်ထိုင်ကာ စောင့်နေရှာ၏။ သို့သော် အချိန်က ညတစ်နာရီကျော်ပြီမို့ သူကြာကြာမစောင့်နိုင်ရှာ။ မကြာမီမှာပင် ပြန်အိပ်ပျော်သွားခဲ့၏။

အားလုံးတိတ်ဆိတ်ငြိမ်သက်သွားသည့်အခါမှာ ဖြတ်ခနဲမျက်လုံးပွင့်လာသူကတော့ အကြင်နာသာ ဖြစ်သည်။ အကြင်နာက တွယ်တာ့ကို မထိအောင် သတိထားပြီးထကာ အောက်ဆီဂျင်ပိုက်ကို ဆွဲဖြုတ်နေ၏။ ဆတ်ခနဲ တုန်သွားသော တွယ်တာ့ကြောင့် ဒေါ်သီတာတိုးလည်း ရုတ်တရက် နိုးသွားသည်။ သူမြင်လိုက်ရသည့် အဖြစ်ကို မယုံကြည်နိုင်သလိုမျိုး၊ ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားနှင့် ငေးကြောင်သွားရာမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"အကြင်နာ . . နင် . . နင် ရက်စက်လှချီလား၊ တွယ်တာ ဆိုတာ နင်နဲ့ တစ်အူတုံဆင်း အမြွှာညီအစ်မအရင်းလေ၊ ဘာလို့ ဒီလိုလုပ်ရတာလဲ"

"သမီး . . . တွယ်တာ့ကို မကျေနပ်ဘူး"

"ဘာလဲ . . သီဟနိုင်ကြောင့်လား၊ လောကမှာ ယောကျ်ား တွေ အများကြီးပါ အကြင်နာ၊ အချစ်ဆိုတာ အဓမ္မဖန်တီးလို့ မရဘူး"

"အို . . . မသိဘူး၊ အဖြစ်အပျက်တွေကို သမီးလုံးဝမကျေနပ်ဘူး၊ သမီးတို့ ဒီလိုတွဲရက်ကြီး ဆက်နေဖို့လည်း လုံးဝမဖြစ်နိုင်တော့ဘူး"

"စိတ်ချ . . . ဆယ်ရက်အတွင်း တွယ်တာပုံမှန်ဖြစ်သွားရင် ဆရာဝန်ကြီးက ခွဲစိပ်ပေးမယ်လို့ ပြောပြီးသား"

ဒေါ်သီတာတိုးက ပြောပြောဆိုဆိုနှင့် တွယ်တာ့အား အောက်ဆီဂျင်ပိုက် ပြန်တပ်ပေးလိုက်သည်။ ပြီးတော့ . . .

"အကြင်နာ . . . နင် စိတ်လိုက်မာန်ပါနဲ့ မဟုတ်တာ တွေ ဆက်မလုပ်နဲ့တော့နော်၊ ငါထိုင်စောင့်နေမှာ . . ."

ပြတ်ပြတ်သားသား သတိပေးပြီး ကော်ဖီဖျော်သောက်နေ သော မိခင်ကြောင့် အကြင်နာလည်း ဘာမှမလုပ်သာတော့ဘဲ ပြန်အိပ်နေရသည်။ ဒေါ်သီတာတိုးလည်း သမီးဖောနှင့် အိပ်ပျော် မသွားအောင် အခန်းထဲလမ်းလျှောက်ရင်း အရိပ်တကြည့်ကြည့်





နှင့် စောင့်နေရှာ၏။ အောက်ဆီဂျင်ပုံမှန်ရနေသဖြင့် တွယ်တာ့ မျက်နှာလေးလည်း သွေးရောင်အနည်းငယ် ပြန်လွှမ်းလာလေ၏။

ကောင်လေးတစ်ယောက်ကြောင့် အပျိုဖော်ဝင်စ သမီး နှစ်ယောက် စိတ်ဝမ်းကွဲမှုက အမေတစ်ယောက်၏ နှလုံးသားကို ရှားမီးရဲရဲနှင့် ကင်နေသကဲ့သို့ ခံစားရ၏။ ဆန့်ကျင်ဘက်လိင်အပေါ် စွဲလန်းတပ်မက်မှုသည် မည်မျှထိအဆိပ်ပြင်းကြောင်း သိနေသည် မဟုတ်လား။ တစ်လောကလုံး တိတ်ဆိတ်နေချိန်တွင် ယောက် ယက်ခတ်နေသူဟူ၍ ဒေါ်သီတာတိုးတစ်ယောက်သာ ရှိမည်ထင် သည်။ အချိန်တွေ ကြာလာသည်နှင့်အမျှ သူမလည်း ခံနိုင်ရည်တို့ ကျဆင်းပြီး ဆက်တီတွင် ခဏထိုင်နားရာမှ အိပ်ပျော်သွားပြန်၏။

အချိန်က တရွေ့ရွေ့ ကုန်ဆုံးနေသည်။ ကုလားတက် ခေါက်သံ၊ အုန်းမောင်းခေါက်သံတို့ အရုဏ်ဦးနေ့သစ်တွင် ဝေ့ဝဲ ပျံ့လွင့်လာ၏။ စိတ်မဖြောင့်ဘဲ အိပ်နေသည့် သူမလည်း အုန်း မောင်းသံ နားထဲရောက်ပြီး လူးလွန့်လာသည်။ မျက်လုံးများကို ပွတ်သပ်ပြီး အိပ်ချင်စိတ်ကို ဖြေဖျောက်၍ ထလာရင်း တွယ်တာ့ အခြေအနေကို ကြည့်၏။

"ဟင်! . . . တွယ်တာ သမီး . . . သမီး . . . သမီးလေး"

တွယ်တာ့တွင် တပ်ထားသော အောက်ဆီဂျင်ပိုက် ဘယ် အချိန်က ပြုတ်နေမှန်းမသိ။ တစ်ကိုယ်လုံး ညိုမည်း၍ လုံးဝလှုပ် ရှားတော့။ ဒေါ်သီတာတိုး တွယ်တာ့ကို စမ်းသပ်ကိုင်တွယ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း အကြီးအကျယ် ထိတ်လန့်သွား၏။ ဝရုန်းသုန်းကား ပြေးထွက်၍ တာဝန်ကျဆရာဝန်ကို ပြေးခေါ်ရသည်။ ဆရာဝန်ရောက်လာသောအခါ တွယ်တာ့တွင် အောက်ဆီဂျင်ပိုက် ပြန်တပ်ထားပြီးသား ဖြစ်နေ၏။ အကြင်နာလည်း မိခင်၏အကြည့်စူးစူးကို ရင်မဆိုင်ရဲစွာဖြင့် အကြည့်ကို လွှဲဖယ်ထားလေ၏။

ဆရာဝန်၏ စမ်းသပ်စစ်ဆေးမှုကို ဒေါ်သီတာတိုးနှင့် အကြင်နာတို့ စိုးရိမ်တကြီး စောင့်ကြည့်နေကြ၏။ ဆရာဝန်လေးက လိုအပ်သမျှ အကုန်စမ်းသပ်စစ်ဆေးပြီးနောက် ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းလိုက်ရင်း . . .

"သမီးလေး ဆုံးသွားပါပြီ အန်တီ၊ ကျွန်တော် စိတ်မကောင်းပါဘူး၊ ဆုံးတာ နာရီဝက်ကျော်သွားပြီ၊ ရင်ချင်းဆက်ဆိုတော့ ဒီအတိုင်းထားလို့ မရတော့ပါဘူး၊ ဒါကြောင့် ဆရာဝန်ကြီးကို ဖုန်းဆက်ခေါ်ပြီး ချက်ချင်းခွဲစိပ်ပစ်မှဖြစ်မှာပါ"

ဆရာဝန်လေး၏ ရှင်းပြမှုကို ဒေါ်သီတာတိုးနှင့် အကြင်နာတို့ လုံးဝကြားနိုင်စွမ်းမရှိတော့။ ပရိဒေဝမီး တောက်လောင်ပြီး ငိုကြီးချက်မဖြစ်သွားကြ၏။ ဒေါ်သီတာတိုးက တွယ်တာ့အား ဖက်၍ငိုသည်။ အကြင်နာက အထိတ်တလန့်ငိုသည်။ ဆရာဝန်လေးက အရေးပေါ်ခွဲစိပ်ကုသမှုလုပ်ရန် ပြင်ဆင်ဖို့ ထွက်သွားပြီ။ ဒေါ်သီတာတိုး ငိုရှိုက်နေရာမှ ရပ်လိုက်ပြီး . . .

"အကြင်နာ . . . နင် . . . နင် တွယ်တာ့ကို သတ်လိုက်





တာပေါ့ . . . ဟုတ်လား၊ ဟင် . . ယောကျ်ားတစ်ယောက်အတွက်နဲ့များ အမြွှာတစ်တွဲတွဲနေလာတဲ့ ညီအစ်မအရင်းကို . . . အဟင့် . . . ဟင့်"

"သမီး . . . သမီး ဒီလောက်ထိ မရည်ရွယ်ပါဘူး မေမေ၊ သူ့ကို ဆုံးမရုံလောက်ပါ"

"ဘာပြောတယ်၊ ဆုံးမရုံလောက် ဟုတ်လား၊ ငါကိုယ်တိုင်နှစ်ခါပြန်တပ်ပေးခဲ့ရတာလေ၊ အဲဒါ အသေလုပ်တာ မဟုတ်လား"

"အဟင့် . . . ဟင့် . . . ဟီး . . . သမီးမှားပါတယ် မေမေရယ်၊ ကြောက်လည်း ကြောက်ပြီး နောင်တလည်း ရပါတယ်၊ ဒါပေမယ့် ဒီကိစ္စကို သမီးတို့သုံးယောက်ပဲ သိထားကြရအောင်ပါ အမေရယ်နော်"

"အေးလေ . . . သမီးနှစ်ယောက်ပဲ ရှိတာ၊ တစ်ယောက်သေသွားပြီဆိုမှတော့ နောက်တစ်ယောက်ကို ငါဘယ်လိုလုပ်ထောင်ထဲပို့ရက်မှာလဲ၊ နင်ကံကောင်းသွားတယ်မှတ်၊ ဒါပေမယ့် နင့်ကို ငါသိပ်ကြောက်သွားပြီ . . . အကြင်နာ"

ထို့နောက်ပိုင်းတွင် အကြင်နာ့ကို မေ့ဆေးပေးခွဲစိပ်၍ တွယ်တာအား သဂြိုလ်ခဲ့၏။ တွယ်တာမရှိတော့သည့်နောက်ပိုင်း အကြင်နာက သူ့ကိုယ်သူ တွယ်တာဟု ခံယူခဲ့သည်။ မျက်မှန်ထူ ဖြုတ်ပစ်ပြီး မျက်ကပ်မှန် ပြောင်းလဲတပ်ဆင်ခဲ့သည်။ အကြင်နာရယ်၊ တွယ်တာရယ်ဟု မှတ်မှတ်သားသား မရှိကြသော မြို့လူထု



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မျက်မှန်မတပ်တော့သည်နှင့် အကြင်နာ့ကို တွယ်တာဟု ထင်ကြသည်။ ဒေါ်သီတာတိုးကလည်း ထိုကိစ္စနှင့်ပတ်သက်ပြီး မသိကျိုးကျွံပြုခဲ့၏။ သမီးတစ်ယောက် ထပ်အဆုံးရှုံးမခံနိုင်တော့သဖြင့် အကြင်နာ့အား တွယ်တာဟုသာ ခေါ်ဝေါ်ဆက်ဆံခဲ့သည်။

အကြင်နာက တွယ်တာအဖြစ်ခံယူပြီးသည့်နောက်ပိုင်း တွယ်တာ့ပုံတူကားလေးတွင် ရေးပေးခဲ့သည့် သီဟနိုင်၏လိပ်စာအတိုင်း စာနှင့်လည်းကောင်း၊ ဖုန်းနှင့်လည်းကောင်း ဆက်သွယ်ခဲ့သည်။ အတန်အသင့် အချိန်ယူပြီး သီဟနိုင်က တတွတ်တွတ်အဖြေတောင်းလာသည့်အချိန်တွင် တွယ်တာ့ကိုယ်စား ချစ်အဖြေပေးလိုက်တော့သည်။

အကြင်နာက ရည်မှန်းချက်ကြီး၏။ ဆယ်တန်းနှစ်ချင်းပေါက် အောင်ရန်ကြိုးစားပြီး ရန်ကုန်တွင် ကျောင်းတက်ခွင့်ရအောင် လုပ်ခဲ့သည်။ ရန်ကုန်ရောက်၍ တက္ကသိုလ်တက်သည့်အချိန်မှစပြီး သီဟနိုင်ကို အပိုင်စည်းရုံးသိမ်းသွင်းထား၏။ သီဟနိုင်ကလည်း တွယ်တာအမှတ်နှင့်ပင် ပုံအောချစ်မြတ်နိုးခဲ့ရာမှ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ခဲ့သည့်တစ်နေ့တွင် ဤသို့လက်ထပ်ခဲ့ကြခြင်း ဖြစ်သည်။

* * * *



## အခန်း (၁၄)

တွယ်တာတိုးသည် အယ်(လ်)ဘမ်ကုန်သွားမှ အတွေးတို့ရပ်ပြီး စိတ်မသက်မသာနှင့် ထလာခဲ့သည်။ သီဟက ကုတင်ပေါ်တွင် အိပ်ပျော်နေပြီဖြစ်၏။ ရှေးဟောင်းအိမ်ကြီးအတွင်း ဘယ်နေရာကိုကြည့်ကြည့် သူတို့ညီအစ်မနှစ်ယောက် သွားလာလှုပ်ရှားဆော့ကစားခဲ့ကြပုံများကိုသာ ပြန်မြင်ယောင်နေတော့၏။ သီဟလည်း အိပ်ပျော်နေပြီဆိုတော့ တွယ်တာကြောက်စိတ်တို့ ဖြစ်တည်လာရပြန်သည်။ သို့နှင့် သီဟရင်ခွင်ထဲ တိုးဝင်အိပ်ပစ်လိုက်ရန် ကုတင်ဆီ ဦးတည်လျှောက်လာခဲ့၏။

ထိုစဉ် လေထဲမှာ ပျံသန်းလာသော သူ့မျက်မှန်ကိုတွေ့လိုက်ရ၍ အထိတ်တလန့် ဖြစ်သွားသည်။ မျက်မှန်က သူ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တွင် နေသားတကျ ဝင်စွပ်ရန် အလိုလျောက် ကြိုးပမ်းနေ၏။ သူမ အမျိုးမျိုးရှောင်တိမ်းတွန်းဖယ်ပါသော်လည်း မရ။ မျက်မှန်က မျက်နှာပေါ် ရောက်လာ၏။ ကြောက်လန့်တကြားနှင့် မျက်မှန်ကို ဆွဲချွတ်နေသော်လည်း ချွတ်၍မရတော့။ သူမ ချွေးစီးချွေးပေါက်များကျလာအောင် ကြိုးပမ်းသည့်တိုင် လုံးဝဖြုတ်မရ။ သီဟကို ဗလုံးဗထွေး လှမ်းခေါ်သော်လည်း အသံကထွက်မလာခဲ့။ ထိုအခိုက်မှာပဲ တွယ်တာပစ်ချထားခဲ့သော အယ်(လ်)ဘမ်စာအုပ်ကြားထဲမှ အခိုးအငွေ့များ တလူလူထွက်လာသည်ကို တွေ့ရပြီး လွန်စွာ အံ့သြတုန်လှုပ်သွား၏။

ထိုအခိုးအငွေ့များ လေထဲသို့ ရစ်ဝဲတိုးထွက်လာပြီး သူမ နားသို့ရောက်သောအခါ လူတစ်ယောက်အသွင်သဏ္ဌာန် ပြောင်းလဲသွားလေ၏။

"ဟင် . . . နင် . . . နင် . . . အကြင်နာ"

"ဘာ . . . အကြင်နာလဲ၊ နင်ကမှ အကြင်နာဆိုတဲ့ နာမည်ယူပြီး အကြင်နာတရား လုံးဝမရှိတဲ့ ကောင်မ . . .၊ ငါကမှ တွယ်တာဟဲ့ . . . တွယ်တာ"

"အို . . . ဘာမှလာပြောမနေနဲ့၊ ငါကမှ တွယ်တာအစစ်ဟဲ့၊ တွယ်တာအစစ် သိရဲ့လား"

"ဟား . . . ဟား . . . ဟား . . . နင့်ရုပ် နင်ပြန်ကြည့်လိုက်ဦး၊ မျက်မှန်ကြီးနဲ့ဆိုတော့ နင်က အကြင်နာပေါ့၊ အဲဒါကို





လူတိုင်းသိတယ် . . . ဟား . . . ဟား . . . ဟား"

"မဟုတ်ဘူး . . . မဟုတ်ဘူး . . . နင်သာ အကြင်နာ"

"ငါကသာ နင်အောက်ဆီဂျင်ပိုက် ဆွဲဖြုတ်ပြီးသတ်လို့ သေခဲ့ရတဲ့ တွယ်တာ၊ ဒီကိစ္စ သီဟကို ငါအသိပေးလိုက်ရမလား"

"ဟင့်အင်း . . . ဟင့်အင်း . . . မလုပ်နဲ့ . . . မလုပ်နဲ့၊ နင်ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ ဆိုတာသာပြော"

"ငါဖြစ်ချင်တာက နင့်ကို လူသားအဖြစ်က ဘဝပြောင်းစေဖို့ပဲ၊ ငါ့ချစ်သူကို ငါပိုင်ဆိုင်ခွင့်မရအောင် ယုတ်ယုတ်မာမာနဲ့ မတရားအပိုင်စီးထားတဲ့ နင့်ကို သီဟဘေးမှာ မတွေ့ချင်ဘူး၊ အဲဒါ ငါ့ဆန္ဒပဲ"

"အဲဒါတော့ မဖြစ်နိုင်ဘူး၊ ငါတို့နှစ်ယောက် အရမ်းချစ်နေကြပြီ၊ မခွဲနိုင်ကြတော့ဘူး၊ အဲဒီအတွက် ငါမသေနိုင်ဘူး၊ သေလည်း မသေချင်ဘူး"

"ဒါဆိုရင်တော့ နင်ဒီတစ်သက် စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေသွားရလိမ့်မယ် မထင်နဲ့၊ အားပါးတရ စိမ်ပြေနပြေ ခြောက်လှန့်ရင်း သွေးပျက်အောင် လုပ်ပြီးမှ နင့်ဝိညာဉ်ကို ငါနှုတ်ယူမယ်"

"မလုပ် . . . မလုပ်ပါနဲ့ဟယ်၊ ငါကြောက် . . . ကြောက်လို့ပါ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား"

တွယ်တာ့ဝိညာဉ်နှင့် နာနာဘာဝက အနားသို့ တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း တိုးကပ်လာ၏။ အယောင်ဆောင်တွယ်ဟာလည်း တဖြည်းဖြည်း နောက်ဆုတ်ရင်းက ရေချိုးခန်းဝသို့ ရောက်သွား၏။ သို့နှင့် ရေချိုးခန်းထဲ တွယ်တာ ဝင်ပုန်းမိသည်။ တံခါးပြန်ပိတ်၍ ကျောနှင့်မှီထားရင်း ကြောက်စိတ်ကို ဖြေနေရ၏။ အပြင်မှ အသံများ မကြားရတော့သလို အခန်းထဲတွင်လည်း ဘာထူးခြားမှုမှမရှိ၍ ကြောက်စိတ်တို့ လျော့ပါးသွားလေ၏။

ထိုအခိုက် ဘာအသံမှ မကြားရဘဲ ရုတ်တရက်ဆိုသလို တစ်ကိုယ်လုံး မြောက်တက်သွားကာ ပွေ့ချီခေါ် ဆောင်သွားခြင်း ခံလိုက်ရ၏။ သူမလည်း တဝူးဝူးတဝါးဝါး အော်ဟစ်ရင်း ရုန်းကန်သော်လည်း အချည်းနှီးဖြစ်နေ၏။ ရေချိုးကန်နားအရောက်တွင် ရေထဲသို့ အတင်းဖိနှစ်ခြင်းခံရပြီး ရေမွှန်းသည့်ဝေဒနာကို ကျိတ်မှိတ်ခံစားရင်း ရုန်းကန်သော်လည်း အားကုန်တာကလွဲ၍ အရာမထင်ခဲ့ပေ။ သေလုမျောပါး ဝေဒနာခံစားပြီး အဆုတ်ပွင့်ထွက်လုမတတ်အချိန်ကျမှ ဆံပင်ကို ဆောင့်ဆွဲတင်လိုက်သဖြင့် အသက်ရှူခွင့်ရသွား၏။

အမောမှ မပြေခင် နောက်တစ်ကြိမ် ရေထဲအနှစ်ခံရပြန်သည်။ မွန်းကြပ်သည့် ဝေဒနာခံစားရင်း နောက်တစ်ခါ ငရဲသို့ရောက်ရသေး၏။ အသေသတ်လိုပုံ မရသဖြင့်သာ သူအသက်ရှင်နေခြင်း ဖြစ်သည်။ အာရုံစူးစိုက်ပြီး နောက်တစ်ခါ ပြန်အပေါ်ကို စောင့်နေလိုက်၏။ စိတ်ထဲမှ ဘုရားဂုဏ်တော်နှင့် သံဗုဒ္ဓေဂါထာ





ကို အစဖေါ် ထားလိုက်၏။ နှိပ်စက်ညှင်းပမ်းရန် အကြံနှင့် ရေထဲမှ ဆွဲဖေါ် လိုက်သည့်အခိုက် တွယ်တာက ဝိညာဉ်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ဘုရားဂုဏ်တော်နှင့် သံဗုဒ္ဓေဂါထာကို မပြတ်ရွတ်ဆိုလိုက်၏။

ထိုအခါမှ ဝိညာဉ်လည်း တွယ်တာ့ကို မျက်နှာချင်းမဆိုင်ရဲသလို လက်နှင့်ကွယ်ကာ နောက်ဆုတ်ရင်း ပျောက်ကွယ်သွားတော့သည်။ တွယ်တာ့တစ်ကိုယ်လုံးလည်း ရေများရွှဲနစ်နေပြီဖြစ်၏။ ဂုဏ်တော်အစွမ်းကြောင့် ဝိညာဉ်ပျောက်သွားပြီး သက်သာရာရခိုက်မှာပဲ တွယ်တာသည် ရေချိုးခန်းထဲမှ အားကုန်ပြေးထွက်ခဲ့တော့၏။

သီဟမှာ ထိုအချိန်ထိ အိပ်ကောင်းနေဆဲဖြစ်၏။ သီဟကို ကြည့်ရင်း တွယ်တာ အကြီးအကျယ်စိတ်ဆိုးသွားသည်။ ကိုယ့်ဇနီးမယားတစ်ယောက်လုံး သေကောင်ပေါင်းလဲ အနှိပ်စက်ခံနေရတာတောင် မသိတဲ့ယောက်ျားဟု စိတ်ခုမိ၏။ ဝိညာဉ်လိုက်လာလေမလား စိုးရိမ်စိတ်နှင့် တွယ်တာနောက်သို့လှည့်ကြည့်မိသည်။ ရေချိုးခန်းထဲမှ စိုစိုရွှဲရွှဲနှင့် ထွက်ပြေးလာခဲ့သဖြင့် ကြမ်းပြင်တစ်လျှောက် ခြေရာများကို တွေ့ရ၏။ သို့သော် သူ့ခြေရာဘေးတွင် နောက်ထပ်ခြေရာတစ်စုံကို တွေ့လိုက်ရသဖြင့် အသည်းထိတ်သွား၏။ ဒါဆို အကြင်နာဆိုသည့် ဝိညာဉ်မစုတ်၊ သူ့ဘေးမှ ကပ်ပါလာသည်ပေါ့။ ထိုအခိုက် ဝိညာဉ်က တဖြည်းဖြည်း ကိုယ်ထင်ပြ



www.burmeseclassic.com

www.burmeseclassic.com



လာပြီး . . .

သူမကို ကိုင်မြှောက်ဆွဲယူကာ လွှင့်ပစ်လိုက်ရာ ကုတင်ပေါ် အိပ်နေသည့် သီဟနား ပြုတ်ကျသွားသည်။ သီဟခြေထောက်ပေါ် အရှိန်နှင့် ပစ်ကျသွားသဖြင့် သီဟလည်း လန့်နိုးသွား၏။

"အား . . . ကျွတ် . . . ကျွတ် . . . ကျွတ် . . . နာလိုက်တာ တွယ်တာရယ် . . . ဘာဖြစ်လို့လဲ"

"ကိုကိုကလည်း လှိမ့်အိပ်နေတာပဲ၊ ဒီမှာ တွယ်တာဖြင့် သေတော့မယ်"

"ဟင် . . . ဘာဖြစ်လို့လဲ တွယ်တာရဲ့"

"ဘာဖြစ်ရမှာလဲ အကြောင်နာပေါ့၊ တွယ်တာ့ကို ကိုယ်ထိလက်ရောက် နှိပ်စက်နေတာ"

"လုပ်ပြန်ပြီ တွယ်တာရယ်၊ ကဲ . . ပြော၊ သူက တွယ်တာ့ကို ဘာလုပ်သလဲ"

"ဟင်! . . . ကိုကို မမြင်ဘူးလား၊ တွယ်တာကို ရေနှစ်သတ်တာ၊ ဒီမှာ တစ်ကိုယ်လုံးကို စိုရွှဲ . ... ဟာ . . . "

တွယ်တာက ပြောရင်း သူ့ကိုယ်သူ ငုံ့ကြည့်လိုက်ရာ တစ်ကိုယ်လုံးစိုရွှဲနေဖို့ဝေးစွ၊ ရေတစ်စက်တစ်ပေါက်လောက်ပင် စိုနေခြင်း မရှိတာကို သတိပြုမိပြီး တအံ့တသြ ဖြစ်သွား၏။ သို့နှင့် ရေချိုးခန်းဆီမှ ကုတင်ထိ ထင်ကျန်ခဲ့သော ခြေရာများကို ပြန်ကြည့်လိုက်သည်။ တော်သေး၏။ ခြေရာလေးခု၊ လူနှစ်ယောက်၏





ခြေရာများကို တွေ့နေရသေးသည်။

"ကိုကို မယုံရင် ဟိုမှာကြည့်၊ ခြေရာနှစ်စုံ ရေချိုးခန်းထဲက ထွက်လာတာ . . . မြင်လား"

သီဟကိုညွှန်ပြရင်း သူမကိုယ်တိုင် ပြန်ကြည့်လိုက်သည့်အခါမှာတော့ ကြမ်းပြင်တွင် ဘာခြေရာမှ မရှိတော့။ တွယ်တာအတော်အံ့သြသွား၏။

"ဟင် . . . ခြေ . . . ခြေရာတွေ ဘယ်ရောက်သွားတာလဲ"

တွယ်တာက သီဟကို ပြန်မေးနေရာ သီဟလည်း အူကြောင်ကြောင်နှင့် . . .

"တွယ်တာ . . . သတိထားပါဦးကွာ၊ တွယ်တာ့တစ်ကိုယ်လုံး ရေမစိုသလို ကြမ်းခင်းမှာလည်း ဘာခြေရာမှ မရှိပါဘူး၊ တွယ်တာအတွေးတွေ လွန်နေပြီထင်တယ်၊ ဘာမှမတွေးဘဲ ဘုရားတရားကို အာရုံပြုနေလိုက်ပါကွယ်"

"ဟာ . . . မဟုတ်သေးပါဘူး၊ တွယ်တာ တကယ်အနှိပ်စက်ခံရတာ၊ ကိုကို မယုံဘူးလား၊ တွယ်တာ လိမ်ပြောနေတယ်လို့ ထင်နေတာလား"

"လိမ်ပြောတယ်လို့ စွပ်စွဲတာ မဟုတ်ပါဘူး၊ ဒါပေမယ့် တွယ်တာပြောတာတွေအတွက် သက်သေမရှိဘူးလေ၊ အင်္ကျီရေစိုတာတို့ ခြေရာထင်တာတို့ပေါ့"

www.burmeseclassic.com



"တွယ်တာ တကယ်ခံခဲ့ရတာ ကိုကိုရဲ့ ရေချိုးခန်းထဲက ရေချိုးကန်ထဲမှာ ရေနစ်ခံခဲ့ရတာ"

"ဟုတ်ပါပြီ၊ ဒါဆို တွယ်တာ့ဆံပင်နဲ့ အင်္ကျီတွေ ရေစိုနေရမှာပေါ့"

"အဲဒါကို တွယ်တာ မကျေမနပ်ဖြစ်နေတာ၊ ဒီကိစ္စ ကိုကို ဘာလို့မသိရတာလဲ၊ ရေချိုးခန်းထဲမှာ ဝုန်းဒိုင်းကျဲနေခဲ့တာလေ၊ ပြီးတော့ ဆံပင်နဲ့ အင်္ကျီတွေကကော ဘာလို့ချက်ချင်းခြောက်သွားရတာလဲ"

"အဲဒါကိုကြည့်ရင် တကယ်တမ်း ဘာမှမဖြစ်ခဲ့ဘူးလို့ ကောက်ချက်ချလို့ ရသွားတာပေါ့၊ တွယ်တာ စိတ်စွဲပြီး ထင်မြင်နေတာပါ"

သူမ ဘယ်လိုရှင်းပြရမှန်း မသိတော့လောက်အောင် စိတ်ရှုပ်သွားသည်။ မိမိပြောသမျှ အဖြစ်တို့သည် ရေနှင့်ပတ်သက်နေပြီး ရေစိုနေခြင်းမရှိသည့်အတွက် သက်သေမထူနိုင်တော့ပြီ။ သီဟာယုံကြည်မှု မရှိခြင်းအပေါ် အပြစ်တင်ဖို့လည်း မဖြစ်နိုင်တော့ချေ။

"ကဲပါ . . . တွယ်တာရယ်၊ လောလောဆယ် တွယ်တာ့ စိတ်တွေ ငြိမ်းအေးစေဖို့ တစ်ခုတည်းသောနေရာက ကိုကို့ရင်ခွင်ပဲ၊ ကဲ . . . လာ . . . လာ"

သီဟာက တွယ်တာခန္ဓာကိုယ်လေးကို တယုတယပွတ်





သပ်ကာ ဆွဲပွေ့လိုက်၏။ တောင့်တင်းနေသည့် တွယ်တာ့ခန္ဓာကိုယ် ပျော့ပြောင်းသွားအောင် အချိန်အတော်ပေးလိုက်ရသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

တွယ်တာက ကော်ဖီနှင့် မုန့်ပန်းကန်ကို လင်ဗန်းပေါ် တင်ယူလာပြီး ဧည့်သည်အတွက် ချပေးကာ သီဟဘေးတွင် ဝင် ထိုင်ရင်းက ဧည့်သည်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ သီဟက . . .

"ဒါ ကိုကို့မိတ်ဆွေ အထူးကုဆရာဝန်ကြီး ဒေါက်တာ စောသိန်းတဲ့"

"ဟုတ်ကဲ့ . . . သိရတာ ဝမ်းသာပါတယ်ရှင်"

"တွယ်တာတို့ မင်္ဂလာဆောင်လာတုန်းက တစ်ခါတွေ့ဖူး ပါတယ်၊ ဘာမှပြင်ဆင်မထားလည်း လှနေတာပဲကိုး၊ ဒါကြောင့် ဒီကောင်ကြီးလည်း အနားက မခွာနိုင်ဖြစ်နေတာပေါ့ . . . ဟုတ်





လား"

"ဟဲ . . . ဟဲ . . . မှန်တာပြောပေမယ့် မနာပါဘူး . . . အစ်ကိုကြီးရာ"

ထိုစကားကြောင့် နှစ်ဦးသား ရယ်ကြပြန်၏။

"ဒါနဲ့ ဆရာက ဒီကိုပြောင်းလာတာလား"

"မဟုတ်ဘူး တွယ်တာရဲ့၊ နယ်လှည့်ကျန်းမာရေးအဖွဲ့နဲ့ ပါလာတာ၊ မနေ့က ဆေးရုံမှာ သီဟနဲ့တွေ့လို့ လိပ်စာပေးတာနဲ့ လာလည်ဖြစ်တာ"

"ဟုတ်တယ် တွယ်တာရဲ့၊ ကိုကိုပြောဖို့ မေ့နေတာ၊ ကိုကို အကူအညီတောင်းထားတာနဲ့ တွယ်တာ့အခြေအနေဆွေးနွေးဖို့ ရောက်လာတာလေ"

"ရှင် . . ."

"ဟိုလေ . . . ခုတလော တွယ်တာ အထိတ်တလန့်ဖြစ် တာတွေ များနေတယ် မဟုတ်လား၊ အဲဒါ စိတ်ထဲခံစားနေရတာ တွေ ဒီဆရာ့ကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်လို့ရတယ်"

"ဟင် . . ဆရာက အထူးကုဆို၊ ဘာရောဂါအထူးကုလဲ"

"အစ်ကိုကြီးကို စိတ်ခံစားမှုနဲ့ ပတ်သက်တာတွေ အကုန် ဆွေးနွေးလို့ရတယ်လေ . . . တွယ်တာရဲ့"

"ဒါဆို ဆရာက စိတ်ရောဂါအထူးကုပေါ့ . . ဟုတ်လား"

"ဟုတ်ပါတယ် တွယ်တာ၊ ယုံယုံကြည်ကြည်နဲ့ ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



လို့ ရပါတယ်"

ဒီညေ့သည် အိမ်ကို ဘာကိစ္စရောက်လာရသလဲဆိုတာ ရှင်းရှင်းလင်းလင်းသိသွားသည့် တွယ်တာ ရှုံ့ရှုံ့ရှားရှား ဒေါပွသွား၏။

"ကိုကိုက တွယ်တာ့ကို အရှုံးလို့ ထင်နေပြီပေါ့ . . . ဟုတ်လား"

"မဟုတ်ဘူး တွယ်တာ မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး တွယ်တာစိတ်ဆိုးတယ်၊ လုံးဝလက်မခံနိုင်ဘူး၊ ဒါပဲ ကိုကို"

တွယ်တာက မာမာထန်ထန်ပြောပြီး အိမ်ပြင်သို့ ထွက်သွားတော့၏။ သီဟသက်ပြင်းချပြီး ခေါင်းရမ်းလိုက်သည်။ ဒေါက်တာစောသိန်းက သီဟ၏ အားတုံ့အားနာဖြစ်မှု လျော့ပါးစေရန် နှစ်လိုဖွယ်ပြုံးပြလိုက်ပြီး . . .

"လွှတ်ပေးထားလိုက်ပါ သီဟရာ၊ ရန်ကုန်ပြန်ရောက်မှပဲ စည်းရုံးကြည့်ကြသေးတာပေါ့၊ သိပ်လည်း စိတ်ပူမနေပါနဲ့"

ထိုအခိုက်မှာပဲ လွန်စွာအံ့ဩထိတ်လန့်ဖွယ် အသံထွက်ပေါ်သွား၏။ ဒလကြမ်းမောင်းထွက်သွားသော ကားသံ၊ ခွေးအော်သံ နှင့် ဘရိတ်အုပ်သံ စသည့်အသံများ တစ်ပြိုင်တည်း ထွက်ပေါ်သွားခြင်းဖြစ်သည်။ ထို့ကြောင့် သီဟနှင့် ဒေါက်တာစောသိန်းတို့ အိမ်ပြင်သို့ ပြေးထွက်ခဲ့လေ၏။ ကားဘီးအောက်တွင် အသက်





ပျောက်နေသော ဘရိတ်ကီကို တွေ့လိုက်ရသဖြင့် သီဟလည်း သွေးပျက်တုန်လှုပ်သွား၏။ ကားနားသို့ ပြေးသွားပြီး တွယ်တာ့ကို အလျင်အမြန် နှစ်သိမ့်လိုက်ရ၏။

"တွယ်တာ အဆင်ပြေရဲ့လား"

"ဘရိတ်ကီ့အော်သံ ကြားလိုက်ရသလားလို့"

"စိတ်မကောင်းဖြစ်မနေပါနဲ့ တွယ်တာ၊ ဘရိတ်ကီတော့ သွားရှာပြီ"

"ဟင် . . . ဘုရား . . . ဘုရား၊ တွယ်တာ ကြည့် . . . ကြည့်ချင်တယ်"

"အိမ်ပေါ်တက်ပြီး နားလိုက်ပါ တွယ်တာ၊ ဘာမှအကျိုးမရှိတာကို မလုပ်ချင်ပါနဲ့၊ သီဟ တွယ်တာ့ကို အိမ်ပေါ်ခေါ်သွားလိုက်၊ ဟိုကိစ္စ နောက်မှလာရှင်း"

"ဟုတ်ကဲ့ . . . အစ်ကိုကြီး၊ လာ . . . တွယ်တာ"

သီဟက တွယ်တာ့ကို ကားတံခါးဖွင့်ဆွဲခေါ်ပြီး အိမ်ပေါ်တက်ဖို့ ဟန်ပြင်ရင်းက ဒေါက်တာစောသိန်းကို အားတုံ့အားနာကြည့်လိုက်ရာ ဒေါက်တာက . . .

"ကဲ . . . သီဟ ကိုယ်သွားမယ်၊ မပြန်ခင် တစ်ခေါက်လောက်တော့ ဝင်ခဲ့ဦးမယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး . . . ကျေးဇူးပဲနော်၊ ညေ့ဝတ်လည်း မကျေသလိုဖြစ်သွားတာ တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ညီလေးရယ်၊ ဒါတွေက ကိုယ်တို့ကြားမှာ ပြောနေရမယ့် ကိစ္စမဟုတ်ပါဘူး၊ ကိုယ်နားလည်ပါတယ်"

ဧည့်ခန်းတွင် ထိုင်ခိုင်းပြီး မိပ္ပံကို သောက်ရေယူခိုင်း၍ တွယ်တာ အမောပြေအောင် တိုက်ရသည်။ အနည်းငယ် တည်ငြိမ်သွားမှ . . .

"နေသာရဲ့လား . . . တွယ်တာ"

"အင်း . . . ရင်တော့ ခုန်တုန်းပဲ"

"စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ တွယ်တာရယ်"

"ကိုကိုတို့က တွယ်တာ့ကို ရူးနေပြီလို့ ထင်ကြတာကိုး၊ စိတ်ဆိုးတာပေါ့"

"တွယ်တာကလည်းကွာ၊ နိုင်ငံရပ်ခြားမှာဆို လူတိုင်း လောက်နီးနီး စိတ်ကုဆရာဝန်နဲ့ တိုင်ပင်နေကြတဲ့ ဥစ္စာ၊ စိတ်ကျတာပဲဖြစ်ဖြစ် စိတ်ဖိစီးတာပဲဖြစ်ဖြစ် အိပ်မပျော်တာဘဲဖြစ်ဖြစ် ဒီလိုပဲ ပြနေကြတာလေ"

"ဟင့်အင်း . . . ဘာပဲဖြစ်ဖြစ် တွယ်တာ မပြချင်ဘူး၊ ဒီမှာက အရူးတွေပဲ ပြကြတာလေ"

"တစ်ယူသန် ဇွတ်မပြောပါနဲ့ တွယ်တာရယ်၊ ကဲ . . . ခဏနားလိုက်ဦး၊ ကိုကို ဘရိတ်ကီကိစ္စ လုပ်ပေးလိုက်ဦးမယ်"

သီဟပြန်ထွက်သွားတော့မှ တွယ်တာလည်း တစ်ယောက်ထဲ အတွေးတွေ ပလုံစီပြီး ကျန်ခဲ့သည်။ သူ့ပယောဂကြောင့် ဘရိတ်ကီ





သေသွားရခြင်းအတွက် ယူကြုံးမရဖြစ်မိ၏။ ပြီးတော့ ညက ရေနှစ်သတ်ခံရသည့်ကိစ္စ၊ အမေသတိရလာပြီး စကားပြန်ပြောနိုင်ခဲ့လျှင် ဟူသော အတွေးတို့နှင့် သူတကယ် ရူးချင်သလို ဖြစ်နေရသည်။ ဒီကြားထဲ ဟိုဝိညာဉ်မက သီဟကို အဖြစ်မှန်တွေ ပြောပြလိုက်မည်ဟု ကြိမ်းနေသေး၏။ ကိုကို့ကို အိပ်မက်နှင့် အသိပေးလိုက်လျှင်တော့ သူ့ဘဝ အဆုံးသတ်သွားလိမ့်မည်။

အဖြစ်မှန်ကို သိထားသူနှစ်ယောက်အနက် တစ်ယောက်က အမေ၊ တစ်ယောက်က ဝိညာဉ်ဖြစ်နေသော အစ်မ၊ အမေ့ကို တောင်းပန်ခယ၍ နှုတ်ပိတ်လို့ ရနိုင်ပေမယ့် ဝိညာဉ်ကိုတော့ သံဃာတော်များပင့်ကာ မောင်းထုတ်ပစ်မှ ရနိုင်မည်။ တွယ်တာ စိတ်ကူးထဲတွင် အစီအစဉ် ဆွဲနေလိုက်သည်။ ဒီနေ့ ဆေးရုံသွား၍ အမေ့အခြေအနေကြည့်မည်။ သမက်ကို ဘာမှမပြောရန် ဖိအားပေးရမည်။ ပြီးလျှင် ဘုန်းကြီးကျောင်းသို့သွား၍ ဆရာတော်များ အဆင်ပြေမည့်နေ့ အိမ်သို့ကြွ၍ ပရိတ်တရားချီးမြှင့်ရန် ပင့်ဖိတ်လျှောက်ထားရမည်။

ဘဝဆက်လက်ရှင်သန်ရေးအတွက် လိုအပ်တာမှန်သမျှ စဉ်းစားလိုက်နိုင်၍ စိတ်အားတက်သွား၏။ အတွေးတွေရပ်ပြီး ဝန်းကျင်ကို မေ့နေရာမှ မျက်စိရှေ့တွင် ခြေထောက်ဖြူဖြူတစ်စုံကို တွေ့လိုက်ရ၍ အထိတ်တလန့် မော့ကြည့်မိသည်။

"အား! . . ."



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသည့် မြင်ကွင်းက သွေးပျက်ဖွယ်၊ အကြင်နာဝိညာဉ်မက လေထဲမှာ တွဲလောင်းကြီး ဆွဲကြိုးချပြီး သတ်သေထားသည့် ပုံစံမျိုးမို့ တွယ်တာလန့်အော်မိ၏။

"သိပ်လန့်သွားသလား . . ."

ဝိညာဉ်က မေးရင်း လေထဲတွဲလောင်းဖြစ်နေသော ကိုယ်ခန္ဓာကို ဖြည်းညှင်းစွာ လှည့်နေသေး၏။

"ငါ . . . ငါ့ကို မခြောက်လှန့်ပါနဲ့တော့ဟယ်၊ ငါ သိပ်ကိုကြောက်နေပါပြီ၊ ငါ်တောင်းပန်ပါတယ်ဟယ်"

ထိုအချိန်တွင် သီဟနိုင်သည် ဘရိတ်ကီကို ခြံထောင့်တွင် မြေမြုပ်ပြီးသွား၍ အိမ်ထဲပြန်ဝင်လာရာ တွယ်တာအဖြစ်ကို မြင်လိုက်ရပြီး ခေါင်းနပန်းကြီးသွား၏။ သတိရအောင် နှာနှပ်ပြုစုပြီး အိပ်ခန်းထဲသို့ တွဲခေါ်လာရ၏။ တွယ်တာ့အခြေအနေက စိတ်နှင့်ကိုယ် မကပ်ဘဲ ကယောင်ကတမ်း ဖြစ်နေသဖြင့် ဆေးရုံသို့ ဖုန်းဆက်ပြီး သူနာပြုဆရာမတစ်ယောက် လှမ်းခေါ်လိုက်ရ၏။ သူနာပြုနှင့် မိပုံ့တို့နှစ်ယောက်အား တွယ်တာ့ကို မျက်ခြေမပြတ်စောင့်ကြည့်ခိုင်းပြီး ဆေးရုံသို့ လာခဲ့ရပြန်သည်။

ဒေါ်သီတာတိုးအခြေအနေမှာ တဖြည်းဖြည်း ပိုမိုဆုတ်ယုတ်လာသလို ထင်ရ၏။ သတိရလာသော်လည်း စကားမပြောနိုင်သေး။ ကြည့်ရသည်မှာလည်း အားရစရာမရှိ။ မျက်နှာက မလန်းသည့်အပြင် အမြဲလို သောကနှင့် ကြေကွဲနေဟန်လည်း





ရှိသည်။ သူကိုယ်တိုင်လည်း ဇဗ်ာရှုပ်နေသဖြင့် တွယ်တာအဖြစ်ကို ပြောပြပြီး အဖြေရလိုရငြား တိုင်ပင်ကြည့်လိုက်၏။ တွယ်တာ့အခြေအနေကို အလုံးစုံသိသွားသောအခါ ဒေါ်သီတာတိုး မျက်ရည်ကျ၏။ ထို့နောက် စာရေးလိုသည်ဟု အမူအရာလုပ်ပြ၍ သီဟအဆင်ပြေအောင် ဖန်တီးပေးလိုက်သည်။

ဒေါ်သီတာတိုးသည် အားပြတ်နေသော အနေအထားနှင့် ကြိုးစား၍ စာရေးနေ၏။ စာတစ်ကြောင်းမဆုံးခင် မဟန်နိုင်တော့ဟန်နှင့် စာရွက်ကော ဘောပင်ပါ ပြုတ်ကျသွားပြီး အမောဖောက်သလိုဖြစ်လာ၍ သီဟလည်း စာရွက်ကို ကောက်ယူရင်း ဆရာဝန်ခေါ်ဖို့ ပြေးထွက်ခဲ့ရာ အပြေးအလွှားနှင့်ပင် လက်ထဲမှ စာကို ဖတ်လိုက်၏။

"အဲဒါ ဘုရား ရိုက် . . . "

စာက အဆုံးအစမရှိသလို အဓိပ္ပါယ်လည်း မပြည့်စုံ။ ဆိုလိုချင်သည်က တွယ်တာအဖြစ်က ဘုရားရိုက်တာဟု ပြောချင်တာများလား။ ဒါဆို တွယ်တာက ဘုရားရိုက်လောက်အောင် ဘာများလုပ်ခဲ့လို့ပါလိမ့်။ တွယ်တာ့ပဟေဠိကို အဖြေညှိဖို့ အချိန်မရ၊ ဆရာဝန်ခေါ်ကာ ဒေါ်သီတာတိုးကို ပြုစုရသည်။

ထိုးဆေး၊ အကြောဆေးများ ထိုးပေးကာ ဒရစ်သွင်း၍ အောက်ဆီဂျင်ပါ ပေးထားရသည်။ ထိုပုံစံအတိုင်း နှစ်ရက်ကြာ၏။ ဆေးရုံမှာ ယောက္ခမက အမောဖောက်၊ အိမ်မှာ မိန်းမက စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကယောက်ကယက်ဖြစ်နှင့် သီဟတစ်ယောက်ထဲ အရူးမီးဗိုင်းသလို ဖြစ်နေလေ၏။ နေ့ခင်းဘက် ဆေးရုံမှာနေ၊ ညဘက် အိမ်မှာစောင့် နှင့် စိတ်မအား၊ လူမအား ဖြစ်နေတော့သည်။

ညဘက်တွင်တော့ တစ်အိမ်လုံးတွင် သူတို့လင်မယား နှစ်ယောက်သာ ရှိ၏။ သူနာပြုက ညဘက်တာဝန်မယူသလို မိပုံ့ ကလည်း ညအိပ်ဖို့ကို အကြောက်အကန် ငြင်းဆို၏။

"တွယ်တာ . . . နေရထိုင်ရတာ စိတ်သက်သာရဲ့လား၊ ထိတ်လန့်စရာအဖြစ်တွေကော အိပ်မက်မက်သေးလား"

"နေသာပါတယ် ကိုကို၊ ခြောက်တာ လှန့်တာကလည်း တွယ်တာတစ်ယောက်ထဲရှိနေမှ ဖြစ်တာ၊ ခုရက်ပိုင်း အိမ်မှာ လူမှ မပြတ်တာ"

"တော်သေးတာပေါ့၊ အိပ်မက်ကော မက်သေးလား"

"မမက်ဘူး၊ သိမ်ဝင်ပုတီးကော ပရိတ်ရေကော အမြဲတမ်း အနားမှာ ရှိတယ်လေ၊ ပြီးတော့ ဘုရားဂုဏ်တော်ကို အမြဲရွတ်နေ တယ်"

"ဒါဆို အခြေအနေ အများကြီးကောင်းနေပြီပဲ"

"ကောင်းပါတယ် ကိုကို၊ မေမေကော စကားပြောနိုင်ပြီလား"

တွယ်တာမေးလာမှ ဒေါ်သီတာတိုး စာရေးပြသည့် အဲဒါ ဘုရားရိုက်ဆိုသော စာတန်းကို သတိရ၏။ တွယ်တာတို့ မိသားစု ကြားတွင် သူမသိသော ကိစ္စတစ်ခုခုရှိနေမည်မှန်း သဘောပေါက်





ပြီး ထိုအဖြစ်ကို သိချင်လာ၏။ တွယ်တာ့ကို ဖွင့်မေးလိုက်လျှင် သူ့စိတ်ခံစားမှုတွေ ပိုဆိုးသွားလေမလားတွေးရင်း မေးဖို့လည်း မဝံ့မရဲ ဖြစ်နေမိ၏။

"ကိုကို . . . မေမေ စကားပြောနိုင်ပြီလားလို့ မေးနေ တယ်လေ"

"ဟင် . . . ဪ . . . မပြောနိုင်သေးဘူး တွယ်တာ"

"အင်း . . . အမေလည်း သနားပါတယ်၊ ဒီလောက်ထိ ဖြစ်နေတာတောင် တွယ်တာက သွားပြီးမပြုစုနိုင်ဘူး၊ တွယ်တာ တာဝန်မကျေတဲ့ သမီးတစ်ယောက်ဖြစ်နေပြီ၊ အမေနေကောင်း သွားရင် တစ်ခါထဲ ခေါ်ခဲ့ချင်တယ် ကိုကို၊ အနီးကပ်ပြုစုစောင့် ရှောက်ခွင့်ရတာပေါ့၊ မကောင်းဘူးလားဟင်"

"ကောင်းသားပဲ တွယ်တာ၊ ဒါ သားသမီးတိုင်းရဲ့ ဝတ္တရား ပဲလေ"

"သဘောထားကြီးကြီးနဲ့ ခွင့်ပြုပေးလို့ ကျေးဇူးတင်ပါတယ် ကိုကို"

"မလိုပါဘူး တွယ်တာရယ်၊ တွယ်တာ့အမေလည်း ကိုယ့် အမေပဲပေါ့၊ ကဲပါ . . . အိပ်တော့ တွယ်တာ၊ အိပ်ရေးမဝရင် ခေါင်းမူးနေဦးမယ်"

ချစ်သူချင်း အပြန်အလှန် ဖေးမယုယမှုက ခဏအတွက် သာမက၊ တစ်ဘဝစာအတွက်ပါ 'အား' ဖြစ်သည် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဒါဆို မောင်ရင့်အမြင်က တွယ်တာ ခုလိုဖြစ်နေတာ သူ့စိတ်က သူ့ကိုခြောက်လှန့်နေတာလို့ ထင်တယ်ဆိုတဲ့သဘော လား"

"ကျွန်တော်တော့ အဲလိုပဲ ယူဆမိတယ်"

"အင်း . . . မရှိတာကို မြင်နေတယ်ဆိုတာ အရပ်ပြော ပြောရင်တော့ ရူးနေတာလို့ ယူဆရလိမ့်မယ်၊ မင်းကိုယ်တိုင်ကရော အဲဒီသဘောမျိုး ယူဆလိုက်ပြီလား"

"အဲဒီလောက်အထိတော့ ကျွန်တော်မရည်ရွယ်ပါဘူး၊ ကျွန်တော်တွေးမရတာက အကြင်နာသေသွားတာ ကြာပြီ၊ ဘာလို့ ဒီလောက်ကြာမှ ခြောက်တယ်၊ လှန့်တယ် ဖြစ်ရတာလဲ"





"မှန်တယ် . . . မောင်ရင်၊ မင်းမိန်းမမှာ စိတ်ဝေဒနာ တစ်ခု စွဲကပ်နေတာ သေချာနေပြီလို့ ကိုယ်လည်း ယူဆတယ်၊ ရန်ကုန်ပြန်ရောက်ရင် ကိုယ်နဲ့လာတွေ့ပါ။ ထိထိရောက်ရောက် လာကုသပါ။ အဲဒါအကောင်းဆုံးပဲ"

"ဟုတ်ကဲ့ . . . အခု ဒီမှာဆုံတုန်း ချော့မော့စစ်ဆေးပေး ရင်ကော ဆရာ"

"ကိုယ် အချိန်မရတော့ဘူး သီဟ၊ မနက်ဖြန်မှာ ဒီဆေးရုံ က ဆရာဝန်တွေနဲ့အတူ အနီးအနားက ကျေးရွာတွေ နယ်လှည့် ကုသဖို့ ခရီးထွက်ရမှာ၊ ပြီးရင် ကိုယ်က မန္တလေးကို တန်းဆင်းရ မှာ၊ အဲဒီမှာ တစ်ပတ်ကြာမယ်၊ ပြီးမှ ရန်ကုန်ပြန်မှာ"

"ဩော် . . . ဒါဆိုလည်း ရန်ကုန်ကျမှပဲပေါ့၊ ဘယ်တော့ နိုင်ပါ့မလဲ"

စကားပြောရင်း ဒေါက်တာစောသိန်းက နာရီကြည့်၏။ သီဟ အလိုက်သိစွာဖြင့် . . .

"အစ်ကိုကြီး ဂျူတီရှိရင်သွားနော်၊ အားမနာနဲ့"

"အေးကွာ . . . ဒါဆို သွားမယ်နော် . . . ဆောရီးပဲ၊ ရန်ကုန်မှာ ပြန်ဆုံတာပေါ့"

"ဟုတ်ကဲ့ . . . ရပါတယ် အစ်ကိုကြီး၊ ပြဿနာမရှိဘူး၊ အားနာမနေနဲ့"

ဒေါက်တာစောသိန်း ကင်(န်)တီးမှထွက်၍ ဆေးရုံထဲ ဝင်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ သီဟာသာ ဆက်ထိုင်ရင်း ကျန်ခဲ့သည်။ ဒေါ်သီတာတိုး အခြေအနေကို လာကြည့်ရာမှ ဒေါက်တာစောသိန်းနှင့်တွေ့ပြီး စကားစမြည် ထိုင်ပြောနေခဲ့ကြခြင်း ဖြစ်၏။ ပညာရှင်တစ်ယောက် အမြင်နှင့် တွယ်တာ့မှာ စိတ်ဝေဒနာရှိနေပြီဟု ပြောသွားခြင်းက သီဟကို ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားစေခဲ့သည်။ ယောက္ခမက မတော်တဆဖြစ်ပြီး စကားမပြောနိုင်ဖြစ်နေသလို မိန်းမမှာလည်း စိတ်ဝေဒနာရှိနေသည်ဆိုတော့ မိမိလောက် စိတ်ဒုက္ခကြီးမားစွာ ခံရသူမျိုး ရှိပါဦးမလားဟု အော်ဟစ်လိုက်ချင်သည်။

နောက်ဆုံးတော့ ယောက္ခမနှင့် မိန်းမဆိုတာ ဘယ်လိုပဲ ဖြစ်နေနေ ကိုယ်တာဝန်ယူ၍ စောင့်ရှောက်ရမည့်သူများဟုသာ စိတ်ပိုင်းဖြတ်ပြီး ယောက္ခမရှိရာ ဆေးရုံပေါ်သို့ တက်လှမ်းခဲ့တော့၏။

သူရောက်သွားသောအခါ အောက်ဆီဂျင်ပိုက်ဖြုတ်ပြီး သူနာပြုဆရာမတိုက်သည့် စွပ်ပြုတ်ကို အားပါးတရ သောက်နေသော ယောက္ခမကို တွေ့လိုက်ရသဖြင့် အတော်လေး အားတက်သွား၏။

"ဟာ . . . အမေ၊ ထိုင်ပြီး စွပ်ပြုတ်တောင် သောက်နေနိုင်ပြီပေါ့၊ ဝမ်းသာလိုက်တာ . . . တွယ်တာသာသိရင် သိပ်ပျော်မှာ . . ."

ယောက္ခမကြီးက ပြုံးသည်ဆိုရုံမျှသာ ပြုံးပြ၏။ သူရောက်





လာသည်မှာ ထမင်းစားချိန်လည်းဖြစ်နေ၍ သူနာပြုဆရာမလေးက ထမင်းစားရန် ခွင့်တောင်းပြီး ထွက်သွားလေ၏။

"အမေ . . . နေရထိုင်ရတာကော သက်သာရဲ့လား"

"သက်သာပါတယ် သားရယ်"

"ဗျာ . . . ဟာ . . . အမေ . . . အမေ စကားပြန်ပြောနိုင်ပြီ၊ ဟား . . . ကောင်းလိုက်တာ အမေရာ၊ ဒီလိုမှန်းသိရင် တွယ်တာ့ကို အပါခေါ်လာခဲ့ပါတယ်"

ခေါင်းညိတ်ခေါင်းခါလောက်သာ လုပ်ပြမည်ဟု မျှော်လင့်ထားရာမှ စကားနှင့် အဖြေပေးလာသည့်အတွက် သီဟ အမှန်တကယ် ဝမ်းသာသွား၏။

"သူ ဘာဖြစ်လို့ လိုက်မလာတာလဲ"

ထိုမေးခွန်းကိုဖြေဖို့ သီဟ အတော်စဉ်းစားလိုက်ရသည်။ တွယ်တာ့အဖြစ်မှန်နှင့် ဒေါက်တာစောသိန်း၏မှတ်ချက်ကို ပြောသင့်၊ မပြောသင့် ဆုံးဖြတ်ရ၏။ မိသားစုကြား လျှို့ဝှက်မှု မရှိသင့်ဟု ယူဆပြီး . . .

"တွယ်တာ နေမကောင်းဘူး အမေ"

"ဟင် . . . ဘာဖြစ်တာလဲ"

"အင်း . . . ပြောရရင်တော့ အရှည်ကြီးပဲ အမေ၊ အဓိက က စိတ်ပေါ့၊ သူ့ကို အကြင်နာက အမြဲခြောက်လှန့်နေတယ်လို့ ပြောနေတယ် အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! . . ."

ဒေါ်သီတာတိုး မျက်စိပျက်၊ မျက်နှာပျက် ဖြစ်သွားပြီး သူ့သားမက်ကို ပြူးပြူးကြောင်ကြောင်နှင့် ပြန်ကြည့်နေ၏။

"အဲဒါ သူနဲ့သား မင်္ဂလာဆောင်ကတည်းက စခဲ့တာလို့ ပြောရမှာပဲ၊ မင်္ဂလာဆောင်မှာ လိပ်ပြာလေး လာနားကတည်းက အဲဒီအစွဲအလမ်းနဲ့ အတော့်ကို ခြောက်ခြားနေတာပေါ့"

သီဟက မင်္ဂလာညည့်ခံပွဲ၊ မင်္ဂလာဦးညအဖြစ်၊ ပျားရည်ဆမ်းခရီးစဉ်၊ တွယ်တာ၏အိပ်မက်များအကြောင်း၊ ဒီကိုရောက်မှ အိမ်ကြီးတွင် သရဲခြောက်ခံရပုံများကို အသေအချာ ပြောပြလိုက်၏။ သီဟ့စကားများကြောင့် ဝေဒနာလျော့ပါးသက်သာကာစ ဒေါ်သီတာတိုးမှာ အမောဖေါက်သလို မွန်းကြပ်ခံစားသွားလေ၏။

"အမေ . . . ဒီမှာ မတော်တဆဖြစ်မှာကို တွယ်တာက အိပ်မက်နဲ့ ကြိုသိနေတယ် . . . ဟုတ်လား သား"

"ဟုတ်တယ် . . . အမေ၊ သူ လန့်နိုးလာတော့ အိပ်မက်အကြောင်းပြောပြတယ်၊ အမေ တစ်ခုခုဖြစ်ပြီတဲ့၊ သူလည်း ကုတင်ပေါ်ကတောင် ပြုတ်ကျခဲ့တာ၊ အကြွင်နာ အမေ့ကို တစ်ခုခုလုပ်လိုက်ပြီလို့ကို အပိုင်ပြောခဲ့တာ"

"မယုံနိုင်စရာပါပဲလားကွယ် . . ."

"ဟုတ်တယ် အမေ၊ တိုက်ဆိုင်တာလို့ ပြောရအောင်ကလည်း အတော်ဆန်းနေတော့ ကျွန်တော်လည်း ဘယ်လိုမှ မတွေး





တတ်အောင်ပါပဲ"

"အင်း . . . သားရဲ့ခံစားမှုကို အမေနားလည်ပါတယ်ကွယ်"

"အဲဒါ ဖြစ်နိုင်ပါ့မလားဟင်"

"ဖြစ်နိုင်တာပေါ့ သားရယ်၊ စိတ်နယ်လွန် ဖြစ်ရပ်ဆန်းတွေဆိုတာ သာမန်ဉာဏ်နဲ့ ဖြေရှင်းနိုင်စွမ်းမှ မရှိတာ"

"ဒါဆို တွယ်တာ တွေ့ကြုံနေရတာတွေကို လက်မခံလို့ မရဘူးလို့ ဆိုလိုတာပေါ့"

"အဲဒါတော့ အမေလည်း အတတ်မပြောနိုင်ဘူး၊ ဒါပေမဲ့ သားကို အရေးတကြီးကိစ္စတစ်ခု အမေပြောစရာရှိတယ်၊ တစ်ခုအလေးအနက် မှာကြားချင်တယ်၊ အမေ အခုလို စကားပြောနိုင်ပြီဆိုတာ တွယ်တာသိလို့ လုံးဝမဖြစ်ဘူးဆိုတာပဲ"

"ဗျာ! . . ."

"ဟော! စကားပြန်ပြောလို့ ရပြီဆိုတာနဲ့ အများကြီးပြောနေတော့တာပါပဲလား၊ ကဲ . . . အန်တီရေ . . . ဆေးထိုးဆေးသောက်ပြီး နားလိုက်ပါဦး"

"ဩော် . . . ဟုတ်ကဲ့ ဆရာမ"

ဆရာမလေး ဝင်လာပြီး ဆေးထိုးရန် ပြင်တော့မှ စကားဖြတ်လိုက်ရ၏။ ဆေးထိုးဆေးသောက်လုပ်ပြီးသောအခါ ဒေါ်သီတာတိုး လှဲအိပ်လိုက်သဖြင့် သီဟလည်း အလိုက်တသိ ပြန်လာခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သီဟလည်း အတော်စိတ်ညစ်နေသဖြင့် စားသောက်ဆိုင်တစ်ဆိုင်ဝင်ပြီး မွှန်းကြပ်နေသည့် ခံစားမှုများကို ဝီစကီဖြင့် အရည်ဖျော်ပစ်လိုက်သည်။

အိမ်ထောင်ကျပြီး ဘဝကို အားမာန်အပြည့်နှင့် ချီတက်ဖို့ ပြင်ဆင်ချိန်မှာ အဖုအထစ် ပြဿနာများက စိတ်တိုင်းမကျစရာများ ကြုံနေရသဖြင့် စိတ်ဓါတ်ကျသလို ဖြစ်နေ၏။ အိမ်ထောင်သက် သုံးလမပြည့်ခင်မှာပင် လောကဓံက သူ့ကို စာမေးပွဲစစ်နေပြီ။ အိမ်ထောင်ဦးစီးတစ်ယောက်အနေနှင့် ဖြေရှင်းနိုင်စွမ်းရှိရမည်ဟု သီဟကိုယ့်ကိုယ်ကို အားပေးလိုက်၏။ ထိုစဉ် ဖုန်းမြည်လာသဖြင့် နားထောင်လိုက်ရာ တွယ်တာ့ထံမှ ဖြစ်နေ၏။

"ပြော . . . တွယ်တာ"

"ကိုကို ဘယ်သွားပြီး ဘာလုပ်နေတာလဲ၊ ဒီမှာ တွယ်တာဖြင့် သေတော့မယ်"

ငိုသံစွက်လျက် အထိတ်တလန့် ထွက်ပေါ်လာသံကြောင့် ရီဝေဝေခံစားမှုများပင် ရုတ်ချည်းလွင့်စင်သွား၏။

"ဟင် . . . ဘာဖြစ်လို့လဲ"

"အကြွင်နာပေါ့၊ အမျိုးမျိုးခြောက်လှန့်နေတာ၊ တွယ်တာကြောက်တယ်၊ ကိုကို မြန်မြန်ပြန်လာခဲ့"

"ဟုတ်ပြီ တွယ်တာ၊ ကိုကို ခုချက်ချင်း ပြန်လာခဲ့မယ်၊ ဒါပဲနော်"





ကျသင့်ငွေရှင်းပြီး သီဟ ခပ်သွက်သွက် ပြန်လာခဲ့သည်။ တွယ်တာက ဝိညာဉ်ပဟေဠိတွေ အဆက်မပြတ်ပေးနေသလို၊ ဒေါ်သီတာတိုးကလည်း သူစကားပြောနိုင်ပြီဆိုတာ တွယ်တာမသိပါစေနဲ့ဟု နှုတ်ပိတ်လိုက်ပြန်၏။ အမေနှင့် သမီးကြား ဘယ်လိုအရှုပ်အထွေးတွေ ရှိနေမှန်းမသိ၍ နေမထိ၊ ထိုင်မသာ ဖြစ်နေမိသည်။ အိမ်သို့ပြန်လာရာ လမ်းတွင် မြို့ကလေး၏ သချိုင်းကိုဖြတ်လာရ၏။ ဒီသင်္ချိုင်းတွင် အကြွင်နာ့အုတ်ဂူရှိသည်ဟု တွယ်တာပြောဖူးသည်ကို အမှတ်ရသွား၏။ ကားပေါ်မှ လှမ်းမြင်ရသည့် သင်္ချိုင်းမြင်ကွင်းသည် လွမ်းချင့်စဖွယ် ဖြစ်နေ၏။

ဒီက မပြင်ခင် အကြွင်နာ့ဂူလေးကို တစ်ခေါက်လောက်သွားကြည့်ချင်သော ဆန္ဒဖြစ်မိသည်။ သူ့မိန်းမနှင့် ချွတ်စွပ်တူပြီး မျက်မှန်တပ်ထားရုံသာ ကွာသော အကြွင်နာသည် မိမိဇနီးနှင့်စပ်လျှင် အမျိုးအရင်းခေါက်ခေါက်တော်နေသည် မဟုတ်လား။ အတွေးတွေ ဟာရာဏသီချဲ့ရင်း မောင်းခဲ့ရာ ဆယ်မိနစ်လောက်နှင့် အိမ်ပြန်ရောက်လာခဲ့၏။ အိမ်ရှေ့ဆင်ဝင်အောက်မှာပဲ တွယ်တာ့ကိုတွေ့လိုက်ရ၏။ သူ ကားပေါ်မှ ကပျာကယာ ဆင်းလိုက်ပြီး . . .

"တွယ်တာ . . . အိမ်ပေါ်မှာ နားမနေဘဲ ဘာလို့အောက်ဆင်းနေရတာလဲ"

"အပေါ်မှာ ရှင့်မယား သောင်းကျန်းနေတယ်၊ နေလို့တောင်မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



နူတ်ကြမ်းကြမ်း၊ အပြောကြမ်းကြမ်းနှင့် တွယ်တာ့စကားကြောင့် သီဟစိတ်ထဲ မျက်ခနဲ ဖြစ်သွား၏။

"ဘာတွေပြောနေတာလဲ တွယ်တာ၊ ယဉ်ယဉ်ကျေးကျေးနဲ့ နားရှင်းအောင် ပြောစမ်းပါ"

သီဟက ခပ်ထန်ထန်ပြန်ပြောမှ တွယ်တာ အနည်းငယ်ငြိမ်သွားပြီး လေသံအနည်းငယ် ပျော့ပြောင်းစွာနှင့် . . .

"တွယ်တာတို့အားလုံး နေ့ခင်းဘက် တစ်ရေးအိပ်နေတုန်း အကြင်နာပေါ်လာပြီး တွယ်တာ့ကို ခြေနှစ်ချောင်းက ဆွဲချသွားတာ အောက်ထပ်ရောက်တဲ့အထိပဲ၊ တွယ်တာ့ကို တိရစ္ဆာန်လို ဆွဲချသွားတာ ကိုကိုရဲ့"

"ဟုတ်ရဲ့လား တွယ်တာရယ်၊ အဲဒါဆို တွယ်တာ့တစ်ကိုယ်လုံး ပွန်းပဲ့ထိခိုက်သွားမှာပေါ့၊ မှန်း . . . ဘာတွေများ ထိခိုက်သွားလဲ"

သီဟစကားကြောင့် တွယ်တာလည်း သူ့ကိုယ်သူ ငုံ့ကြည့်ပြီး မလုံမလဲ ဖြစ်သွား၏။ သို့သော် သူခံစားရတာက အစစ်အမှန်ဖြစ်ကြောင်း ဇွတ်မှိတ်ထပ်ပြောသည်။

"တွယ်တာ . . . တကယ်ခံခဲ့ရတာပါ ကိုကိုရယ်၊ ကိုကိုတောင် တွယ်တာ့ကို မယုံတော့ဘူးလား"

"မယုံတာတော့ မဟုတ်ပါဘူး တွယ်တာ၊ ဖြစ်နိုင်ချေနဲ့ ကင်းကွာနေသလားလို့ပါ"





"ဒါလည်း မယုံတဲ့သဘောပေါ့၊ မယုံရင် ကိုကို အပေါ်တက်ကြည့်ပါလား၊ အပေါ်မှာ ရှုပ်ပွနေတာပဲ၊ အကြင်နာ ဆွဲယူလွှင့်ပစ်ထားတာတွေ ပွလို့"

တွယ်တာ့စကားကြောင့် သီဟအိမ်ထဲဝင်ပြီး အခြေအနေကြည့်၏။ တွယ်တာပြောတာ ဟုတ်နေသည်။ အိမ်သုံးပစ္စည်းတွေ ဖရိုဖရဲနှင့် စာအုပ်များလည်း ပြန့်ကျဲနေသည်။ မိပုံ့နှင့် နပ်(စ)မလေးက ပြန့်ကျဲနေသော ပစ္စည်းများကို ကောက်သိမ်းနေကြ၏။

"မိပုံ့ . . . အိမ်မှာ ဘာဖြစ်တာလဲ"

"ရှင် . . . ဟို . . . ဟို . . . မမလေးတစ်ယောက်ထဲ သောင်းကျန်းနေတာလေ၊ ဘယ်သူ့လိုမှ ထိန်းမရဘူး၊ သူ ဘာတွေ မကျေမနပ်ဖြစ်နေလဲ မသိဘူး"

မဝံ့မရဲပြောပြနေသော မိပုံ့အမူအရာက ယခုတိုင် တွယ်တာ့အား ကြောက်ရွံ့နေပုံရ၏။ သီဟက သေချာအောင် ထပ်မေးပြန်၏။

"သူပြောတော့ လှေကားက တရွတ်တိုက်ဆွဲချခံရတာဆို"

"ရှင် . . . အဲတာတော့ မပြောတတ်ဘူး၊ လှေကားက ခြေထောက်နဲ့ မဆင်းဘဲ ပက်လက်လျှောတိုက်ဆင်းလာတာတော့ တွေ့တယ် အစ်ကိုလေး"

အဖြစ်အပျက်ကို ကြားသိရတော့ သီဟပိုပြီး စိတ်ရှုပ်သွားတော့သည်။ နာနာဘာဝဖြစ်နေသော အကြင်နာ့ကို တွယ်တာက



www.burmeseclassic.com

www.burmeseclassic.com



လွဲပြီး ကျန်တဲ့သူတွေ မမြင်ရတာလား။ ဒါမှမဟုတ် တွယ်တာ၏ စိတ်ခံစားမှုအခြေအနေ ပိုမိုဆိုးရွားလာတာလား။ ဖြစ်နိုင်တာက တော့ တွယ်တာ စိတ်ဝေဒနာ ခံစားနေရတာပဲ ဖြစ်ရမည်။ မဖြစ် တော့ တွယ်တာ့ကို လွှတ်ပေး၍ မဖြစ်တော့ချေ။ သီဟ အိမ်ရှေ့ သို့ ကပျာကယာဖြင့် ထွက်လာပြီး . . .

"လာ . . . တွယ်တာ၊ ကိုကိုနဲ့အတူ အခန်းထဲမှာ ပြန်နား ရအောင်"

"ဟင့်အင်း . . . တွယ်တာ ကြောက်တယ်၊ အိမ်ထဲ မဝင် ရဲဘူး"

"ကိုကိုတစ်ယောက်လုံး ပါနေပါတယ် တွယ်တာရယ်၊ မကြောက်ပါနဲ့ . . . လာ"

"ဟင့်အင်း . . ."

"လာပါ . . . ကိုကိုလည်း နားချင်ပြီ၊ ကိုကိုတစ်ယောက် လုံးရှိနေပြီပဲ၊ ဘာမှစိုးရိမ်မနေနဲ့တော့"

* * * *



သူနာပြုဆရာမလေးက နာရီကိုကြည့်ပြီး လူနာမှတ် တမ်းကိုယူကာ အပြင်သို့ ထွက်သွား၏။ ထိုအခိုက်မှာပဲ တွယ်တာ၏မျက်လုံးအစုံက သွေးဆာနေသော ဝံပုလွေကဲ့ သို့ စူးစူးရဲရဲ ဖြစ်သွားပြီး၊ တုန်ရီသော လက်အစုံက မီးခင် မျက်နှာဆီသို့ တရွေ့ရွေ့ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

သွားမည်ဟု ဂတိပေးပြီးမှ တွယ်တာက အကြောင်းအမျိုးမျိုးပြပြီး ပေကပ်၍ နေပြန်သဖြင့် သီဟတစ်ယောက်တည်း ထွက်လာခဲ့တော့သည်။ ဒီမြို့မှာ မြို့ဦးစေတီနှင့် မြသပိတ်စေတီနှစ်ဆူသာ ရှိ၏။

မြသပိတ်စေတီက တောင်ရိုးလေးပေါ်မှာရှိသဖြင့် ပို၍စိတ်ဝင်စားစရာကောင်းသော ခရီးစဉ်ဖြစ်နေသည်။ သို့နှင့် မြသပိတ်စေတီကို အရင်ဖူးမြော်ရန် ဦးတည်လိုက်၏။ ထိုသို့ မောင်းလာခဲ့ရင်းမှ ယောက္ခမဖြစ်သူ မနေ့က ပြောလာသည့် အရေးတကြီးကိစ္စတစ်ခုပြောစရာရှိတယ် ဟူသောစကားကို သတိရမိလိုက်သည်။

"အင်း . . . အမေပြောချင်တာကို အရင်သွားနားထောင်





ပြီးမှ စိတ်အေးလက်အေး ဘုရားဖူးတာပဲ ကောင်းပါတယ်လေ"

ထိုသို့ စဉ်းစားမိလိုက်သည်နှင့် ကားကို ဆေးရုံဘက်သို့ လမ်းကြောင်းပြောင်းလိုက်၏။ ယင်းသို့ တွေးမိလိုက်မှ သိချင်စိတ်တို့က ပိုမိုပြင်းပြလာခဲ့သည်မို့ ကားကို အရှိန်မြှင့်၍ စိတ်စောစွာ မောင်းနှင်လိုက်၏။

ဆေးရုံသို့ ရောက်ရောက်ချင်းပင် ယောက္ခမကြီးထံ အဆောတလျင် သွားရောက်တွေ့လိုက်၏။ ယောက္ခမကြီးက ကုတင်ပေါ် ခေါင်းအုံးကျောမှီ၍ ကော်ဖီသောက်နေရာမှ သီဟဝင်လာသည်ကို မြင်သောအခါ တစ်ချက်လှမ်းကြည့်လိုက်ပြီး . . .

"သြော် . . . သား စောစော့စီးစီးပါလား၊ ဘာမှစားမလာခဲ့ရသေးဘူးဆိုရင် ကော်ဖီနဲ့မုန့်တွေ ရှိတယ်"

"ပြီးခဲ့ပါပြီ အမေ၊ အမေ မနေ့က ပြောမယ်ဆိုတဲ့စကားကို နားထောင်ချင်လို့ပါ"

"အင်း . . . ဟုတ်တယ် သားရဲ့၊ အဲဒီကိစ္စ သားကို ပြောသင့်၊ မပြောသင့် အမေတစ်ညလုံးပဲ စဉ်းစားခဲ့ရတာ"

"ကျွန်တော် အရမ်းကြားချင်ပါတယ်"

"ဟို . . . ဟိုလေ . . . မပြောဘဲနေရင်လည်း အမေ့မှာ အသေတောင် ဖြောင့်မှာ မဟုတ်ဘူးလို့ တွေးမိတာနဲ့ သားကိုပြောမှ ဖြစ်တော့မယ်လို့ ဆုံးဖြတ်မိတာပါကွယ်"

ဒေါ်သီတာတိုး၏ အမူအရာနှင့် လေသံက နေအထား



www.burmeseclassic.com

www.burmeseclassic.com



အရ တော်ရုံအရေးကြီးသည့် ကိစ္စတစ်ရပ်မဟုတ်မှန်း သိလိုက်ရပြီး စိတ်မသက်မသာ ဖြစ်သွားရ၏။

"အမေသတိရလာတဲ့နေ့က တွယ်တာ အမေ့ကို ဘာပြောသွားလဲ . . . သိလား"

"ဟုတ်ကဲ့ . . . ပြောပါဦး အမေ"

"ဒီတစ်သက် အမေစကားပြန်မပြောဘဲ ဒီလိုပဲ နေသွားပါတဲ့"

"ဗျာ . . . သူက ဘာ . . . ဘာလို့ဒီလိုပြောရတာလဲ"

"အမေတို့ မိသားစုအကြောင်းတွေ သားမသိစေချင်လို့ပေါ့"

သီဟမှာ ၎င်းသိချင်နေသည့်ကိစ္စကို သိခွင့်ရတော့မည်မို့ စိတ်ဝင်စားခြင်းများစွာဖြင့် မျက်ဝန်းများက အရောင်တောက်ပသွားလေ၏။

"ဒါဆို ဘာအကြောင်းလဲဆိုတာ ပြောပါတော့ အမေ"

ပြောမည့်အကြောင်းအရာက မည်မျှထူးခြားကြီးမားရသည် မသိပေ။ ဒေါ်သီတာတိုးမှာ ပြောဖို့ကြိုးစားနေသည်ကပင် အချိန်အတော်လင့်သွား၏။ နောက်ဆုံးတွင် သက်ပြင်းတစ်ချက်ကိုရှိုက်လျက် လည်ချောင်းကို ရှင်းလိုက်ပြီး . . .

"အခု သားရဲ့ဇနီးဖြစ်နေတဲ့ တွယ်တာဟာ တွယ်တာ မဟုတ်ဘူး"





"ဗျာ . . . အမေ ဘယ် . . . ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ် သား၊ သူက အကြင်နာပဲ"

ကြားလိုက်ရသော စကားက သီဟရင်ထဲ၌ မိုင်းမြှုပ်၍ ခွဲလိုက်သည့်နှယ် အလွန်အမင်း အံ့အားသင့်ခြင်း၊ မယုံကြည်နိုင်ခြင်းတို့ဖြင့် ကြက်သေသေသွားရ၏။ ထို့နောက် ထပ်၍ကြားလိုက်ရသော စကားကြောင့် သီဟမှာ ဗုန်းဗုန်းလဲမတတ် ဖြစ်သွားရပြန်၏။

"ပြီးတော့ တွယ်တာလေး ဆုံးသွားတာက ခွဲစိပ်လို့ မဟုတ်ဘူး၊ အကြင်နာကြောင့်ပဲ၊ တွယ်တာဆုံးသွားပြီးမှ မဖြစ်မနေ ခွဲစိပ်လိုက်ရတာ"

သီဟသည် စကားတစ်ခွန်းတစ်ပါဒမျှပင် ပြန်မပြောနိုင်ဘဲ ဝမ်းနည်းကြေကွဲခြင်း၊ စက်ဆုတ်ရွံရှာခြင်း၊ ထိတ်လန့်ကြောက်ရွံ့ခြင်းတို့ဖြင့် အသိမဲ့နေသူလို ဖြစ်နေလေ၏။

"ဒီလိုဖြစ်ခဲ့ရတာတွေကလည်း သားပေးခဲ့တဲ့ ရည်းစားစာကြောင့် ညီအစ်မနှစ်ယောက် စိတ်ဝမ်းကွဲပြီး ရန်ဖြစ်ရာက စခဲ့တာပေါ့၊ တွယ်တာ့ကို အကြင်နာက ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ အမေတွေးမြင်မိတိုင်း အသည်းတုန်၊ အူတုန် ပူလောင်ခံစားရပါတယ် . . . သားရယ်"

သီဟသည် ယောက္ခမဖြစ်သူ၏စကားကြောင့် ရှင်း[illegible] လင်းလင်း သိလိုက်ရပြီး ပိုလို့ပင် ကြေကွဲသွားရလေ၏။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



စဉ် စိတ်ကစားစအရွယ်မှာပင် သူ့အပေါ် ညီအစ်မနှစ်ယောက်လုံး စိတ်ဝင်စားခဲ့ကြပုံများ၊ တွယ်တာထံမှ အဖြေတောင်းစဉ်ကလည်း အကြင်နာမှာ မကျေမနပ်ဖြစ်ပြီး ကြွက်ဖြူလေးကို သတ်ပစ်ခဲ့ပုံများအား ကွက်ကွက်ကွင်းကွင်း ပြန်မြင်ယောင်လာမိ၏။ ထို့ကြောင့် သီဟက ဒေါ်သီတာတိုးအား . . .

"အမေက အဲဒီအကြောင်းကို စေ့စေ့စပ်စပ်ကတည်းက အမှန်အတိုင်း ပြောခဲ့ရမှာ"

"ဩော် . . . ပြောချင်ပြီကော သားရယ်၊ အဲဒီလိုပြော လိုက်ရင် သမီးတစ်ယောက်သေပြီးတော့ နောက်သမီးတစ်ယောက် ကလည်း ထောင်ထဲရောက်သွားတော့မှာပေါ့၊ အမေ့ဘက်ကလည်း တွေးကြည့်ပါဦးကွယ်၊ အမေ . . . မပဋ္ဌာလိုအဖြစ်မျိုး ရင်မဆိုင် နိုင်လို့ပါ သားရယ်"

ဒေါ်သီတာတိုးပြောသလို သီဟလည်း ကိုယ်ချင်းစာမိပါ ၏။ စက္ကန့်ပိုင်းသာခြား၍ လူ့လောကထဲသို့ ဝင်ရောက်လာသည့် ရင်ချင်းဆက်အမွှာညီအစ်မနှစ်ယောက်၊ တစ်ယောက်နှင့်တစ် ယောက်မခွဲဘဲ အမြဲတတွဲတွဲနေတတ်သည့် ညီအစ်မနှစ်ယောက် အချစ်စိတ်ကြောင့် တစ်ယောက်က တစ်ယောက်ကို လူ့လောက ထဲမှ မောင်းထုတ်သည့်အဖြစ်အား မြင်တွေ့ရသည့် မိခင်တစ် ယောက်၏ရင်မှာ ထုယ်ထိုးထားသည့် မြေကြီးပမာ ရှိနေပေလိမ့် မည်။





ထို့ထက်ပိုဆိုးတာက သီဟ၏လက်ရှိဘဝပင် ဖြစ်၏။ သူ ချစ်မြတ်နိုးရသည့် အချစ်ဦးဖြစ်သူ တွယ်တာမှာ ကွယ်လွန်သွား တာ ကြာခဲ့ပြီဆို၍ ဖြစ်ပေ၏။

တွယ်တာအမှတ်နှင့် ချစ်ခင်စုံမက်စွာ ပေါင်းဖက်ခဲ့သူက တွယ်တာနှင့် ရုပ်ချင်းခွဲမရအောင်တူသည့် အမွှာညီအစ်မ အကြင် နာဆိုသူသာ ဖြစ်နေခဲ့သည်။ ပိုဆိုးသည်က သူချစ်သော တွယ်တာ့ ကို ဖယ်ရှားပစ်ခဲ့သူလည်း ဖြစ်နေ၏။ ဆိုရသော် သီဟဘဝက ဆုပ်လည်းစူး၊ စားလည်းရူးဆိုသလို ဖြစ်နေရပေပြီ။

"ဒီကိစ္စတွေ ပြောမှာစိုးလို့ သူက အမေ့ကို တစ်သက်လုံး စကားမပြောဘဲနေဖို့ လာတိုက်တွန်းနေတာပေါ့"

ဒေါ်သီတာတိုးစကားကို နားထောင်ပြီးနောက်တွင် သူမ စကားပြန်ပြောနိုင်ပြီဆိုတာကို အကြင်နာမသိစေလို၍ဖြစ်ကြောင်း သီဟနားလည်လိုက်၏။

ဒေါ်သီတာတိုးသည် ခုနစ်နှစ်ကျော် ရှစ်နှစ်နီးပါး မျိုသိပ် ထားခဲ့ရသော ဝန်ထုပ်ဝန်ပိုးကြီးကို ဖွင့်ထုတ်လိုက်ရသဖြင့် အတန် ငယ် ပေါ့ပါးသွားဟန်တူသည်။

ယခု ထိုဝန်ထုပ်ဝန်ပိုးကြီးက သီဟပခုံးပေါ် ရောက်လာ လေပြီ။ ထို့ကြောင့် သီဟက ၎င်းအသိချင်ဆုံးကိစ္စတစ်ခုအား မေး လိုက်မိ၏။

"အမေကိုကော တွယ်တာ့ဝိညာဉ်က ခြောက်လှန့်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲလား”

“အတိအကျတော့ မပြောနိုင်ဘူးသားရယ်၊ အမေ့မှာလည်း တွယ်တာမတရားခံခဲ့ရတာကို သိသိကြီးနဲ့ ဖုံးကွယ်ထားခဲ့မိလို့ နေ့စဉ်နဲ့အမျှ စိတ်ခြောက်ခြားပြီး နေခဲ့ရတာ မဟုတ်လား၊ အိပ်မက်လိုလို တကယ်လိုလိုပါပဲ၊ ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် အမေဖုံးကွယ်ခဲ့တဲ့အပြစ်ကြောင့် အမေခံရတာ ကျေနပ်ပါတယ်”

သီဟမှာ ဘာလုပ်ရမည်မသိ ဖြစ်သွားရတော့၏။ အတိတ်နောက်ကြောင်းကို ပြန်လှန်ကာ ဇနီးဖြစ်သူကို ထောင်ထဲပို့ရမည်လား။ သို့တည်းမဟုတ် သူမေတ္တာရှိသူမဟုတ်သည့် အကြင်နာကိုပဲ ဆက်လက်ပေါင်းသင်းသွားရမည်လား။ ထိုသို့တော့ ဖြစ်နိုင်မည်မထင်ပါ။

ကြမ်းတမ်းခက်ထန်ပြီး ရက်စက်တတ်သော နှလုံးသားပိုင်ရှင် အကြင်နာကို သူ့ဘေးတွင် ဆက်ထားဖို့ကို သူယုံကြည်မှုမရှိတော့ပေ။

“ဒီကိစ္စနဲ့ပတ်သက်ပြီး သားဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် အမေလက်ခံပါတယ်ကွယ်၊ သားနဲ့ အကြင်နာရဲ့ ရှေ့ရေးအတွက် သားဆုံးဖြတ်ချက်ဟာ သားဘဝပါပဲ၊ အမေ ဘာမှဝင်မစွက်ပါဘူး”

ဒေါ်သီတာတိုးမှာ သူ့စိတ်ထဲ နှစ်ကာလများစွာ မျိုသိပ်ထားသည့် ကိစ္စများကို ပြောဆိုပြီးသွားသည်မို့ အတော့်ကို နေသာထိုင်သာ ရှိသွားပုံရ၏။ သူမသည် သက်တောင့်သက်သာ အမူ





အရာဖြင့် လဲလျောင်းရင်း မျက်ဝန်းကို စုံမှိတ်ထားလေ၏။

သီဟမှာလည်း ချွတ်ခြုံကျစိတ်များနှင့် ဖုတ်ဝင်ပူးကပ်နေသည့် အလောင်းကောင်တစ်ကောင်လို ယောက္ခမကြီးအနီးမှ ခွေတိခွေယိုင် ခြေလှမ်းများဖြင့် ထွက်လာခဲ့လေ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

တွယ်တာသည် ကိုးကွယ်နေကျ ဘုန်းကြီးကျောင်းသို့သွား၍ သံဃာတော်ငါးပါးကို သွားရောက်ပင့်ဖိတ်လေ၏။ သံဃာတော်များအား နှစ်ရက်ခွာ၍ ပင့်ဖိတ်ခဲ့ပြီး ဆေးရုံသို့ ထွက်လာခဲ့၏။

ဆေးရုံတွင် သီဟရှိနေလိမ့်မည်။ အမေ စကားပြန်ပြောနိုင်မည့်အချိန်တွင် အမေနှင့်သီဟ နှစ်ယောက်တည်းရှိနေမှာကို သူမ မလိုလားပေ။ မိခင်ကြီး ခုထိစကားပြန်မပြောနိုင်သေးသည်ကိုပင် ကျေးဇူးတင်ရမလို ဖြစ်နေ၏။ ဆေးရုံဝင်းထဲသို့ သူမစီးလာသော ဆိုက္ကားဝင်လာသည့်အခါ သီဟကားကို မတွေ့ရပေ။ သို့ကြောင့် ဘုရားသွားဖူးနေတာပဲ ဖြစ်ရမည်ဟုတွေးကာ စိတ်အေးသွား၏။





တွယ်တာက ဆိုက္ကားပေါ်မှဆင်းကာ ဆေးရုံထဲ ဝင်ခဲ့၏။ မိခင်ဒေါ်သီတာတိုးရှိရာ အပေါ်ထပ်သို့အတက် လှေကားထောင့်ချိုးတွင် သူနာပြုဆရာမလေးနှင့် ဆုံလေ၏။

"ဟော . . . အစ်မပါလား၊ အန်တီစကားပြန်ပြောနိုင်ပြီဆိုလို့ ရောက်လာတာပေါ့ . . . ဟုတ်လား"

"ဟင် . . . ဘာ . . . ဘာပြောတယ်"

"အန်တီ စကားပြောလို့ရပြီလေ အစ်မရဲ့၊ ဝမ်းမသာဘူးလား"

"ဟုတ်လား . . . ဝမ်း . . . ဝမ်းသာတာပေါ့"

တွယ်တာမှာ သူနာပြုဆရာမလေးထံမှ ကြားလိုက်ရသောသတင်းကြောင့် မျက်နှာမပျက်အောင် အနိုင်နိုင်ထိန်းသိမ်းရင်းဟန်ဆောင်လိုက်ရ၏။

"ရောဂါနဲ့ဒဏ်ရာတွေကော သက်သာရဲ့လား"

"ဒဏ်ရာတွေကတော့ သက်သာပါတယ်၊ နှလုံးသွေးကြောကျဉ်းတာကတော့ မန္တလေးသွားကုရင် ပိုကောင်းမယ်ထင်တယ် . . . အစ်မ"

"ဪ . . . ဟုတ်ကဲ့၊ ကျေးဇူးပဲနော်"

သူနာပြုဆရာမလေးနှင့် စကားဖြတ်ပြီး ဒေါ်သီတာတိုးအခန်းသို့ မနိုင်တော့သည့် ဒူးများကို အနိုင်နိုင်ထိန်းကာ ခနော်နီခနော်နဲ့ လျှောက်လှမ်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီတာတိုးအခန်းသို့ရောက်သည်တွင် ချက်ချင်းမဝင်ရဲသေးဘဲ တံခါးဝမှ ချောင်းကြည့်ရင်း အမေပြောလာမည့် စကားများကို ဘယ်လိုတုန့်ပြန်ပြောလျှင် ကောင်းမလဲဟု တစ်ယောက်တည်းတွေးတောပြီး အမေးအဖြေလုပ်နေမိ၏။

ဘာပဲဖြစ်ဖြစ် လာမယ့်ဘေး ပြေးတွေ့ရန် ဆုံးဖြတ်ပြီး ရင်ကော့ကာ ဝင်သွားလိုက်သည်။ ထိုအချိန်တွင် ဒေါ်သီတာတိုးသည် ဂုဏ်တော်ပုတီးစိပ်နေလျက်ရှိရာ အခန်းဝကို ဖြတ်၍ဝင်လာသည့် သူမကို မြင်သည်နှင့် လက်ထဲမှ စိပ်ပုတီးက ဒေါက်ကနဲ ပြုတ်ကျသွား၏။

တွယ်တာက ထိုအဖြစ်ကို မသိကျိုးကျွံပြုရင်း ပြုံးလိုက်ပြီး . . .

"အမေရယ် . . . သမီးကိုမြင်တာ ဒီလောက်ပဲ လန့်သွားရလား"

မိခင်ဖြစ်သူ ဒေါ်သီတာတိုးက ကြိုးစား၍ ပြုံးလိုက်ရင်း ခေါင်းရမ်းပြလေ၏။

"အမေ . . . ထမင်းစားပြီးပြီလား၊ ကိုကိုကော လာသေးလား"

ထိုမေးခွန်းကိုလည်း ဒေါ်သီတာတိုး ခေါင်းညိတ်လိုက် ခေါင်းခါလိုက်ဖြင့် အဖြေပေးရှာ၏။ တွယ်တာက မချိမချဉ်လေး ပြုံးလိုက်ပြီး . . .





"အမူအရာတွေ လုပ်မနေပါနဲ့တော့ အမေရယ်၊ စကားနဲ့ပဲ ပြန်ဖြေပါ၊ အမေစကားပြောနိုင်နေပြီဆိုတာ သမီးသိပါတယ်"

ဟုပြောလိုက်ရာ ဒေါ်သီတာတိုးမှာ အံ့သြတကြီးဖြစ်သွားလျက် မျက်လုံးပြူး၊ မျက်ဆံပြူး ဖြစ်သွားတော့၏။ မိမိစကားပြန်လည်ပြောဆိုနိုင်ခြင်းအား မည်သူကများ သတင်းပေးလိုက်ပါလိမ့်ဟု တွေးနေဟန်ရှိ၏။ သမက်ဖြစ်သူ မောင်သီဟပြောတာတော့ မဖြစ်နိုင်ဟု စဉ်းစားရင်း တွေတွေဝေဝေ ဖြစ်နေလေ၏။

"သမီးကို ဘယ်သူပြောလဲ"

"သူနာပြုဆရာမလေး ပြောတာလေ"

ထိုမှ ဒေါ်သီတာတိုးမှာ အနည်းငယ် စိတ်သက်သာရာရသွား၏။ ယင်းသို့ ပြောလိုက်ပြီး တွယ်တာက အနားကပ်လာကာ ကုတင်ပေါ် တက်ထိုင်လိုက်၏။ ပြီးနောက် ဒေါ်သီတာတိုး၏မျက်နှာကို စေ့စေ့စပ်စပ် ကြည့်လိုက်ရင်း . . .

"အမေ . . . ကိုကို့ကို ဘာမှမပြောမိသေးပါဘူးနော်"

ဟုဆိုလိုက်၏။

ထိုအခါ ဒေါ်သီတာတိုး၏မျက်ဝန်းတို့က ဂဏှာမငြိမ်ဖြစ်နေသလို နှုတ်ခမ်းများသည်လည်း တဆတ်ဆတ် တုန်လာတော့၏။ အမေနှင့် သမီးဖြစ်၍ မည်သို့ပင် ဟန်ဆောင်ထိန်းချုပ်သော်လည်း တစ်ဦး၏ရင်ထဲကို တစ်ဦးက လှမ်းမြင်နိုင်စွမ်းရှိသည် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဒေါ်သီတာတိုး၏ အမူအရာကိုကြည့်ရင်း တွယ်တာမှာ ကယောင်ကတမ်းဖြစ်သွားကာ အထိတ်တလန့် လေသံဖြင့်-

“အ . . . အမေ . . . အမေ . . . ဟိုကိစ္စကို ဖွင့် . . . ဖွင့်ပြောလိုက်ပြီပေါ့ . . . ဟုတ်လား”

ဒေါ်သီတာတိုးမှာ ထိတ်ထိတ်လန့်လန့်ဖြင့် ပြူးတူးပြာတာ မေးလာသည့် တွယ်တာကို စေ့စေ့မကြည့်ဘဲ မျက်နှာလွှဲကာ တည်ငြိမ်အေးဆေးသော လေသံမျိုးဖြင့် ရှင်းပြလိုက်လေသည်။

“သမီး . . . အမေ ဒီကိစ္စအတွက် လိပ်ပြာမလုံဘဲ ခြောက်ခြောက်ခြားခြားနဲ့ တစ်ယောက်တည်း ကျိတ်မှိတ်ခံစားခဲ့ရတဲ့ နေ့ရက်တွေ သိပ်ကိုများနေခဲ့ပြီ . . . အကြင်နာ”

“ဟင် . . . အမေ . . . သမီးကို ဘယ်လိုခေါ်လိုက်တယ်၊ အမေနဲ့သမီးနဲ့ သဘောတူထားခဲ့တာက သမီးကို တွယ်တာအနေနဲ့ ပြောဆိုဆက်ဆံဖို့ပါ၊ အခု သမီးက တွယ်တာအဖြစ်နဲ့ ရပ်တည်နေခဲ့တာပါ”

“အမေ . . . အသေဖြောင့်ချင်တယ် သမီးရယ်”

“ဟာ . . . ဘယ်ဖြစ်မလဲ အမေရဲ့၊ အမေ အသေဖြောင့်ချင်တာနဲ့ပဲ သမီးက ဘဝအပျက်ခံရတော့မှာလား၊ ဟင် . . . အမေ သိပ်ရက်စက်တာပဲ”

“ဘယ်သူမပြု မိမိမှုဆိုသလို ဒါတွေက သမီးလုပ်ခဲ့တာပဲလေ”





“ဒါ . . . ဒါဆို အမေ . . . ကိုကို့ကို ဘာတွေပြောလိုက်တာလဲ”

“သမီးက တွယ်တာမဟုတ်တဲ့ အကြောင်းပေါ့”

“ရှင်! . . . ဟာ . . . သွား . . . သွားပါပြီ၊ ဒုက္ခတွေ ရောက်ကုန်တော့မှာပဲ၊ အမေ့စကားတစ်ခွန်းကြောင့် အခုတော့ သမီးဘဝ ရေစုန်မျောသွားပြီ၊ လုပ်ရက်လိုက်တာ အမေရယ်၊ သမီး ကိုကို့ကို ဘယ်လိုမျက်နှာချင်းဆိုင်ရတော့မှာလဲ”

အကြင်နာက သွေးပျက်စွာဖြင့် တသိမ့်သိမ့် ငိုချလိုက်သလို ဒေါ်သီတာတိုးမှာလည်း မျက်ရည်တို့ ရစ်ဖွဲ့ဝေသီကာ တစ်လှိမ့်လှိမ့်ကျဆင်းလာလေ၏။

ထို့နောက် အကြင်နာက . . .

“ကိုကိုက သမီးကိုချစ်တာ မဟုတ်ဘူး၊ တွယ်တာ့ကိုပဲ ချစ်တာ၊ ကိုကို့အချစ်ကိုရဖို့ သမီးဘယ်လောက်ခက်ခက်ခဲခဲ ကြိုးစားခဲ့ရသလဲဆိုတာ အမေမသိဘူးလား”

ဟု ဒေါသဖြင့် ပြောလေ၏။ ထိုအခါ မိခင်ဖြစ်သူ ဒေါ်သီတာတိုးက . . .

“အမေဟာ အပြစ်ရှိသူတစ်ယောက်လို စိတ်မလုံမလဲနဲ့ နေရတဲ့ အခြေအနေကို မခံစားနိုင်တော့ဘူး သမီး၊ လိပ်ပြာသန့်သန့်နဲ့ ဘဝကူးကောင်းချင်တယ်”

“ဩော် . . . အမေ ဘဝကူးကောင်းဖို့ သမီးရဲ့ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



စတေးပစ်ရသလား၊ ပြောပါဦး အမေရဲ့"

တွယ်တာက စိတ်တုန်လှုပ်ခြောက်ခြားစွာ၊ ဆောက်တည်ရာမရစွာဖြင့် ပြောလိုက်ပြီးနောက် မိခင်ဒေါ်သီတာတိုး၏ ခန္ဓာကိုယ်အား ဆွဲကိုင်လှုပ်ရမ်းဆောင့်ခါလိုက်တော့၏။

* * * *



## အခန်း (၁၉)

စိတ်နှင့်လူ ပြန်ကပ်ပြီး သတိဝင်လာသည်တွင် သီဟနိုင်သည် အကြင်နာဟု ကမ္ပည်းထိုးထားသည့် တွယ်တာ၏အုတ်ဂူရှေ့သို့ ရောက်ရှိနေသည်ကို သတိပြုလိုက်မိ၏။

မအကြင်နာ

အသက် (၁၅) နှစ်

၁၃-၆-၂၀၀၂ (သောကြာနေ့) တွင် ကွယ်လွန်သည်။

ထိုစာတန်းလေးကိုဖတ်ပြီး သီဟ၏မျက်ဝန်းတွင် မျက်ရည်တို့ဝေ့သီလာတော့၏။ ရှေ့သို့တိုးပင် တွယ်ကပ်စပြုကာ အရောင်လွင့်ပြယ်နေပြီဖြစ်သည့် အုတ်ဂူကို လက်ဖြင့် ပွတ်သပ်ကြည့်လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"တွယ်တာရယ်၊ တွယ်တာဆုံးခဲ့ပြီဆိုတာ ကိုယ်ဒီနေ့မှ သိခဲ့ရတာပါ၊ ရက်စက်ယုတ်မာလွန်းတဲ့ အကြင်နာရဲ့ ပိပိရိရိ လိမ်လည်လှည့်ဖျားမှုအောက်မှာ ကိုယ်စုန်းစုန်းမြုပ်ခဲ့ရတာပါ . . . တွယ်တာ"

သီဟက တွယ်တာ့ကို တိုင်တည်သလို ဆွေးဆွေးမြည့်မြည့် ပြောကြားနေ၏။ ဝန်းကျင်ကလည်း ကျေးငှက်တို့ ရံဖန်ရံခါ တွန်ကျူးသံမှလွဲပြီး တိတ်ဆိတ်လျက်ရှိသည်။ လေအသုတ်တွင် လှုပ်ခတ်သွားသော သစ်ရွက်မြည်သံက သီဟ၏အလွမ်းပြေတိုင်တည်စကားကို ဟာမိုနီလိုက်လာသကဲ့သို့ ရှိ၏။

"ဒီအဖြစ်ဆိုးတွေကို ကိုယ်လုံးဝမသိခဲ့ဘူး တွယ်တာ၊ ကိုယ်ဘယ်လို လက်ခံရမှန်းမသိအောင် ရင်ထဲမှာ ပူလောင်ခံစားရပါတယ်၊ 'ကိုယ်တကယ်ချစ်ခဲ့တာ တွယ်တာ့ကိုပါ၊ ခုတော့ စနစ်တကျ အကွက်ချပုံသွင်းထားတဲ့ မာယာမြှူးထဲမှာ ကိုယ်ဘယ်လို ခံနိုင်ရည်မျိုးနဲ့ ရပ်တည်ရမလဲ၊ ကိုယ့်ကို ပြောပါဦး တွယ်တာရယ်"

လေပြေသော့သော့ အသော့နှင့်၍ သစ်ရွက်တို့ လှုပ်ခတ်သွားသလို သီဟ၏ဆံပင်များ လွင့်ပါးသွားသည့်တိုင် စိတ်မအေး၊ ရင်မအေး ဖြစ်နေရှာ၏။

သူ့အတွေးထဲမှာတော့ သူဆယ့်ခြောက်နှစ်သားအရွယ် ဆုံစည်းခဲ့ရသည့် ရင်ချင်းဆက်အမြွှာညီအစ်မကို ပြန်မြင်ယောင်မိ၏။ ထိုအခိုက်တွင် သီဟ၏ခါးကြားမှ ဟန်းဖုန်းက မြည်လာ





လေ၏။ ဖုန်းကိုဖွင့်ကြည့်လိုက်သောအခါ သူမသိသည့် နံပါတ်မို့ ဇဝေဇဝါနှင့် နားထောင်လိုက်၏။

"သီဟနိုင်လား . . ."

"ဟုတ်ပါတယ်၊ အခု အမိန့်ရှိတာ ဘယ်သူပါလဲ"

"ဟာ . . . သီဟရာ၊ ကိုယ့်အသံကိုတောင် မမှတ်မိတော့ဘူးလား၊ ကိုယ် . . . ဒေါက်တာစောသိန်းပါ"

"ဪ . . . အစ်ကိုကြီး၊ ဘယ်က ဆက်နေတာလဲ၊ အသံက သိပ်မသဲကွဲလို့"

"ကိုယ် မန္တလေးရောက်နေပြီ၊ ပြောစရာလေး ရှိနေလို့"

"ဟုတ်ကဲ့ . . . ပြောပါ အစ်ကိုကြီး၊ ဘာထူးလဲ"

"မင်းအတွက်တော့ အရမ်းကို ထူးတယ်၊ ကိုယ်တို့ နယ်လှည့်ဆေးကုအဖွဲ့ ခရီးထွက်တော့ တွယ်တာတို့ညီအစ်မကို ခွဲစိပ်ပေးခဲ့တဲ့ ဆရာဝန်ကြီးလည်း ပါလာခဲ့တယ်"

"ဟုတ်ကဲ့ . . ."

"သူနဲ့ စကားစပ်မိလို့ တွယ်တာတို့ကို ခွဲစိပ်တုန်းက အကြောင်းတွေ သိခဲ့ရတယ်"

ဒေါက်တာစောသိန်း၏ သတင်းစကားပါးမှုကို သီဟ အတော်လေး စိတ်ဝင်စားသွား၏။

"ဗျာ . . . ဟုတ်လား၊ ပြော . . . ပြောပါဦးဗျာ၊ ဘာတွေ ထူးခြားနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပထမဆုံးအချက်က အမ္ဗြာထဲက တစ်ယောက်သေပြီးမှ ခွဲစိပ်ခဲ့တယ်ဆိုတာပဲ"

"ဟုတ်ကဲ့ . . ."

"ပြီးတော့ သေသူက တွယ်တာဖြစ်ပြီး၊ ကျန်ခဲ့တာက အကြင်နာလို့ အခိုင်အမာ ပြောနေတယ်"

"ဟုတ်ပါတယ် အစ်ကိုကြီး၊ ကျွန်တော်လည်း ခုလေးတင် သူ့အမေဆီက သိခဲ့ရပါတယ်၊ ဒါကြောင့် အခုကျွန်တော် တွယ်တာ့ရဲ့ အုတ်ဂူမှာလာပြီး တောင်းပန်နေတာပါ"

"ဟင် . . . ဒါဆို အကြင်နာက တွယ်တာအယောင် ဆောင်နေတာပေ့ါ၊ သူက ဘာလို့ဒီလိုလုပ်ရတာလဲ"

"အစ်ကိုကြီး . . အံ့ဩစရာလည်းကောင်းသလို ကြောက်စရာလည်း အကောင်းဆုံးသတင်းတစ်ခု ကျွန်တော်ပြောပြမယ်၊ အဲဒါက အကြင်နာ့ကြောင့် တွယ်တာသေခဲ့ရတာပဲလေ"

"ဘာ! . . ."

သီဟမှာ စိတ်သက်သာရာရလိုရငြား ဒေါက်တာစောသိန်း နှင့် အတော်ကြာကြာ ဖုန်းပြောနေမိ၏။ သူတို့နှစ်ဦးသည် မိမိတို့ သိသမျှ ဖလှယ်ပြီးသည်တွင် ဒေါက်တာစောသိန်းက . . .

"သိပ်ကို သေချာနေတာကတော့ မောင်ရင့် မိန်းမရူးနေတာပဲ၊ တွယ်တာ့ရဲ့အချစ်ကို လုယူအပိုင်သိမ်းခဲ့တဲ့နေ့၊ အတိအကျ ပြောရရင်တော့ မောင်ရင်တို့ မင်္ဂလာဆောင်တဲ့ နေ့ကစပြီး မလုံ





မလဲစိတ်၊ ကြောက်ရွံ့စိတ်၊ နောင်တစိတ်တွေ ဖိစီးပြီး လုံးဝလွတ် သွားတာ၊ ဒါကြောင့် တကယ်မရှိတဲ့ တွယ်တာရဲ့ဝိညာဉ် ပေါ်လာ ရတာပဲ၊ အမှန်ကတော့ သူ့မသိစိတ်က သူ့ကို ပြန်ခြောက်လှန့်နေ ခဲ့တာပဲ"

"ကျွန်တော် သဘောပေါက်ပါပြီ အစ်ကိုကြီး၊ ဒီတော့ ကျွန်တော် အခုဘာလုပ်ရကောင်းမလဲ"

"အဲဒါတွေကို မသိသလိုနေပြီး သူ့ကို ချော့မော့ဆက်ဆံ ပါ၊ နောက်တစ်ပတ်အကြာမှာ ငါတို့ ရန်ကုန်မှာ ဆုံကြမယ်၊ သူ့ကို ကြပ်ကြပ်မတ်မတ် ကုသဖို့တော့ လိုနေပြီ"

"ဟုတ်ကဲ့ အစ်ကိုကြီးအကြံပေးတဲ့အတိုင်း ကျွန်တော် ကြိုးစားနေထိုင်ပါ့မယ်"

သီဟသည် ဒေါက်တာစောသိန်းနှင့် ဖုန်းဖြင့်ဆွေးနွေး ချိန်းဆိုပြီးသည်တွင် သင်္ချိုင်းထဲမှထွက်ကာ အိမ်သို့ပြန်လာခဲ့လေ ၏။ သို့သော် သီဟသည် အကြင်နာနှင့် ရင်ဆိုင်ရန်အတွက်မူ တော်တော်သတ္တိမွေးနေရပေတော့မည်။

သီဟ၏ယောက္ခမကြီး ဒေါ်သီတာတိုးမှာလည်း ထိုအချိန် မှာပဲ မရှုနိုင်၊ မကယ်နိုင်အဖြစ်မျိုး ရင်ဆိုင်နေရ၏။

သူမသည် ရူးသွပ်နေပြီဟု ထင်ရလောက်အောင် [illegible] တမ်းစွာ ဆက်ဆံလာသည့် သမီးဖြစ်သူကြောင့် အကြီးအကျယ် ထိတ်လန့်ပြီး ရှော့(ခ်)ရကာ သတိလစ်သွားလေ၏။ ထိုအခါမှ



www.burmeseclassic.com

အကြင်နာတစ်ဖြစ်လဲ တွယ်တာမှာ သတိဝင်လာပြီး ဆရာဝန်၊ ဆရာမများကို ပြေးလွှားခေါ်ရတော့၏။

တွယ်တာသည် ဆေးရုံဝန်ထမ်းများ၊ ပညာရှင်များ ပြုစုကုသနေမှုကိုကြည့်ပြီး ဆောက်တည်ရာမရ ဖြစ်နေတော့၏။ သူမ သီဟာကို မည်သို့မည်ပုံ ရင်ဆိုင်ရမည်မှန်းလည်း မတွေးတတ်အောင် ဖြစ်ရပေ၏။ သူမနှင့်ပတ်သက်ပြီး မိခင်ပြောသမျှကို သိပြီးပြီဆိုလျှင်တော့ သူမကို ဘယ်လိုမှ ခွင့်လွှတ်နိုင်စရာ အကြောင်းရှိမည်မဟုတ်တာ အသေအချာပဲ ဖြစ်သည်။

သူမ သီဟာထံမှ အလိုရှိသည်က အကြင်နာအယုအယနှင့် အချစ်များသာ ဖြစ်၏။ ဒီအချိန်ကျမှ အမုန်းတွေ ရရှိမည်ဆိုလျှင် သူမသေသွားမည်ထင်၏။ ထိုသို့တော့ လုံးဝအဖြစ်မခံနိုင်ပေ။ သီဟာက မေးလာခဲ့လျှင်လည်း ပြောင်လိမ်၊ ဘူးကွယ်ငြင်းဆန်ပြီး မာယာများနှင့် ဆက်လက်ဖြားယောင်းထားမည်ဟု ဆုံးဖြတ်လိုက်၏။

သီဟာကို သူမကိုင်တွယ်နိုင်မည်ဟု ယုံကြည်သွားသောအခါ၌ နောက်ပြဿနာတစ်ခုကို ရှင်းပစ်ဖို့ ထပ်ပြီးအကြံထုတ်ရပြန်၏။

အဓိကပြဿနာမှာ သူ့အမေသာ ဖြစ်၏။ တွယ်တာ့ကို လုပ်ကြံစဉ်က မျက်မြင်သက်သေမှာ မိခင်ဒေါ်သီတာတိုးတစ်ယောက်တည်း ဖြစ်၏။ မိခင်ဖြစ်သူ စကားပြန်ပြောလာနိုင်တာကိုပဲ သူမက





မကျေမနပ် ဖြစ်နေမိ၏။ ဒီတစ်ခါ သတိပြန်ရလာလျှင်လည်း ပြန်ပြီးစကားမပြောနိုင်ပါစေနှင့်ဟု ကျိတ်၍ဆုတောင်းနေလေ၏။ ထိုစဉ် ဆရာဝန်များ ပြုစုကုသမှု ပြီးသွားလေ၏။

"အခြေအနေကတော့ အရေးပေါ်ပါပဲ၊ အတော်ဂရုစိုက်နိုင်မှ ဖြစ်မှာ၊ လူနာမှာ တပ်ထားတဲ့ ဒရစ်ပိုက်တွေနဲ့ အောက်ဆီဂျင်ပိုက်တွေသာ ပြုတ်သွားရင်၊ ဒါမှမဟုတ် အလုပ်မလုပ်တော့ရင် ဆရာ့ကို ချက်ချင်းလာခေါ်ပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မအမေကို သေချာဂရုစိုက်လိုက်ပါ့မယ်"

"ဆရာမကလည်း တစ်နာရီတစ်ခါ စစ်ဆေးပြီး ရီပို့လုပ်ပေးပါ"

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာဝန်ကြီးနှင့်အဖွဲ့ အခန်းထဲမှ ပြန်ထွက်သွားသောအခါ တွယ်တာနှင့် နပ်(စ်)တို့သာ ကျန်ခဲ့လေ၏။ နပ်(စ်)မလေးက အောက်ဆီဂျင်လွှတ်နှုန်းနှင့် ဒရစ်စီးဆင်းနှုန်းတို့ကို ကြည့်ရှုစာရင်းသွင်းမှတ်သားနေလေ၏။ တွယ်တာက သူ့အမေကိုကြည့်ရင်း အတွေးတွေက ဗလောင်ဆူလို့နေ၏။ သူ့ကို အနှောင့်အယှက်အပေးနိုင်ဆုံးသူက မိခင်ဖြစ်နေ၍ သူ့စိတ်တွေ လေးလံလို့နေ၏။

"အမေက သမီးကို မချစ်ဘူးနော်၊ အမေ့စိတ်ထဲမှာ တွယ်တာပဲ ရှိနေသလား၊ တွယ်တာကမှ အမေ့သမီးလား၊ ဘာလို့သမီး

www.burmeseclassic.com



အပေါ် ရက်စက်နိုင်ရတာလဲ၊ အမေ့ကို လုံးဝမကျေနပ်ဘူး”

စိတ်တွင်းမှနေ၍ မိခင်ကို အပြစ်တင်ရင်း အတွေးရိုင်းတို့ ဝင်လာ၏။ တွယ်တာ့ကို သူရှင်းပစ်ခဲ့တုန်းက တွယ်တာသည်လည်း အမေ့လိုပင် ဒရစ်သွင်းပြီး အောက်ဆီဂျင်ပေးထားရသည့် အခြေအနေပင် ဖြစ်သည်။ တွယ်တာ အံကိုတင်းတင်းကြိတ်လိုက်၏။

သူမ သီဟကို တွေ့ချင်လှပြီ ဖြစ်သည်။ သူမနှင့်ဆုံလျှင် သီဟဘာပြောမလဲဆိုတာ သိချင်လှပြီ။ သီဟ၏ နှုတ်ထွက်စကားကိုကြားရမှ ဘယ်လိုစည်းရုံးသိမ်းသွင်းရမည် ဆိုတာတွေးပြီး တစ်ဆင့်တက်နိုင်မည် ဖြစ်၏။ သီဟအချစ်ကိုသာ ဆက်လက်ပိုင်ဆိုင်ခွင့်ရမည်ဆိုလျှင် ဘာကိုမဆို စွန့်စားလိုက်ဖို့ သူမ,ဝန်မလေးတော့။

သူနာပြုဆရာမလေးက နာရီကိုကြည့်ပြီး လူနာမှတ်တမ်းကိုယူကာ အပြင်သို့ ထွက်သွား၏။ တွယ်တာက မိခင်ဖြစ်သူကို စိမ်းစိမ်းကားကား ကြည့်လိုက်လေ၏။ ပြီးနောက် တွယ်တာ၏ တုန်ရီသော လက်အစုံက အမေ့မျက်နှာဆီသို့ တရွေ့ရွေ့ . . .။

* * * *



## အခန်း (၂၀)

အိမ်သို့ သီဟပြန်ရောက်သည်တွင် မှောင်စပျိုးနေပြီဖြစ်၏။ မိပုံက အိမ်ပြန်ဖို့အတွက် အိမ်ရှေ့မှာ ထွက်စောင့်ရင်း သီဟကိုမြင်သည်နှင့် နှုတ်ဆက်ပြီး မမလေးဆေးရုံသွားသည်ဟု သတင်းပေးကာ သုတ်ခြေတင်ပြန်ပြေးတော့၏။

သီဟအိမ်ပေါ်တက်လာပြီး အခန်းထဲရောက်သည်နှင့် စိတ်ပျက်လက်ပျက်နှင့် ကုတင်ပေါ် လှဲအိပ်ချလိုက်သည်။ အမှန်ဆိုရသော် သူ့ဇနီးက တွယ်တာမဟုတ်ဘဲ အကြင်နာဖြစ်သည်ဟု သိလိုက်ရသည့်အချိန်မှစပြီး အကြင်နာကို သူကြောက်သွားလျက် အတူနေထိုင်ပြီး ဆက်လက်ပေါင်းသင်းရန်ပင် မပုံမရဲ ဖြစ်ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သီဟမှာ နေမထိ၊ ထိုင်မသာ ဖြစ်နေ၍ လှဲနေရာမှထပြီး အခန်းထဲတွင် လမ်းလျှောက်နေမိ၏။ ခေါက်တုန့်ခေါက်ပြန် လျှောက်နေရင်းက မှန်ကို အမှတ်မထင် ကြည့်မိလိုက်၏။ သူ့ရုပ်သွင်က နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများနှင့် ညှင်းသိုးသိုးဖြစ်နေ၏။

ယောက္ခမတော်စပ်သူ ဒေါ်သီတာတို့၏သတင်းကြားပြီး အလောသုံးဆယ် ထွက်လာခဲ့ရသဖြင့် သူ့တွင် မုတ်ဆိတ်ရိတ် ကိရိယာ ပါမလာခဲ့ပေ။ နှုတ်ခမ်းမွေးတွေကို ပွတ်သပ်ကြည့်ရင်း ရိတ်ပစ်ချင်စိတ်ပေါ်လာသဖြင့် မှန်တင်ခုံအံဆွဲထဲသို့ ရှိုလိုရှိုငြား ဖွင့်ရှာမိ၏။

သူရှာသည်က မုတ်ဆိတ်ရိတ်သည့် ဂျုတ်ဖြစ်ကာ တွေ့တာက မျက်မှန်ဖြစ်နေ၏။ ယင်းမျက်မှန်ကို သူကောင်းကောင်း မှတ်မိ၏။ အကြင်နာ၏ မျက်မှန်ပဲ ဖြစ်၏။ ထိုမျက်မှန်ကို ကောက်ယူကြည့်ရင်း ကြက်သီးတဖျန်းဖျန်း ထလာသဖြင့် ပြန်ချထားလိုက်၏။

ပြီးနောက် သားရေပင်နှင့် စည်းထားသော စက္ကူလိပ်တစ်လိပ်ကို တွေ့ရ၏။ စက္ကူလိပ်ကိုယူ၍ သားရေပင်ကို ဖြည်ကြည့်လိုက်သည်။

ငယ်စဉ်က သူဆွဲပေးခဲ့သော နှစ်ယောက်တွဲပုံလေးတွင် မျက်မှန်နှင့် အကြင်နာ၏ပုံကိုသာ တွေ့ရ၏။ တွယ်တာ့ပုံပါသည့် အပိုင်းကို ကတ်ကျေးဖြင့် တိတိရိရိ ကိုက်ဖြတ်ထားသည်ကို တွေ့





ရ၏။ သီဟမှာ ပုံကိုကြည့်ရင်း အကြင်နာ၏ရင်ထဲမှ အကျိတ်အခဲကို မှန်းဆမိလိုက်ပြီး ပို၍စိတ်မသက်မသာ ဖြစ်သွားရ၏။

စက္ကူလိပ်နှင့် မျက်မှန်ကို နေသားတကျ ပြန်ထားပြီးသည်တွင် သူ့စိတ်တွေက လေးလံပြီး ကြက်သီးတဖြန်းဖြန်း ထလာခဲ့၏။ ထိုစဉ် မှန်ထဲ၌ လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်ရ၍ ထိတ်ခနဲ ရင်တုန်လန့်ဖြန့်သွားကာ နောက်သို့ဖျတ်ခနဲ လှည့်ကြည့်မိသည်တွင် လေတိုး၍လွင့်နေသည့် ခန်းဆီးစ၏လှုပ်ရှားမှုကိုသာ တွေ့လိုက်ရ၏။

သူ့စိတ်တွေ တုန်လှုပ်ခြောက်ခြားနေပြီဟု သီဟသိလိုက်ရ၏။ သို့နှင့် အောက်ထပ်သို့ ဆင်းလာခဲ့ကာ ဧည့်ခန်းထဲတွင် ထိုင်နေလိုက်၏။ ထိုသို့ ထိုင်နေပြန်တော့လည်း နံရံထက်မှာ ချိတ်ထားသည့် တွယ်တာနှင့် အကြင်နာတို့၏ နှစ်ယောက်တွဲဓါတ်ပုံကြီးထဲမှ တွယ်တာက သူ့ကိုစောင့်ကြည့်နေသလို ခံစားရလေ၏။

ထိုစဉ်အခါက ဓါတ်ပုံထဲမှ ညီအစ်မနှစ်ယောက်စလုံး၏ မျက်နှာလေးများမှာ အပြစ်ကင်းစွာဖြင့် နုနယ်လှပနေကြ၏။ မာနတွေ၊ အာဃာတတွေ၊ မနာလိုမှုတွေ ကင်းစင်ပြီး ရှင်းသန့်ကြည်လင်သော ရုပ်ရည်ကလေးများကို ပိုင်ဆိုင်ခဲ့ကြလေ၏။ သီဟမှာ ယင်းဓါတ်ပုံလေးကိုကြည့်ရင်း ငယ်ဘဝပုံရိပ်များအား ပြန်လည်မြင်ယောင်လာမိ၏။

တွယ်တာအား ပန်းသီးပေးရင်း မိတ်ဆက်ခဲ့[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရင်း စကားတွေ ဖောင်ဖွဲ့ခဲ့ကြပုံ၊ အကြင်နာအိပ်ပျော်နေခိုက်တွင် ရည်းစားစကားပြောကာ စာပေးခဲ့ပုံများကို ပြန်လည်တွေးမိသည့်အခါ သီဟမှာ စိတ်ထဲ၌ ကြည်နူးပီတိဖြစ်လျက် ပြုံးယောင်သမ်းသွားတော့၏။

ထိုမှဆက်တွေးမိသည်တွင် ခက်ထန်သော၊ မနာလိုသော အကြင်နာနှင့် ကြွက်ဖြူကလေးကို သတ်ပစ်သည်အထိ ရက်စက်သည့် အကြင်နာ၏ပုံရိပ်များသာ လွှမ်းမိုးလာသဖြင့် အတွေးတွေကို ရပ်ပစ်လိုက်ရတော့သည်။ မခံမရပ်နိုင်အောင် စိတ်ညစ်ညူးလာသဖြင့် အိမ်တွင်အသင့်ရှိနေသည့် ယမကာပုလင်းကိုဖွင့်ကာ သောက်နေလိုက်တော့သည်။

အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး . . တဲ့။ ဖျက်ဖို့မလွယ်၊ ပြင်လို့မလွယ်တဲ့ ကိစ္စများကို ရှေးလူတို့ ဆိုရိုးထားခဲ့ကြ၏။ ယနေ့ခေတ်မှာ ကိုယ်မနှစ်သက်တော့သည့် ဆေးမင်ကြောင်အရုပ်များကို လေဆာသုံး၍ ဖျက်ပစ်လို့ ရနေပြီဖြစ်၏။

ထိုသို့နှယ် သူ့အိမ်ထောင်ရေးကိုလည်း ဖျက်ပစ်ရတော့မည်လား။ ထိုအတွေးက သီဟကို စိတ်ထောင်းကိုယ်ကြေ ဖြစ်စေ၏။

အကြင်နာဆိုတာမှန်း သိသိကြီးနှင့်တော့ အကြင်လင်မယားအဖြစ် မည်သို့ဆက်ပြီး ပေါင်းသင်းရပ့်မလဲ။ အချစ်ဆိုသည်မှာ အလွန်ဆန်းကြယ်သော အရာမှန်း သီဟတအံ့တသြ လက်ခံ





လိုက်ရ၏။

တွယ်တာနှင့် အကြင်နာတို့ အမြွှာညီအစ်မမှာ မျက်နှာပေါက်ကစ၍ ကိုယ်လုံးကိုယ်ပေါက်အဆုံး အလုံးစုံတူညီနေသော မိန်းကလေးနှစ်ယောက်ဖြစ်သော်လည်း အကြင်နာ့ကို ချစ်၍မရတာကတော့ အံ့သြစရာ ကိစ္စတစ်ရပ်ပဲ မဟုတ်ပါလား။

ပြီးတော့ အကြင်နာက အတိတ်တစ္ဆေခြောက်လှန့်မှုကို ခံစားနေရသည့် အချစ်ရူးတစ်ယောက် ဖြစ်လေ၏။ ဘယ်သူ့ကြောင့် အပြစ်တွေ ကျူးလွန်ပြီး အချစ်ကို ကိုးကွယ်ခဲ့ရသည်လဲ။ အရင်းစစ်တော့ အမြစ်မြေက . . . ဆိုသလို အားလုံးသူ့ကြောင့် ဖြစ်ရသည်ဟု တွေးမိ၏။ ဒီတော့လည်း အကြင်နာ့အပေါ် သနားပိုမိရပြန်သည်။

"ကိုကို . . ."

ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် သီဟမှာ ခေါင်းနပန်းကြီးသွားပြီး ဆံပင်မွေးတို့ပင် ထောင်ထသွားသည် ထင်မိ၏။ သူလှည့်ကြည့်လိုက်တော့ အကြင်နာ သို့တည်းမဟုတ် တွယ်တာကို တွေ့လိုက်ရ၏။

"ဟင် . . . တွယ် . . . တွယ်တာ မိုးချုပ်လိုက်တာကွာ၊ ဘယ်က ပြန်လာတာလဲ"

"ဆေး . . . ဆေးရုံကလေ . . ."

တွယ်တာ့အမူအရာက ကျိုးလန့်တကြားနှင့် ကမူးရှူးထိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၏။ သီဟာဘေးသို့ ကမန်းကတန်းဝင်လာပြီး ပူးကပ်ဝင်ထိုင်လိုက်၏။

သီဟမှာ တွန့်ခနဲ ဖြစ်သွားပြီး . . .

"အမေ . . . အမေ နေကောင်းရဲ့လား"

ဟုမေးလိုက်သော်လည်း လေသံက သိသာစွာ ကတုန်ကရီဖြစ်နေ၏။

"အဲဒါ ပြောမလို့ ကိုကိုရဲ့၊ အမေက လူနေကောင်းပေမယ့် စိတ်က သိပ်ဖနေမကောင်းသလိုပဲ၊ တွယ်တာ့ကိုတောင် အကြင်နာလို့ ဇွတ်ပြောနေတယ် သိလား၊ အဲဒီလိုပြောတော့ တွယ်တာ့မှာ ရယ်လည်းရယ်ချင်၊ စိတ်လည်းမကောင်း ဖြစ်မိတယ် ကိုကိုရယ်"

တွယ်တာ့အပြောကြောင့် သီဟအတော်လေး ဖြူသွား၏။ သူမက ကာဗာစတိုရီတစ်ခုကို ခိုင်ခိုင်ခန့်ခန့် ထပ်မံတည်ဆောက်ဖို့ ကြိုးစားနေလေပြီ။ အမူအရာနှင့် အပြောအဆိုက အံ့ဩစရာကောင်းလောက်အောင် တည်ငြိမ်လှ၏။

"အမေနဲ့ကိုကို ဘာတွေပြောဖြစ်ကြသေးလဲဟင်"

"ဘာရယ်မဟုတ်ပါဘူး၊ ဟိုရောက်ဒီရောက် စကားတွေပါ တွယ်တာရယ်"

သီဟ၏အဖြေကို တွယ်တာက မကျေနပ်သေးဟန်ဖြင့် ထပ်မေးပြန်၏။





"ဒါဆို တွယ်တာဟာ တွယ်တာမဟုတ်ဘူး၊ အကြင်နာက အယောင်ဆောင်ထားတာ ဘာညာနဲ့ အမေပြောခဲ့သေးလား"

လတ်တလော သိရှိထားသည်များကို မသိချင်ယောင်ဆောင်နေဖို့ စဉ်းစားထားသည့် သီဟမှာ ဘူးခံနေလို့ မရတော့ပြီမှန်း သဘောပေါက်လိုက်၏။

ယခုမူ တွယ်တာက ပေါ်ပေါ်ထင်ထင် ဖွင့်ပြောပြီး စစ်မျက်နှာဖွင့်လာခဲ့ပြီ မဟုတ်ပါလား။ သူမ ဘာတွေတွေးထားပြီး ဘာတွေပြောမလဲဆိုတာကို သိခွင့်ရအောင် အလိုက်သင့်ပြော၍ စကားချူရလေ၏။

"အင်း . . . ပြောတော့ ပြောတယ် တွယ်တာရဲ့၊ ကိုယ်လည်း အမေပြောတဲ့ စကားကြားတော့ အံ့ဩပြီး မယုံနိုင်အောင် ဖြစ်နေခဲ့တာ"

"အဲဒါကြောင့် ပြောတာပေါ့ ကိုကိုရဲ့၊ မေမေ့စိတ်တွေက ပုံမှန်မဟုတ်ပါဘူးဆိုတာ၊ ဟောဒီတစ်မြို့လုံး သိပြီးသားကိစ္စကို ဆန့်ကျင်ပြီး မေမေက ပုံပြင်အသစ်တွေ ဖန်တီးနေတာလေ"

အကြင်နာ၏ဦးနှောက်က ကလိန်စေ့ငြမ်းဆင်ရာတွင် အတော်ပြောင်မြောက်ကြောင်း သီဟ သဘောပေါက်သွားသည်။

"ဒါကို ဘယ်သူက ယုံမှာလဲ၊ အကြင်နာဆိုတာက ပါဝါမျက်မှန်အထူကြီးကို အမြဲတပ်ထားရတာလေ၊ အဲဒါကို ကိုကိုလည်း သိသားနဲ့၊ မေမေပြောတာတွေကို မယုံနဲ့နော် . . . ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို မယုံချင်ပါဘူး တွယ်တာရယ်"

"အမယ် . . . ဒါက ဘာစကားလဲ၊ မယုံချင်ပါဘူးလို့ မပြောရဘူးလေ၊ မယုံပါဘူး တွယ်တာရယ်လို့ တစ်ထစ်ချပြောရမှာ၊ ဒီကိစ္စအပေါ်မှာ ကိုကိုနဲ့ တွယ်တာ့ကြားမှာ နားလည်မှုလွဲလို့ မဖြစ်ဘူးနော်"

သူ့ကိုယ်သူ တွယ်တာဟု ခံယူထားသူ အကြင်နာက ချွဲချွဲပျစ်ပျစ်လေသံနှင့် မူမူနွဲ့နွဲ့လေး ပြောရုံသာမက သီဟကိုပါ ဖက်တွယ်ပွတ်သပ်ချော့မြူနေသေး၏။ ထိုယုယမှုကို သီဟမှာ ခံစားလို့ မရဘဲ သူ့ရင်ကို ဓါးနှင့်မွှန်းနေသလို ထင်နေမိ၏။

"တွယ်တာ ကိုကို့ကို သိပ်ချစ်တာပဲ၊ ဆယ့်ငါးနှစ်သမီး အရွယ်ကတည်းက ခုထိပဲ၊ အသက်တွေကြီးလို့ အဘွားကြီးဖြစ်တဲ့ အထိ သေတပန်၊ သက်တစ်ဆုံး ချစ်နေမှာ၊ ကိုကိုလည်း တွယ်တာ့ကို တစ်သက်လုံးချစ်သွားရမှာနော်"

"တွယ်တာဟာ တွယ်တာအစစ်ဆိုရင်တော့ ဘယ်မှာပစ်သွားရက်နိုင်မှာလဲကွယ်"

"ဟင် . . . ဘယ်လိုပြောလိုက်တာလဲ ကိုကိုရယ်၊ တွယ်တာက တွယ်တာပဲပေါ့၊ မေမေပြောတဲ့စကားတွေကို ကိုကိုနားယောင်နေပြီလားဟင်"

"အကြင်နာဖြစ်ဖြစ် တွယ်တာဖြစ်ဖြစ် အကြောင်းမဟုတ်ဘူး တွယ်တာ၊ အဓိကပြဿနာက အကြင်နာက တွယ်တာ့ကို





လောကကြီးထဲက မောင်းထုတ်ခဲ့တာဆို . . ."

"ဩော် . . . အမေက အကုန်လုံးဖွင့်ပြောခဲ့တာကိုး၊ စဉ်းစားပဲ ကြည့်စမ်းပါဦး ကိုကိုရယ်၊ အဲဒါဟာ ဖြစ်နိုင်ပါ့မလားလို့၊ တွယ်တာတို့ ညီအစ်မဟာ တစ်ခြားညီအစ်မတွေထက်ကို ပိုပြီးသိပ်ချစ်ကြတာလေ၊ စိတ်တွေဖောက်လွဲဖောက်ပြန်ဖြစ်နေတဲ့ မေမေ့စကားကိုယုံရင် ကိုကိုလည်း အရူးထောင်ရောက်သွားလိမ့်မယ် . . . သိလား"

"အမေက ဘာကိစ္စနဲ့ စိတ်ဖောက်ပြန်ရမှာလဲ"

"ဟာ . . . လှေကားပေါ်က ပြုတ်ကျပြီး ခေါင်းထိသွားတာလေ၊ ဒီလိုလူမျိုးမှ စိတ်မဖောက်ရင် ဘယ်သူဖောက်တော့မှာလဲ"

"အင်း . . . အမေစိတ်ဖောက်လို့ ပြောတာဆိုရင်တော့ တစ်မျိုးပေါ့၊ ဒါပေမယ့် ဒေါက်တာသန့်ဇင်ကတော့ စိတ်မဖောက်ဘူး . . . တွယ်တာ"

"ဘာ . . . ဘယ်သူ . . ."

"တွယ်တာနဲ့ အကြင်နာကို တစ်ယောက်စီဖြစ်အောင် ခွဲစိပ်ပေးခဲ့တဲ့ ခွဲစိပ်ဆရာဝန်ကြီးလေ"

"ဟင် . . . သူ . . . သူက ဘာပြောလို့လဲ"

ဒေါက်တာသန့်ဇင်ဆိုသည့် နာမည်ကို ကြားလိုက်တော့ တွယ်တာ့မျက်နှာမှာ ရုတ်ချည်းပင် သွေးဆုတ်ဖြူဖျော့သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကလည်း ထိန်းချုပ်မရလောက်အောင် တဆတ်ဆတ် တုန်ရီသွားလေ၏။

"ဒေါက်တာသန့်ဇင်က သေသွားတာက တွယ်တာ၊ ကျန်ခဲ့တဲ့သူက အကြင်နာလို့ တစ်ထစ်ချကို ပြောနေတာ"

"မဟုတ်ဘူး . . . မဟုတ်ဘူး၊ ကျွန်မက တွယ်တာအစစ်ပါ ကိုကိုရယ်၊ ဘေးပြောတာတွေယုံပြီး တွယ်တာ့ကို အပြစ်ဖို့ချင်နေတာလား"

"အမှန်အတိုင်းဝန်ခံရင် မင်းကိုခွင့်လွှတ်ဖို့ ကိုယ်စဉ်းစားပေးမယ်ကွာ"

ဒေါက်တာစောသိန်း အကြံပေးသလို မသိချင်ယောင်ဆောင်နေဖို့ မဖြစ်နိုင်တော့သည်မို့ သီဟက အပြတ်ဖြေရှင်းဖို့ စကားစလိုက်တော့၏။ သံသယနှင့် ဖက်တွယ်ရမည့်ဘဝမျိုး သူမလိုချင်တော့။ ဟန်ဆောင်ထိန်းချုပ်နေလျှက်ကပင် ထိုစကားများက အလိုအလျောက် ထွက်ကျသွား၏။

"ကျွန်မက ဝန်ခံရမယ်၊ ဘာကိုလဲ . . . သူတို့စွပ်စွဲသလို အကြင်နာမဟုတ်တဲ့ ကျွန်မက ဘာကိုဝန်ခံရမှာလဲ"

အယောင်ဆောင်သူက လွယ်လွယ်နှင့် အလျှော့ပေးမည့်ပုံ မတွေ့ရသဖြင့် ငြင်းမရသည့် သက်သေတစ်ခုပြနိုင်ဖို့ သီဟမှာ အသည်းအသန် စဉ်းစားရတော့၏။

ထိုအချိန်တွင် တွယ်တာသည်လည်း အလွန်စိတ်လှုပ်ရှား





စွာဖြင့် ထိုင်ရာမှထလျက် အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လျှောက်နေလေ၏။

သီဟမှာလည်း အကြံထွက်လိုထွက်ငြားဖြင့် ငုံ့ထားပြီးသား အရက်ခွက်ကို မျှင်း၍မော့နေလိုက်၏။ နံရံပေါ်ရှိ ဓါတ်ပုံထဲမှ တွယ်တာက သူ့အား မျက်စိမှိတ်ပြလိုက်သဖြင့် သီဟမှာ အမူးပြေသလိုဖြစ်သွားလျက် မျက်လုံးများကို ပွတ်သပ်၍ သေချာပြန်ကြည့်လိုက်၏။ သီဟပြန်ကြည့်တော့မှ တွယ်တာက ညာဘက်လက်နှင့် သူတို့ညီအစ်မနှစ်ယောက် ဆက်နေသည့်နေရာကို ညွှန်ပြ၏။

သီဟမှာ လန့်သွားသော်လည်း တွယ်တာပြောလိုသည့် အဓိပ္ပါယ်ကို သဘောပေါက်သွားပြီး ဉာဏ်အလင်းပွင့်သွားသလို ရှိသွား၏။ သူမတို့နှစ်ယောက် ဆက်နေစဉ်က တွယ်တာ့နံစောင်းနှင့် အကြင်နာ့နံစောင်းတို့ ဆက်နေခြင်းဖြစ်သည်ဆိုတာကို အမှတ်ရသွား၏။

ညာဖက်တွင် ရှိသူက အကြင်နာဖြစ်သည်မို့ သူ့တွင် ကျန်ရစ်သည့် ခွဲစိပ်ဒဏ်ရာမှာ ဘယ်ဘက်တွင်ဖြစ်သည်။

သီဟက တွယ်တာအမှတ်နှင့် ဇနီးအဖြစ် သုံးလခန့် ပေါင်းသင်းခဲ့ပြီးပြီမို့ သူ့တွင်ရှိနေသည့် ခွဲစိပ်ဒဏ်ရာအမာရွတ်က မည်သည့်ဖက်တွင် ရှိနေသည်ကို သိရှိပြီးဖြစ်၏။

သေချာသွားသည်က သူပေါင်းသင်းခဲ့သူမှာ အကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်သည်။ ဒါကို စောစောစီးစီးကတည်းက သူ့ဘာကြောင့် သတိမထားမိပါလိမ့်ဟု မိမိကိုယ်ကို ဒေါသဖြစ်မိသည်။ ဇနီးမောင်နှံတို့သဘာဝ မိန်းမဖြစ်သူ၏ ခန္ဓာအလှကို မြင်တွေ့ရချိန်တွင် တပ်မက်စိတ်တို့ လွှမ်းမိုးပြီး ခေတ္တခဏ အမှုမဲ့ကာ ကန်းသွားခဲ့တာဖြစ်မှန်း သူသိလိုက်လေပြီ။

"မင်းနဲ့ တွယ်တာတို့ မခွဲစိပ်ခင်က အကြင်နာဆိုတာ ညာဖက်မှာပဲ ရှိတာလေ"

"ဟုတ်တယ် . . . အဲဒါဘာဖြစ်လဲ"

အကြင်နာကလည်း ခပ်မာမာပင် ပြန်မေးလေ၏။ မျက်လုံးတွေက အကြံ့စဖူးထူးကဲစွာ နီရဲတောက်ပနေ၏။ သီဟကာ မသိကျိုးကျွံပြုလျက် ဟက်ကနဲ တစ်ချက်ရယ်လိုက်ပြီး . . .

"ဘာဖြစ်ရမှာလဲ၊ မင်းမှာရှိနေတဲ့ ဒဏ်ရာက ဘယ်ဖက်မှာလေ၊ ဒါဟာ မင်းက အကြင်နာဆိုတာ သက်သေပြနေတာပေါ့၊ ငြင်းဖို့ မကြိုးစားနဲ့တော့ အကြင်နာ"

ချည်ပြီး တုတ်ပြီး အပိုင်ပြောလိုက်သည်။ သီဟစကားကြောင့် အယောင်ဆောင်တွယ်တာမှာ ရုတ်တရက် ထင်မှတ်မထားသည်မို့ သွေးပျက်ထိတ်လန့်လျက် ဆက်တီပေါ်သို့ အရုပ်ကြိုးပြတ်ပစ်ကျသွားတော့၏။

* * * *

ကြယ်ပွင့်စာပေ

"ဘာလဲကိုကို ... လွှတ်ရာလွှတ်ကြောင်း ကြံစည်ပြီး ထွက်ပြေးမလို့လား၊ ပြေးစရာမလိုပါဘူး ကိုကိုရယ်၊ ကိုကိုသာ တွယ်တာ့စကားကို နားထောင်ရင် တွယ်တာနဲ့အတူတူ ဟိုးအဝေးကို သွားခွင့်ရမှာပါ၊ ကိုကိုက လိမ္မာပါတယ်ကွာနော်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အကြင်နာက သူ့ကို စိမ်းစိမ်းကြီးကြည့်လျက် မခန့်လေးစားအပြုံးဖြင့် ပြုံးလိုက်ရင်း . . .

"ကောင်းပြီလေ . . . ကျွန်မက အကြင်နာဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် ဖြစ်ခဲ့သမျှတွေအားလုံးဟာ ရှင့်ကိုချစ်မိလို့၊ ရှင့်ကိုပိုင်ဆိုင်ချင်လို့ ဖြစ်ခဲ့ရတာ၊ ဒါတောင် ကျွန်မကို အပြစ်တင်ချင်သေးလား၊ နည်းနည်းလောက်တောင် မေတ္တာမထားနိုင်ဘူးလား"

ကိုယ်တိုင်ဝန်ခံဖြောင့်ချက်ပေးနေပြီဆိုတော့လည်း သီဟဘာပြန်ပြောရမှန်း မသိသလို ဘာဆက်လုပ်ရမှန်းလည်း မသိတော့ပေ။ ရုပ်ရည်ချင်းအတူတူမို့ ခွင့်လွှတ်သည်းခံပြီး ဆက်လက်ပေါင်းသင်းနိုင်မည်လား။ ဒါမှမဟုတ် တစ်ခါတည်းပဲ ရှင်းလိုက်ရ





မည်လား။ တကယ်တမ်း တွေးကြည့်တော့ ဒီမိန်းကလေးကို သူတရားဝင်လက်ထပ်ကာ လူသိရှင်ကြား မင်္ဂလာဆောင်နှင်းပြီး ယူထားခြင်းဖြစ်၏။

ထို့ပြင် သူတာဝန်ယူစောင့်ရှောက်ရမည့် ဇနီးမယားတစ်ယောက်လည်း ဖြစ်သည်။ ထိုသို့ တွေးတောနေခိုက်မှာပဲ အကြင်နာက . . .

"ကိုကို . . . ကျွန်မက အကြင်နာဆိုရင် ကျွန်မကို မချစ်တော့ဘူးလား၊ ပြောပါဦး၊ အတိတ်က အပြစ်တွေကို ပြန်ဖော်ပြီး တရားစွဲဦးမလို့လား"

ဟု အမိကသော့ချက်မေးခွန်းကို မေးလိုက်၏။

ထိုအမေးကို သီဟက နှစ်ဦးသားညှိနှိုင်းအဖြေရှာလျှင် ပြေလည်သွားမည်ဟု ထင်မိ၏။ သူမ၏အမေးကို စာနာစိတ်ဖြင့် ဖြေဖို့ဟန်ပြင်နေခိုက်မှာပဲ ဖုန်းက မြည်လာလေ၏။ ဆေးရုံက ဖုန်းဆက်လာခြင်းဖြစ်၍ အလျင်စလိုပဲ နားထောင်လိုက်ရာ . . .

"ဟယ်လို . . ."

"ဆေးရုံက ဆက်နေတာပါ၊ ဒေါ်သီတာတိုး ခုလေးတင်ပဲ ဆုံးသွားပါပြီ"

"ဗျာ . . . ဟုတ် . . . ဟုတ်ရဲ့လားဗျာ၊ ဘယ်လိုကြောင့် ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားရတာပါပဲ"

ဟု သီဟက ဒရောသောပါး မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် မြန်ဆန်သွားစရာအကြောင်း မရှိပါဘူး၊ ဒါပေမယ့် တစ်ခုဆန်းတာက အောက်ဆီဂျင်ပိုက်တွေ၊ ဒရစ်သွင်းထားတာတွေ အကုန်ပြုတ်နေတယ်၊ နှလုံးကို ရှော့(ခ်)ရိုက်ပြီး နှိုးပေမယ့် ဘယ်လိုမှ မရတော့ပါဘူး"

ဟု ဆေးရုံမှ ဖုန်းဆက်အကြောင်းကြားလာသူက ပြန်ဖြေလေ၏။

"ဘာလို့ . . . အဲဒီလိုဖြစ်ရတာလဲ"

"အဲဒါတော့ ကျွန်တော်တို့လည်း မသိပါဘူး၊ သူနဲ့အတူ နောက်ဆုံးရှိနေခဲ့သူက သူ့သမီးအရင်းခေါက်ခေါက်ပါ၊ သူ့ကိုသာ မေးကြည့်လိုက်ပါတော့"

တစ်ဖက်မှ ဖုန်းချသွားသော်လည်း သီဟမှာ ဖုန်းကိုင်ထားရင်းဖြင့်ပင် ကြောင်တက်တက်နှင့် ရပ်နေမိ၏။ သီဟသိလိုက်တာကတော့ အကြင်နာမှာ သူမပြုခဲ့သမျှ အားလုံးပေါ်သွားပြီမို့ ရက်စက်မှုအပေါင်း သရဖူဆောင်း . . . ဆိုသလို လုပ်ခဲ့ပြီဆိုခြင်းပင်။ သီဟက အကြင်နာ့ကို ရွံရှာစွာ ကြောက်လန့်တကြား ကြည့်လိုက်ပြီး . . .

"ဘယ်က ဆက်တာလဲ ကိုကို . . . ဘာတဲ့လဲ"

"အမေဆုံးပြီတဲ့ အကြင်နာ၊ မင်းအမေ ဆုံးသွားပြီတဲ့"

"ဘာ . . . အမေဆုံးပြီ ဟုတ်လား၊ ဟို . . . ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ ကျွန်မပြန်လာတာဖြင့် ဘာကြာသေးလို့လဲ"





သီဟ၏ဒေါသတို့က ချုပ်တည်းမရတော့ပေ။

"သိပ်ပြီး ဟန်ဆောင်ကောင်းမနေနဲ့တော့ အကြင်နာ၊ မင်းအမေလည်း တွယ်တာတုန်းကလိုပဲ အောက်ဆီဂျင်ပိုက်နဲ့ ဒရစ်ပိုက်တွေပြုတ်ပြီး မသေသင့်ဘဲ သေသွားရတာတဲ့"

"အဲဒါ ကျွန်မနဲ့ ဘာဆိုင်လဲ"

"ဒါလည်း မင်းလက်ချက်ပဲလေ၊ အမေ့ကို မင်းသတ်ပစ်လိုက်တာ မဟုတ်လား၊ မင်းအကြောင်းတွေ ဖေါ်ကောင်လုပ်လိုက်လို့ နှုတ်ပိတ်ပစ်လိုက်တာပေါ့ . . . ဟုတ်လား"

"ရှင် . . . မတရားမစွပ်စွဲနဲ့၊ ကျွန်မအမေကို ကျွန်မက သတ်ရလောက်အောင် ကျွန်မ,မမိုက်မဲဘူး"

"မင်း . . . ငြင်းမနေနဲ့တော့ အကြင်နာ၊ ဒီကိစ္စဟာ မင်းလက်ချက်ဆိုတာ ငါအသေအချာသိတယ်၊ ငါ မင်းကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်တော့ဘူး၊ မင်းကို ငဲ့ညှာနေရင်း ငါဟာ တစ်သက်လုံး အဆိပ်လုံးမြိုထားရသလို ခံစားရမှာ သေချာတယ်"

သီဟမှာ ဒေါသကို ဖြေလွှတ်ပေးလိုက်ပုံမျိုးဖြင့် မခံမရပ်နိုင်စွာ အော်ဟစ်ပြောလိုက်လေ၏။ ပြီးနောက် ဆေးရုံသို့ လိုက်သွားမည်ဟု စိတ်ပိုင်းဖြတ်ကာ အကြင်နာရှေ့မှ လှည့်ထွက်ဖို့ ဟန်ပြင်လိုက်စဉ်မှာပဲ . . .

"ကိုကို . . ."

လှည့်ထွက်ဖို့ ဟန်ပြင်ပြီးမှ ရွံ့ရှာမုန်းတီးသည့် အကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သူမကို ကြည့်လိုက်၏။

"ကိုကို . . . တွယ်တာ့ကို မသနားတော့ဘူးလားဟင်၊ တကယ်ပဲ အဲဒီလိုလုပ်မှ ဖြစ်မှာလား၊ တွယ်တာ့ကို သနားငဲ့ညှာပါဦး ကိုကိုရယ်"

ထိုစကားကြောင့် သီဟသည် တစ်ကိုယ်လုံး ယိမ်းထိုးလှုပ်ခါလျက် အားပါးတရ ရယ်လိုက်ပြီး . . .

"သနားရမယ် . . . ဟုတ်လား၊ ဩော် . . . အတော်လည်း တရားကျပါလား၊ ငါသနားရမှာ မင်းကိုမဟုတ်ဘူး၊ မင်းကြောင့် သေဆုံးသွားကြတဲ့ တွယ်တာနဲ့ မင်းအုံမေပဲ"

ခပ်ပြတ်ပြတ်ပြောပြီး သီဟလှည့်ထွက်လာခဲ့၏။ ခြေလှမ်းသုံးလှမ်းမပြည့်မီ . . .

"ကိုကို ရပ်လိုက်စမ်း၊ ဆက်မသွားနဲ့"

သီဟ တုန့်ခနဲ ရပ်သွားသည်။ သို့သော် နောက်သို့လှည့်မကြည့်တော့။ ခိုင်မာသော ဆုံးဖြတ်ချက်နှင့် အိမ်ပြင်သို့ ဦးတည်လိုက်၏။ ထိုခဏမှာပင် သီဟနောက်စေ့တွင် ပြင်းစွာသော နာကျင်မှုကို ခံစားလိုက်ရပြီး မှောက်ရက်လဲကျသွားတော့၏။ အကြြင်နာက လက်ထဲမှ ကြေးအမြောက်ဆံပန်းအိုးကြီးကို ပစ်ချပြီး သီဟအား ပြေးကာပွေ့ထူ၏။ ဒဏ်ရာကို အရေးပေါ်ဆေးသိပ်ပြီး မေ့မြောနေသည့် သီဟအား မနိုင်မနင်း တရွတ်တိုက်ဆွဲခေါ်လာ၏။

ထို့နောက် နောက်မှီကုလားထိုင်တစ်လုံးပေါ် ဆွဲတင်ကာ





ထိုင်နေသလိုမျိုးဖြစ်အောင် ပြုပြင်ပေးလိုက်သည်။ အကြင်နာ၏ မျက်ဝန်းများမှာ ပြူးကျယ်ပြီး ချာလပတ်ရမ်းကာ ဂဏာမငြိမ်သလို ရှိနေ၏။ လှုပ်ရှားမှုဟန်ပန်ကလည်း ကိုယ့်စိတ်ကို ထိန်းသိမ်းခြင်းကင်းနေပုံမျိုး ဖြစ်သည်။ အကြင်နာသည် အသိတရား လုံးဝလွတ်ထွက်သွားလေပြီ။

ဒရောသောပါး အမူအရာနှင့် နောက်ဖေးခန်းသို့ ပြေးဝင်သွားပြီး ပြန်ထွက်လာသောအခါ လက်ထဲတွင် ကြိုးတစ်ခွေပါလာ၏။ အကြင်နာက မီးဝင်းဝင်းတောက် မျက်လုံးများနှင့်ကြည့်ပြီး-

"ဒီလိုအခြေအနေတွေ ဖြစ်လာအောင် ကိုကိုလုပ်ခဲ့တာနော်၊ အကြင်နာ့ကို အပြစ်မတင်နဲ့၊ အကြင်နာ ကိုကို့ကို တအားချစ်တယ်၊ ကိုကိုနဲ့ ခွဲမနေနိုင်ဘူး၊ ကိုကိုအဝေးကို ထွက်သွားရင် အကြင်နာသေသွားလိမ့်မယ်၊ ဒါကြောင့် ခုလိုလုပ်ရတာပါ၊ အကြင်နာကို ခွင့်လွှတ်ပါ ကိုကိုရယ်"

တစ်ယောက်ထဲက တတွတ်တွတ်ပြောရင်း အကြင်နာက သီဟအား ကုလားထိုင်နှင့်တွဲကာ ကြိုးတုပ်နေလေ၏။ ရေချိုးလွန်သောက်သုံးခဲ့သည့် ယမကာအရှိန်နှင့် ဦးခေါင်းကို ပြင်းထန်စွာ ရိုက်ခံလိုက်ရသည့် နာကျင်မှုကြောင့် သီဟမှာ အတော်နှင့် သတိရမည့်ပုံ မရှိပေ။

"ကိုကို . . . မဆိုးရဘူးနော်၊ ဆိုးရင်တော့ အကြင်နာ့ကို အဲ . . . တွယ်တာ့ကို အပြစ်မတင်နဲ့၊ ကိုကိုနဲ့တွယ်တာ နှစ်ယောက်



www.burmeseclassic.com

ထဲ ဟိုးအဝေးကို ထွက်ပြေးကြမယ်လေ၊ အဲဒီနေရာမှာ အမေလည်း မရှိ၊ တွယ်တာလည်း မရှိ၊ ရဲတွေလည်း မရှိဘူး ကိုကိုရဲ့၊ အဟင်း . . . သိပ်ပျော်စရာကောင်းမှာပဲ . . . သိလား"

သီဟလက်များ တဖြည်းဖြည်း လျှော့လာ၏။ ထိုစဉ် လွန်စွာစူးရှသည့် ဖုန်းသံမြည်လာ၏။ ဖုန်းသံကြောင့် သီဟသတိရလာသည်။ သို့သော် အကြင်နာက ပို၍မြန်၏။ သီဟခါးကြားမှဖုန်းကို လျင်မြန်စွာ နှိုက်ယူလိုက်ပြီး . . .

"ဟဲလို . . . ဒေါ်သီတာတိုး အိမ်ကလား"

"ဟုတ်ပါတယ် . . ."

"အိမ်က ဘယ်သူမှ ရောက်မလာကြလို့ ထပ်ပြီးဖုန်းဆက်တာပေါ့၊ ဒေါ်သီတာတိုး ဆုံးသွားပါပြီ"

အကြင်နာက ဘာမှပြန်မပြောဘဲ ဖုန်းပိတ်၍ ဘက်ထရီပါဖြုတ်ပြီး ဆက်တီပေါ်သို့ ပစ်တင်လိုက်၏။ ထိုအချိန်တွင် သီဟကောင်းစွာ သတိရလာပြီး သူ့အခြေအနေကို မယုံကြည်နိုင်စွာ ငုံ့ကြည့်နေ၏။ ကြိုးများနှင့် တုပ်နှောင်ထားမှုက ခိုင်မြဲလှသဖြင့် ဘယ်လိုမှ လှုပ်၍မရ။ အကြင်နာ့ကို အကဲခတ်ကြည့်တော့ ပုံမှန်အနေအထား မဟုတ်တော့သည်ကို သတိပြုမိ၍ အတော်တုန်လှုပ်သွား၏။

"အကြင်နာ . . . နင်ဘာတွေလုပ်နေတာလဲ၊ ငရဲကြီးမှာ မကြောက်ဘူးလား"





"ငရဲ . . . ဟုတ်လား၊ ဟင်း . . . ဟင်း . . . ငရဲဆိုတာဒယ်အိုးလေ၊ ဒယ်အိုးဆို မီးဖိုချောင်မှာ ရှိမှာပေါ့ . . . ဟား . . . ဟား . . . ဟား . . . ဟား"

စကားပြောပုံကိုက မူမမှန်တော့သဖြင့် သီဟ သူ့အသက်ဘေးအတွက် စိုးရိမ်ပြီး လွတ်လမ်းကို ရှာကြံရတော့သည်။ သီဟကို မျက်ခြေမပြတ်ကြည့်နေသော အကြင်နာက ဒါကိုတော့ ရိပ်မိပုံရ၏။

"ဘာလဲ ကိုကို၊ လွတ်ရာလွတ်ကြောင်း ကြံစည်ပြီး ထွက်ပြေးမလို့လား၊ ပြေးစရာမလိုပါဘူး ကိုကိုရယ်၊ ကိုကိုသာ တွယ်တာ့စကားကို နားထောင်ရင် တွယ်တာနဲ့အတူတူ ဟိုးအဝေးကို သွားခွင့်ရမှာပါ၊ ကိုကိုက လိမ္မာပါတယ်ကွာနော်"

"မင်း ဘာဖြစ်ချင်တာလဲ"

"ရှင်းပါတယ် ကိုကိုရာ၊ ဖြစ်ခဲ့သမျှတွေကို မေ့ပစ်ပြီး ဒီကထွက်သွားကြမှာပေါ့၊ ရန်ကုန်ကိုလည်း မပြန်တော့ဘူးလေ . . . မကောင်းဘူးလား"

"မင်းအမေ . . . မင်းကြောင့် သေပြီကွ၊ ငါတို့ အခု ဆေးရုံကို သွားရမှာ၊ နာရေးကိစ္စတွေ လုပ်ရမှာ၊ ဒါလေးတောင် မင်းမတွေးတတ်ဘူးလား"

"သိပ်တွေးတတ်တာပေါ့ ကိုကိုရာ၊ ဆေးရုံကိုသွားရင် တွယ်တာလုပ်ခဲ့သမျှ အကုန်ပေါ်ပြီး တွယ်တာအဖမ်းခံရမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဟင်းဟင်း . . . တွယ်တာ ဒီလောက်မတုံးသေးပါဘူး”

“ဘာ . . . တွယ်တာလဲ၊ တွယ်တာဆိုတဲ့ နာမည်က မင်းနဲ့ ထိုက်တန်လို့လား၊ မင်းဟာ အကြင်နာတရား လုံးဝမရှိတဲ့ အကြင်နာဆိုတဲ့ မိန်းမဆိုးတစ်ယောက်ပဲ”

“အဲလိုမပြောပါနဲ့ ကိုကိုရယ်၊ ဒါတွေ လုပ်မိတာ ကိုကို့ကို ချစ်လွန်းလို့ပါ”

“မချစ်နဲ့ . . . ငါ့ကိုချစ်စရာ မလိုသလို မင်းကိုလည်း ငါ လုံးဝမချစ်ဘူး၊ မင်းက ငါ့အချစ်နဲ့ ထိုက်တန်တဲ့မိန်းမ မဟုတ်ဘူး”

“ရက်စက်လိုက်တာ၊ ပြောရက်လိုက်တာ ကိုကိုရယ်၊ ကိုကို့ရဲ့ ဆုံးဖြတ်ချက်ကို ပြင်လိုက်ပါ၊ တွယ်တာ ကိုကို့ကို မရက်စက်ပါရစေနဲ့”

“မဖြစ်နိုင်ဘူး အကြင်နာ၊ မင်းလို ရက်စက်ယုတ်မာတဲ့ မိန်းမမျိုးနဲ့ ငါတစ်စက္ကန့်တောင် အတူမနေချင်တော့ဘူး”

“ဘာပြောတယ် . . . ”

“မင်းလို မိန်းမယုတ်နဲ့ အတူမနေနိုင်ဘူးလို့”

“တောက်! ကောင်းပြီလေ၊ ရှင်က ဒီလိုဆိုမှတော့ ကျွန်မတို့ အတူတူထွက်သွားကြတာပေါ့၊ ဒီအိမ်ထဲကတော့ မဟုတ်ဘူး၊ လောကကြီးထဲက . . . ”

အကြင်နာက ပြောပြောဆိုဆို အိမ်ပြင်သို့ ထွက်သွား၏။ သူဘာလုပ်မည်မှန်း စဉ်းစားမရသော်လည်း အခြေအနေ မကောင်း





တာကို သိနေသဖြင့် သီဟလွတ်မြောက်ဖို့ ကြိုးစား၏။ အားစိုက် ရုန်းကန်ကြည့်သော်လည်း ကြိုးက နည်းနည်းလေးမှ လျော့မသွား၊ ကြံရာမရဖြစ်ပြီး ကြောက်စိတ်၏စေ့ဆော်မှုနှင့် အားကုန်သုံးပြီး လူနှင့်ခုံပါ မြောက်တက်သွားအောင် ကြိုးစားသည်။ နှစ်ခါသုံးခါ ခုန်အပြီးတွင် အရှိန်မထိန်းနိုင်ဘဲ ခုံကောလူပါ ပြုတ်ကျသွား၏။ အခြေအနေက ပိုဆိုးသွားသည်။ မျက်နှာနှင့် ပြုတ်ကျသဖြင့် အသည်းခိုက်အောင် နာကျင်သွား၏။

ထိုအချိန်တွင် အကြင်နာက ဓါတ်ဆီပုံးကြီးဆွဲပြီး ပြန်ဝင်လာသည်။ သီဟအဖြစ်ကိုကြည့်ပြီး ဟားတိုက်ရယ်လျက် . . .

“ဟား . . . ဟား . . . ဟား . . . ဘာလို့ထွက်ပြေးဖို့ ကြိုးစားနေတာလဲ၊ ရှင့်ဆန္ဒကို ကျွန်မက ဖြည့်ဆည်းပေးမှာပါ . . ဟား . . . ဟား . . . ဟား”

အကြင်နာက ဆက်တိုက်ရယ်မောရင်း အဖုံးဖွင့်ကာ ဓါတ်ဆီကို အိမ်အနှံ့လိုက်ဖြန်းနေ၏။ ဓါတ်ဆီနံ့က ထောင်းထောင်း ထလာသည်။ သီဟလဲနေရာတစ်ဝိုက်သို့ ဓါတ်ဆီစီးကြောင်းလေး တစ်ခု တရွေ့ရွေ့ စီးဆင်းလာနေ၏။ အကြင်နာက အရယ်အမော မဖျက်၊ တစ်အိမ်လုံးနှံ့အောင် ဓါတ်ဆီဖြန်းနေသည်။ သီဟလည်း မသက်မသာ အနေအထားမှလွတ်အောင် နည်းမျိုးစုံနှင့် ကြိုးပမ်း ရ၏။

“ကဲ . . . ကျွန်မတော့ အဆင်သင့်ပဲ၊ ရှင်လည်း အတူတူ



www.burmeseclassic.com

လိုက်ခဲ့ပေါ့၊ အမေနဲ့တွယ်တာ စောင့်နေကြပြီ . . . ဟား . . . ဟား . . . ဟား"

အကြင်နာ့လက်ထဲမှ ဂတ်(စ်)မီးခြစ်လေး မီးတောက်လာ၏။ သီဟစိတ်ဓါတ်တွေ ပျက်ပြားစပြုလာပြီ။ ဒီအခြေအနေဆိုးမှ လွတ်မြောက်မည်မထင်တော့။ အကြင်နာက ဓါတ်ဆီစီးကြောင်းဆီသို့ မီးတောက်နှင့် တို့လိုက်သည်။ ဝုန်းခနဲ အသံနှင့်အတူ မီးတောက်ကြီးထတောက်ပြီး ဖြန်းထားသော ဓါတ်ဆီလမ်းကြောင်းအတိုင်း တဝုန်းဝုန်းတောက်လောင်ကာ ရွေ့လျားသွား၏။ အကြင်နာက မီးတောက်ကြီးပြေးလွှားသွားနေပုံကို စောင့်ကြည့်ရင်း ဟားတိုက်ရယ်မောနေ၏။

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား"

မီးက တဖြည်းဖြည်းနှင့် အရှိန်ကောင်းလာ၏။ တစ်အိမ်လုံးကို မီးစွဲလောင်စပြုလာခဲ့ပြီ။ ရှေးသစ်သားအိမ်ကြီးဖြစ်၍ မီးကူးစက်လောင်ကျွမ်းမှုက မြန်ဆန်လွန်းလှ၏။ ကျွန်းလှေကားကြီးမှ တစ်ဆင့် အိမ်ပေါ်ထပ်သို့ပင် မီးကူးသွားခဲ့ပြီ။ လှေကားဆံတစ်ချို့နှင့် လက်တန်းအချို့ပင် မီးစွဲပြီး ပြုတ်ကျလာသည်။ သီဟအထိတ်တလန့်နှင့် အသက်ဘေးမှလွတ်အောင် လဲကျနေသည့် အနေအထားမှပင် အသည်းအသန် ရုန်းကန်ကြိုးစားနေရ၏။

အကြင်နာကတော့ အသိစိတ်ရှိပုံမပေါ်တော့။ လုံးဝစိတ်လွတ်ပြီး ရူးသွပ်သွားသည့်ပုံစံနှင့် ဟားတိုက်ရယ်မောလျက်ပင်





ရှိသည်။ မီးက သီဟနားသို့ တဖြည်းဖြည်း ရောက်ရှိလာ၏။ သီဟအပေါ်က်ဝသို့ဦးတည်ကာ တရွေ့ရွေ့ ဦးတည်လှုပ်ရှားနေရှာသည်။ ဒီအိမ်ကြီးမီးလောင်နေတာကို အရပ်က အမြန်ဆုံးသိပါစေဟုသာ ဆုတောင်းနေရတော့သည်။ ထိုအခိုက် ပြုတ်ကျလာသော လှေကားလက်ရန်းတစ်ခုနှင့် ရိုက်မိပြီး အကြင်နာလဲကျသွားသည်။ ကံဆိုးစွာပင် ထိုလက်ရန်းက အကြင်နာ့အပေါ် ပိနေသေး၏။ အကြင်နာတစ်ယောက် လောကငရဲသို့ ချက်ချင်းကျရောက်သွားသည်။ ကိုယ့်အသက်ဘေးလွတ်အောင်ပင် မကြိုးစားနိုင်သော သီဟ၊ ထိုအဖြစ်ကို ရင်နာစွာနှင့်သာ ကြည့်နေရတော့သည်။ ထိုအခိုက် သီဟနားထဲ လူသံများကြားလိုက်ရသလို ထင်မိ၏။ အကြင်နာ့အဖြစ်ကလည်း မြင်ရက်စရာမရှိ အရူးမီးဝိုင်းဆိုသော စကား၏သရုပ်သကန်ကို မျက်ဝါးထင်ထင် သိမြင်နေရ၏။

သီဟမှာလည်း ပြင်းပြသော မီးအရှိန်နှင့် ဇောချွေးပြံလျက်ရှိပြီး မလူးသာ၊ မလွန့်သာသည့် အနေအထားတွင် စိတ်ဓါတ်ကျစွာနှင့် သေဖို့သာ အသင့်ပြင်ထားလိုက်တော့၏။ ထိုအခိုက် ဆူညံအော်ဟစ်သံများနှင့် အပြေးအလွှား ခြေသံများကို ကြားလိုက်ရပြီး သီဟတစ်ကိုယ်လုံး မြောက်တက်သွားကာ အိမ်ပြင်သို့ သယ်ဆောင်သွားခြင်းကို ခံလိုက်ရသည်။ ဦးဦးဖျားဖျား ပြောဖြစ်သည့်စကားက-

"အထဲမှာ အမျိုးသမီးတစ်ယောက် ကျန်သေးတယ်"

"ဟာ . . . ဝင်လို့မဖြစ်တော့ဘူး၊ မီးက အရှိန်သိပ်ပြင်း

www.burmeseclassic.com



နေပြီ"

"ဒုက္ခပါပဲဗျာ၊ ကျွန်တော့်မိန်းမကို ကယ်ပေးကြပါ"

ထိုစဉ် ဥဩဆွဲသံများနှင့်အတူ မီးသတ်ကားနှစ်စီးရောက်လာ၏။ မီးသတ်ရဲဘော်များက ပိုက်များပြင်ဆင်နေကြပြီ။ ကြယ်နှစ်ပွင့်နှင့် ရဲအရာရှိတစ်ယောက်က သီဟကို ကြိုးဖြေပေးရင်း . .

"ခင်ဗျားကို ဘယ်သူက ဒီလိုချည်နှောင်ထားတာလဲ"

"ကျွန်တော့်မိန်းမပါပဲဗျာ"

"ဒါဆို ဆုံးသွားတဲ့ ဒေါ်သီတာတိုးရဲ့ သမီးဆိုတာပေါ့"

"ဟုတ်ပါတယ် . . ."

"အေးဗျာ . . . ကျွန်တော်တို့ သူ့ကိုဖမ်းဖို့ လာခဲ့တာ"

"ဗျာ . . ."

"ဆေးရုံက သူနာပြုဆရာမတစ်ယောက်က တိုင်ချက်ဖွင့်တယ်လေ၊ အောက်ဆီဂျင်ပိုက်နဲ့ ဒရစ်ပိုက်တွေ ဖြုတ်သွားတာ သူ့သမီးလို့ သူနာပြုဆရာမက တထစ်ချပြောပြီး တိုင်ချက်ဖွင့်တာ"

"ဟုတ်ပါတယ် . . . ဒါပေမယ့် ဖမ်းစရာ မလိုတော့ပါဘူး၊ သူ့အပြစ်သူ ခံနေရပါပြီ"

ထိုသို့ပြောနေစဉ် အိမ်ကြီးအတွင်းမှ တစ်ကိုယ်လုံး မီးလောင်နေသော လူတစ်ယောက်ပြေးထွက်လာ၏။ မီးသတ်တပ်ဖွဲ့က ပိုက်များနှင့် ဝိုင်းထိုးကာ မီးငြိမ်းသတ်ပေးကြသည်။ မီးများငြိမ်းသွားတော့ ထိုလူ ဝုန်းခနဲ ပစ်လဲကျသွားသည်။





"အကြင်နာ . . ."

သီဟ အသံကုန်အော်ဟစ်ပြီး မီးသတ်များ၊ ရဲများနှင့်အတူ ပြေးသွားလိုက်၏။ အကြင်နာ့အဖြစ်က မြင်မကောင်း၊ ရှုမကောင်း။ တာဝန်ရှိသူများ စမ်းသပ်စစ်ဆေးမှုအရ အကြင်နာ အသက်မရှိတော့။ ခန္ဓာကိုယ်က အငွေ့တလူလူ ထွက်နေသေးသဖြင့် ကိုင်တွယ်လို့ပင် မရလောက်အောင် ရှိသည်။ ရုပ်ပျက်နေပြီဖြစ်သော အကြင်နာမှာ အကြင်နာနှင့် မတူသလို တွယ်တာနှင့်လည်း မတူတော့ပါ။

"ဖြစ်မှ ဖြစ်ရလေ အကြင်နာရယ်"

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (နိဂုံး)

ကောင်းကင်ကြီးက ကမ္ဘာဦးအစကလိုပင် ကြည်လင်စွာ ပြာလဲ့လျက်ရှိနေ၏။ ကျီးနှင့်ဗျိုင်းတို့ အုပ်ဖွဲ့ပျံသန်းလာပုံက ကြည့်လို့ပင် ကောင်းသေးတော့။ ဘုတ်ငှက်တို့ အီသံကို ပြတ်တောင်း ပြတ်တောင်း ကြားနေရသည်။ ဤမျှသာယာကြည်နူးဖွယ်ကောင်းသော လောကကြီးအတွင်း နေထိုင်ခွင့်ရသော လူတစ်ယောက် အနေနှင့် ပျော်ရွှင်ချမ်းမြေ့နေဖို့ ကောင်း၏။

သို့သော် သီဟ မပျော်နိုင်ပါ။ တစ်ရက်တည်းမှာပင် ယောက္ခမနှင့် ဇနီးဆုံးပါးသွားရသည့်အတွက် သူမပျော်နိုင်တာကို အားလုံးက စာနာနားလည်နိုင်ကြမည်ဟု သူယုံကြည်နေ၏။ အခုတော့ အားလုံးပြီးဆုံးသွားခဲ့ပါပြီ။ မနာလိုမှုများ၊ အာဃာတများ၊





အမုန်းတရားများနှင့် နှောင်ဖွဲ့ခဲ့ကြသော တွယ်တာနှင့် အကြင်နာ အမြွှာညီအစ်မနှစ်ယောက်၏ ဇာတ်လမ်းသည်လည်း နိဂုံးတံသွားခဲ့ပြီ။

မူလရှိနှင့်ပြီးသော တွယ်တာ၏ ဂူဟောင်းလေးဘေးတွင် ဂူအသစ်နှစ်လုံး ထပ်တိုးနေလေ၏။ ထိုဂူများမှာ ဒေါ်သီတာတိုးနှင့် အကြင်နာတို့ လဲလျောင်းနားခိုရာ ဗိမာန်များဖြစ်သည်။ သပြေပင်ကြီး အုပ်မိုးပေးထားသဖြင့် ဂူသုံးလုံးစလုံး နေပြောက်ပင် မခ။ တကယ့်ကို လွမ်းမောစရာ မြင်ကွင်းလေးပင် ဖြစ်သည်။

သီဟ ဂူသုံးလုံးကိုငေးရင်း ရင်ထဲဆို့တက်လာသဖြင့် မျက်ဝန်းတွင် မျက်ရည်ကြည်တို့ သီဝေ့လာ၏။ ဩော် . . . အခုတော့ သူ့ကိုချစ်ခင်တွယ်တာခဲ့ကြသော ညီအစ်မနှစ်ယောက်လုံး လောကကြီးထဲမှ ထွက်ခွာသွားခဲ့ကြပြီ။ ရင်မှာ ထင်သာမြင်သာ ဖြစ်နေမည့် ဒဏ်ရာဒဏ်ချက်များနှင့် သီဟတစ်ယောက်သာ အဖော်မဲ့စွာ ကျန်ခဲ့တော့သည်။ သီဟ စိတ်ကို တင်းလိုက်ရင်း . . .

"တွယ်တာနဲ့ အကြင်နာတို့ရေ . . . ကိုသီဟ နှုတ်ဆက်ပါတယ်၊ ကိုယ့်ကို သွားခွင့်ပြုပါနော်၊ တစ်နှစ်တစ်ခါလောက်တော့ အလွမ်းပြေ အရောက်လာခဲ့ပါ့မယ်၊ တွယ်တာတို့ကြားက အမုန်းတရားနဲ့ မနာလိုခြင်းတွေကို ဒီဘဝမှာပဲ ထားခဲ့ပြီး အဆုံးသတ်နိုင်ကြပါစေလို့ ကိုယ်ဆန္ဒပြုခဲ့ပါတယ်ကွာ"

သီဟက ညီအစ်မနှစ်ယောက်ကို နှုတ်ဆက်ပြီး ယောက္ခမ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်ငြား မိခင်နှင့်မခြား သံယောဇဉ်ဖြစ်ရပြီး ကံကြမ္မာဆိုးနှင့် ရင်ဆိုင်ခဲ့ရသည့် ဒေါ်သီတာတိုးကို ရည်စူးကန်တော့လိုက်သည်။ ထို့နောက် ချာခနဲလှည့်၍ ကျောခိုင်းကာ တရွေ့ရွေ့ ထွက်ခွာလာခဲ့၏။ သချိုင်းမြေက လုံးဝငြိမ်သက်တိတ်ဆိတ်နေသည်။ တိတ်ဆိတ်မှာပေ့ါ။ လူသေဆိုတာ စကားမှမပြောကြတော့တာ။ စကားမပြောရုံမျှမက လူ့ဘဝမှာ ရှင်သန်စဉ်က ပြိုင်ဆိုင်ခဲ့ကြသည့် လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနများပါ ချုပ်ငြိမ်းကုန်ဆုံးရာနေရာဖြစ်သည်။ ရုပ်နှင့်နာမ်ကွဲ၍ ခန္ဓာစဲသွားရုံနှင့် နောင်သံသရာသို့မပါဘဲ အလုံးစုံချုပ်ငြိမ်းရာသာဖြစ်လျှင် ကောင်းလေစွဟု ဆုတောင်းနေမိတော့သည်လေ။

နေလည်းညို၍ တိမ်လည်း ငိုပြီ။ သူလည်း မြုလဲကျမတတ်ဖြစ်နေခဲ့လေပြီ။

စာဖတ်ပရိသတ်များ၏ မေတ္တာကိုခံယူလျက် . . .

ကိုတ္တိမ

(တိက္ကမ၏ကလောင်ခွဲ)




ဆရာတိက္ကမ၏ ရေးသားထုတ်ဝေပြီးသော
စာအုပ်စာရင်း

၁။ ကန္တရအကျဉ်းစံ
၂။ ဒေါက်တာထင်အောင်ကျော်နှင့် အသူရာသတ်ကွင်း
၃။ မနုရက္ခကျိန်စာ
၄။ ဂမုန်းနက်ကေရီ
၅။ ကျိန်စာသင့်လူ
၆။ ကန္တရဒေဝီနှင့် စောရသခင်
၇။ မရဏစံအိမ်
၈။ စိတ္တဇဝိညာဉ် (*)
၉။ လူစွန့်စားမိုးမြေနှင့် မရဏကျိန်စာ
၁၀။ မရဏသတ်ကွင်း (*)
၁၁။ မစ္ဆရိယနိဂုံး
၁၂။ ကန္တရအကျဉ်းစံ (၃)
၁၃။ ကျိန်စာသင့်ဝိညာဉ် (*)
၁၄။ ဝက်န္တမာယာ
၁၅။ အဗ္ဗူတနှလုံးသား (*)
၁၆။ မိစ္ဆာမြေမှ ရက္ခရာဇာ (*)
၁၇။ ရက္ခဝိညာဉ်မာယာရှင်
၁၈။ ဝိညာဉ်ရိုက်သံ (*)
၁၉။ ဝက်ပါမြိုင်မြို့ဟောင်းက ဝိညာဉ်ခေါ်သံ (*)
၂၀။ ပရော်ဖက်ဆာမိုးမှောင်နှင့် သေကိန်းဆိုက်တဲ့နေ့
၂၁။ ဝံပုလွေမိုးမှောင်နှင့် မရဏတစ္ဆေ
၂၂။ သမုဒ္ဒယကျိန်စာ
၂၃။ တစ်ကောင်ကျားလှိုင်ဘွားနှင့် အတ္တဝက်နှ (*)
၂၄။ အတ္တလှောင်အိမ် (*)
၂၅။ ဂျစ်ပဆီမိုးမှောင်နှင့် သတ်လို့မသေမောင်မိုးဆွေ (*)
၂၆။ ကံကြမ္မာရန်ငြိုး (*)
ယခု
၂၇။ ကံကြမ္မာနတ်ဆိုး (*)

မှတ်ချက်။ ။ (*) အမှတ်အသားပြထားသော ဝတ္ထုများမှာ 'ကိုတ္တိမ' ကလောင်ခွဲအမည်ဖြင့် ရေးသားသောဝတ္ထုများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com




ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်

# ကိတ္တိမ

ကံကြမ္မာနတ်ဆိုး

www.burmeseclassic.com